# ကြေးမုံ

The Mirror Daily

Established in 1957

၁၃၈၁ ခုနှစ်၊ တပေါင်းလကွယ်၊ တနင်္လာနေ့။ Monday, 23 March 2020 ၉၉၆၃


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

# COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့်လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃၈/၂၀၂၀)ကျင်းပ

## ယခုအခါ COVID-19 ရောဂါသည် ကမ္ဘာ့နိုင်ငံပေါင်း ၁၈၅ နိုင်ငံသို့ ကူးစက်ပြန့်ပွားနေ၊ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ အလွန်များပြားသဖြင့် ၎င်းတို့၏ သက်ဆိုင်ရာနေအိမ်များတွင် အသွားအလာကန့်သတ်ခြင်း ဆောင်ရွက်ရမည်

နေပြည်တော် မတ် ၂၂

COVID–19 ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့်လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃၈/၂၀၂၀)ကို ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

**ပြည်သူများအနေဖြင့် COVID-19 ရောဂါ၏ မိမိတို့နိုင်ငံအပေါ်ရိုက်ခတ်နိုင်သော အခြေအနေ အတိမ်အနက်ကိုသိရှိကာ ပေါ့လျော့ခြင်းလုံးဝမရှိဘဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ ထုတ်ပြန်ထားသည့်အချက်များကို စနစ်တကျလိုက်နာကျင့်သုံးခြင်းတို့ကို ဆောင်ရွက်**



COVID–19 ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့်လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃၈/၂၀၂၀) ကျင်းပစဉ်။

## ကြေးမုံ ယနေ့ဖတ်စရာ


- COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း — စာမျက်နှာ » ၄
- အလုပ်လက်မဲ့ဖြစ်သွားသည့် အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှု သက်တမ်း တစ်နှစ်တိုးမြှင့်ရန် အမိန့်ထုတ်ပြန် — စာမျက်နှာ » ၈
- ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်ရေးစကားဝိုင်း ကျင်းပ — စာမျက်နှာ » ၁၀
- ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူလူနာသစ် ၁၈၈ ဦး ထပ်မံတွေ့ရှိ — စာမျက်နှာ » ၁၃


## မြန်မာ - အိန္ဒိယ ဖြတ်သန်းသွားလာမှုကို ကန့်သတ်ချက်များဖြင့် ပြန်လည်ခွင့်ပြုကာ တင်းကျပ်စွာ စစ်ဆေးလျက်ရှိ

ရိခေါဒါရ် မတ် ၂၂

ကမ္ဘာတစ်လွှားတွင်ဖြစ်ပေါ်နေသည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါ(COVID–19) ဖြစ်ပွားမှု ကြိုတင်ကာကွယ်ရေးဆိုင်ရာ စောင့်ကြည့်စစ်ဆေးမှုနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ဘက်မှ ချင်းပြည်နယ် ရိခေါဒါရ်မြို့ရှိ မြန်မာ–အိန္ဒိယနှစ်နိုင်ငံနယ်စပ်တံတား ဖြတ်သန်းသွားလာမှုကို ပိတ်ထားရာမှ ကန့်သတ်ချက်များဖြင့် ပြန်လည်ခွင့်ပြုပြီး တင်းကျပ်စွာစစ်ဆေးလျက်ရှိကြောင်း သိရသည်။

### တင်းကျပ်စွာဆောင်ရွက်

မြန်မာနိုင်ငံအတွင်း၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ တွေ့ရှိခြင်းမရှိသော်လည်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုများဖြစ်ပေါ်လျက်ရှိသော နိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသောကြောင့် မြန်မာနိုင်ငံနှင့် ထိစပ်နေသော နယ်စပ်များရှိဂိတ်များကို ပိတ်ထားရန် အိန္ဒိယဘက်မှဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ နယ်စပ်ဝင်ထွက်ပေါက်များရှိ နှစ်ဖက်ဒေသခံပြည်သူများအား နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Border Pass–BP)၊ ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Temporary Border Pass–TBP)ဖြင့် ဝင်ထွက်ခွင့်ကို ပိတ်ပင်ခြင်းမရှိဘဲ ကိုယ်အပူချိန်တိုင်းတာမှုများ စနစ်တကျခံယူပြီး ကျန်းမာရေးစစ်ဆေးမှုများကို တင်းကျပ်စွာဆောင်ရွက်ပြီးမှသာ ဝင်ထွက်သွားလာခွင့်ပြုပေးလျက်ရှိသည်။

အိန္ဒိယအပါအဝင် တောင်အာရှနိုင်ငံများ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသူ ဦးရေတိုးပွားလာသောကြောင့် မြန်မာ–အိန္ဒိယနယ်စပ် ကူးသန်းသွားလာရာတွင် ဇိုခေါထာရ်တံတားမှအပ ကျန်ဖိုင်းခရိုင်အတွင်း အခြားနယ်စပ် နယ်နိမိတ်များမှ ဖြတ်ကျော် စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖




MYANMA TOURISM BANK
မြန်မာ့ခရီးသွားဘဏ်
"CREATE YOUR WORLD WITH MTB"

Yangon (Head Office) Ph : 01 - 502018
Mandalay Branch Ph : 02 - 4060159
Nay Pyi Taw Branch Ph : 067 - 810 8294
Myawaddy Branch Ph : 058 - 2051467
Bayintnaung Branch Ph : 01 - 3588985

09 - 682 682 682 info@mtb-bank.com www.mmtourismbank.com www.facebook.com/MyanmaTourismBank

# ၂၀၂၀ ပြည့်နှစ်၊ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

ကြေးမုံ

## စီးပွားအခက်အခဲများ ကျော်လွှားရေးပြင်ဆင်

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်သည့် COVID-19 ရောဂါကြောင့် တစ်ကမ္ဘာလုံးတွင် စီးပွားရေးနှောင့်နှေးမှုများနှင့် ကြုံတွေ့နေရသည်။ ရောဂါကြောင့် ကမ္ဘာလုံးဆိုင်ရာအလုပ်အကိုင်နှင့် စီးပွားရေးဂယက်ရိုက်ခတ်မှုသည် ကြီးမားပြင်းထန်လှသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပင် အလုပ်အကိုင်များရပ်ဆိုင်းပြီး စီးပွားရေးတုံ့ဆိုင်းမှုများဖြစ်ပေါ်လာရာ အစိုးရက ပြည်သူများအား ထောက်ပံ့ကူညီမှုများ ပြုလုပ်ပေးနေသည်။

မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်အစိုးရနှင့် အဖွဲ့အစည်းများက ထိုရောဂါကြောင့် ထိခိုက်ခံစားရမှုအများဆုံးဖြစ်နိုင်ခြေရှိသည့် စီးပွားရေးလုပ်ငန်းများကို တတ်နိုင်သမျှ အစွမ်းကုန်အကူအညီပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါရောဂါဂယက်ကြောင့် စီးပွားရေးလုပ်ငန်းများ တုံ့ဆိုင်းသွားခြင်းမဖြစ်စေရန် စီမံလျက်ရှိသည်။

ကမ္ဘာအနှံ့ဖြစ်ပွားနေသော COVID-19 ရောဂါကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာသည့် စီးပွားရေးဂယက်သည် မြန်မာနိုင်ငံအတွင်း ကုန်ကြမ်းပေး၊ ကုန်ချောယူ လက်ခစားစနစ်လုပ်ငန်းများ လုပ်ကိုင်နေသောစက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအပါအဝင် လုပ်ငန်းအတော်များများ လုပ်ငန်းလည်ပတ်ရန် အခက်အခဲများရှိလာသဖြင့် လုပ်ငန်းများ ယာယီပိတ်သိမ်းခြင်း၊ အမြဲတမ်းပိတ်သိမ်းခြင်းနှင့် အလုပ်သမားများလျှော့ချခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

ထိုကဲ့သို့သော ထိခိုက်နစ်နာမှုဖြစ်သွားသည့် ပြည်သူများအား တတ်နိုင်သလောက်ကုစားမှုပြုနိုင်ရန် နည်းလမ်းရှာကြံကြရမည်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် စီးပွားရေးထိခိုက်မှုရှိသဖြင့် ပိတ်သိမ်းသွားရသည့် အလုပ်သမားများအတွက် ထိုက်သင့်သည့်အကျိုးခံစားခွင့်များကို ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ခံစားခွင့်ရနိုင်မည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော လုပ်ငန်းဌာနများသည် အကြောင်းအမျိုးမျိုးကြောင့် အလုပ်ပိတ်သိမ်းခြင်း၊ အလုပ်သမားလျှော့ချရခြင်းတို့ကို လူမှုဖူလုံရေးအဖွဲ့သို့ အကြောင်းကြားလာပါက စိစစ်ဆောင်ရွက်ပေးနေသည်ကို အလုပ်ရှင်၊ အလုပ်သမားများ လုပ်ထုံးလုပ်နည်းများကို သိရှိထားသင့်သည်။

အလုပ်ပိတ်သိမ်းပြီး ပြန်လည်လည်ပတ်ကြောင်းကို အကြောင်းကြားရန် ပျက်ကွက်မှုကြောင့် အလုပ်သမားများ ထိခိုက်နစ်နာမှုဖြစ်ခြင်း၊ မကျန်းမာမှုဖြစ်ခြင်းအတွက် လူမှုဖူလုံရေးခံစားခွင့်များကို အလုပ်ရှင်က တာဝန်ယူဆောင်ရွက်ပေးရမည်ဖြစ်သည်။ အလုပ်ရှင်ကြောင့် အလုပ်လက်မဲ့ဖြစ်သွားသော အလုပ်သမားများသည် လူမှုဖူလုံရေး နည်းဥပဒေနှင့်အညီ အလုပ်လက်မဲ့ကာလ ခြောက်လထက်မကျော်သောကာလအထိ ဆေးကုသမှုခံယူခွင့်၊ အလုပ်လက်မဲ့ကာလအတွင်း မကျန်းမာမှုဖြစ်ပါက မကျန်းမာသည့်နေ့မတိုင်မီ နောက်ဆုံးခြောက်လအတွင်း ထည့်ဝင်ကြေးလေးလရှိပါက ငွေကြေးခံစားခွင့်အဖြစ် လုပ်ခလစာ၏ ၆၀ ရာခိုင်နှုန်းကို ခြောက်လအထိ ခံစားခွင့်၊ မီးဖွားမှုဖြစ်ပါက မီးဖွားခွင့် မစတင်မီ ၁၂ လအတွင်း ထည့်ဝင်ကြေးခြောက်လသွင်းထားပါက လုပ်ခလစာ၏ ၇၀ ရာခိုင်နှုန်းကို ငွေကြေးနှင့် စရိတ်အပါအဝင် အကျိုးခံစားခွင့် ခုနစ်မျိုးကို ခံစားခွင့်ရှိသည်။

ထို့အပြင် အလုပ်လက်မဲ့ကာလအတွင်း သေဆုံးမှုဖြစ်ပြီးနောက်နာရေးစရိတ်ခံစားခွင့်ဆိုင်ရာနှင့် ဆေးကုသခွင့်၊ အကျိုးခံစားခွင့်၊ ခရီးစရိတ်စသည်တို့ ရရှိခံစားနိုင်ကြောင်းအချက်များကို သိရှိထားသင့်သည်။ ယခုအခါ COVID-19 ကြောင့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် မြန်မာနိုင်ငံသားပိုင် စီအမ်ပီလုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို အတိုးနှုန်း တစ်ရာခိုင်နှုန်း၊ ချေးငွေကာလ တစ်နှစ်သတ်မှတ်၍ ငွေထုတ်ချေးမည့်အစီအစဉ်များ ဆောင်ရွက်နေပြီဖြစ်ရာ အလုပ်သမားများ အလုပ်လက်မဲ့မဖြစ်စေရေး၊ လူမှုစီးပွားဘဝ ထိခိုက်နစ်နာမှုမရှိရေးအတွက် စီစဉ်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ COVID-19 ရောဂါကြောင့် ကမ္ဘာ့နိုင်ငံများတွင် စီးပွားရေးထိခိုက်လာနိုင်သည့် အခြေအနေများကို ကုစားနည်းအမျိုးမျိုးဖြင့် ပြုလုပ်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း COVID-19 ရောဂါ နောက်ဆက်တွဲဂယက်ကြောင့် လုပ်ငန်းများ၊ အလုပ်လုပ်သူများ ထိခိုက်နစ်နာမှုနည်းနိုင်သမျှနည်းပါးအောင် နိုင်ငံတော်အစိုးရက ဖော်ဆောင်ပေးနေသော ခံစားခွင့်နည်းလမ်းအမျိုးမျိုးတို့ကို သိမြင်နားလည်ရယူလုပ်ကိုင်ဆောင်ရွက်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်။ ॥




## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မတ် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/ဇလ

## ဝန်းသိုမြို့နယ်တွင် COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ လက်တွေ့သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်



ဝန်းသို မတ် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရေးအတွက် ရည်ရွယ်လျက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကာကွယ်ရေး နှာခေါင်းစည်းများ၊ Family Care ဆပ်ပြာများ အခမဲ့ ဖြန့်ဝေခြင်းများကို ယမန်နေ့ နံနက် ၇ နာရီက လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြသည်။

### လိုက်လံဝေငှ

ထိုသို့ အသိပညာပေးလှုပ်ရှားဆောင်ရွက်ကြရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းဦး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဆရာဝန်ကြီး ဦးတင့်လွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များဖြင့် နမ်းခမ်းတိုက်နယ် နမ်းခမ်းကျေးရွာ၌ လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်ဝင်း၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့်အတူ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုက်နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ရင်ခွင်မဲ့ကလေး စောင့်ရှောက်ရေးအသင်း စသော လူမှုရေးအဖွဲ့အစည်းများ စုပေါင်း၍ ဂျိုးတောင်တိုက်နယ်၊ ဂျိုးတောင်မြို့မဈေးတွင် လက်ကမ်းစာစောင်များ၊ နှာခေါင်းစည်းများနှင့် လက်ဆေးဆပ်ပြာတို့ကို အခမဲ့ လိုက်လံဝေငှခဲ့ကြောင်း သိရသည်။

မွှေးကြူဇင်

## ယာဉ်မောင်းလိုင်စင်ဖြေဆိုသူများအား အသိပေး

နေပြည်တော် မတ် ၂၂

Coronavirus Disease 2019 (COVID-19) ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လူစုလူဝေးဖြင့် ဆောင်ရွက်ရသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးသင်တန်းများ၊ ၎င်းသင်တန်းနှင့် ဆက်စပ်လျက်ရှိသော ယာဉ်မောင်းလိုင်စင် ဖြေဆို၊ စစ်ဆေးခြင်းလုပ်ငန်းများကို မတ် ၂၃ ရက်မှစ၍ ခေတ္တရပ်ဆိုင်းထားကြောင်းနှင့် သင်တန်းများ ပြန်လည်စတင်ဖွင့်လှစ်နိုင်မည့်ရက်ကို ကြိုတင်ကြေညာသွားမည်ဟု ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးထားကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Daily Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

# ပြည်သူသာလျှင် အဓိက

❋ **ရှေ့ဖုံးမှ**

ယခုအခါ COVID-19 ရောဂါသည် ကမ္ဘာ့နိုင်ငံပေါင်း ၁၈၅ နိုင်ငံသို့ ကူးစက်ပြန့်ပွားနေပြီး ယခုရက်ပိုင်းအတွင်း ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသား အများအပြားသည် ပြည်တွင်းသို့ ဝင်ရောက်နေပြီ ဖြစ်သဖြင့် မိမိတို့နိုင်ငံတွင်းသို့ ရောဂါဝင်ရောက် ဖြစ်ပွားနိုင်ခြေသည် ပိုမိုမြင့်မားလာပါကြောင်း၊ ပြန်လည်ဝင်ရောက်လာကြသူ များသည် အလွန်များပြားသဖြင့် ၎င်းတို့အား သတ်မှတ် နေရာများတွင် အသွားအလာကန့်သတ်ခြင်း (facility quarantine) ကို ဆောင်ရွက်ရန်မှာ မဖြစ်နိုင်သဖြင့် ၎င်းတို့၏ သက်ဆိုင်ရာ နေအိမ်များတွင် အသွားအလာကန့်သတ်ခြင်း (home quarantine)ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသူများအနေဖြင့် သတ်မှတ်ထားသည့် အချက်များကို အသိစိတ်ဓာတ်ရှိစွာဖြင့် တိကျစွာလိုက်နာကာ ၁၄ ရက် တာကာလအထိ နေအိမ်တွင် အသွားအလာကန့်သတ် နေထိုင်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ရောဂါဖြစ်ပွားမှု ရှိပါက ချက်ချင်းသိရှိကာ လျင်မြန်စွာကုသမှုပေးနိုင်မည်ဖြစ်ပြီး မိမိ၏ မိဘ၊ ဆွေမျိုးများနှင့် အိမ်နီးချင်းများကို ရောဂါမကူးစက်စေရန် ထိရောက်စွာ တားဆီးထိန်းချုပ်နိုင်မည်ဖြစ်ကြောင်းကို ၎င်းတို့အားသေချာစွာပြောကြားအသိပေးရမည် ဖြစ်ပါကြောင်း၊ နေအိမ်များတွင် အသွားအလာ ကန့်သတ် နေထိုင်သူများအနေဖြင့် နေ့စဉ်သက်ဆိုင်ရာ ကျန်းမာရေးဌာနသို့ တယ်လီဖုန်းဖြင့် မဖြစ်မနေသတင်းပေးပို့ရမည် ဖြစ်ပါကြောင်း၊ လိုက်နာဆောင်ရွက်ရမည့် အချက်များ ဆောင်ရွက်ခြင်း ရှိ၊ မရှိကိုလည်း ကျန်းမာရေးဝန်ထမ်းများနှင့် အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများကပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ချိတ်ဆက်ညှိနှိုင်းပြီးသည်ဖြစ်၍ ဟိုတယ်အချို့ကို အသွားအလာကန့်သတ်ပြီး စောင့်ကြပ်ကြည့်ရှုမည့်နေရာအဖြစ် သတ်မှတ်ကာ ဟိုတယ်များ၌ ထားရှိပြီး အသွားအလာကန့်သတ်ခြင်းကို ဆောင်ရွက်ရန် စတင်လုပ်ဆောင်နေပြီဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင်လည်း အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်ရန် နေရာများကို တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ဝင်ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုများ ဆောင်ရွက်နေမှုများကို အားဖြည့်ဆောင်ရွက်နိုင်ရန်အတွက် ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ)နှင့် ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) တို့ပါဝင်သည့် အဖွဲ့က ကွင်းဆင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရမှ ထုတ်ပြန်ကြေညာထားသော COVID-19 ရောဂါကူးစက်ပြန့်ပွားလျက်ရှိသော နိုင်ငံများမှ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် ကုလသမဂ္ဂအဖွဲ့နှင့်ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များကို သက်ဆိုင်ရာ နေအိမ်များတွင်သာနေထိုင်စေ၍ အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး လိုက်နာရန်အချက်များကို တိတိကျကျလိုက်နာရန် မှာကြားထားပြီးဖြစ်ပါကြောင်း။

COVID-19 ရောဂါကြောင့် သေဆုံးမှုရာခိုင်နှုန်းသည် စတင်ဖြစ်ပွားစဉ်ကာလ၌ ၂ ဒသမ ၁ ရာခိုင်နှုန်းခန့်သာရှိသော်လည်း ယခုအခါ ရောဂါကြောင့် သေဆုံးမှုရာခိုင်နှုန်းသည် ၄ ဒသမ ၂ ရာခိုင်နှုန်းအထိမြင့်တက်လာသည်ကို တွေ့ရှိရ၍ မိမိတို့အနေဖြင့် COVID-19 ဓာတ်ခွဲအတည်ပြု လူနာများကို တွေ့ရှိပါက ကုသမှုပေးနိုင်ရန်အတွက် ဆေးရုံပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများကို ပိုမိုအားစိုက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူဖြန့်ဖြူးရေးလုပ်ငန်းများ၊ အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများနှင့် ဤရောဂါနှင့် ပတ်သက်၍ အရေးကြီးသည့် ကိစ္စများကို ပိုမိုတိကျစွာ အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်နိုင်စေရေးအတွက် "ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးဗဟိုဌာနများကို ဝန်ကြီးဌာန၊ ရုံးအမှတ် (၄) တွင် တစ်ခု၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတွင် တစ်ခု၊ နယ်စပ်ဝင်၊ ထွက်ပေါက်နေရာများအတွက် တစ်ခုထားရှိကာ မတ် ၂၃ ရက်မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**အချိန်နှင့် အမျှအရေးကြီး**

အဆိုပါ Command centerများတွင် ခေတ်မီဆက်သွယ်ရေးနည်းပညာများ အသုံးပြု၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၊ ဝယ်ယူဖြန့်ဖြူးရေး၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန စသည့်ကဏ္ဍများမှ တာဝန်ရှိသူများ အပါအဝင် အထောက်အကူပြုအဖွဲ့များ ပါဝင်ကာ တစ်ရက်လျှင် အဆိုင်းသုံးဆိုင်းဖြင့် အလှည့်ကျတာဝန်ထမ်းဆောင်တော့မည်ဖြစ်ပါကြောင်း၊ ဝယ်ယူဖြန့်ဖြူးရေးကဏ္ဍအနေဖြင့် (က) လက်ဝယ်တွင်ရှိသော ဆေးနှင့် ဆေးပစ္စည်းများ၊ (ခ) မှာယူရရှိရန်ရှိသော ဆေးနှင့်ဆေးပစ္စည်းများ၊ (ဂ) လှူဒါန်းရရှိမှုမှရရှိသော ဆေးနှင့် ဆေးပစ္စည်းခွဲဝေချထားမှုများကို စနစ်တကျ ဆန်းစစ်သုံးသပ်နိုင်ရေးအတွက် dash board များပြုလုပ်ထားရှိ၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး အချိန်နှင့် တစ်ပြေးညီ စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် ဆုံးဖြတ်ချက်များချမှတ်ဆောင်ရွက်ရန်မှာ အချိန်နှင့်အမျှအရေးကြီးသဖြင့် မိမိအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများအား လုပ်ပိုင်ခွင့်ကို ယမန်နေ့က စတင်၍ အပြည့်အဝပေးအပ်ထားပါကြောင်း၊ ဆုံးဖြတ်ချက်ချလုပ်ဆောင်ရန်ရှိသည်များကို လုပ်ဆောင်ပြီး ဗဟိုအဆင့် (Command Center) သို့ သတင်းပေးပို့ရမည်ဖြစ်ပါကြောင်း။

ရုပ်မြင်သံကြား၊ ရေဒီယို၊ အင်တာနက်တို့မှာ တစ်နိုင်ငံလုံးသို့ ရောက်ရှိရန်ခက်ခဲသဖြင့် တစ်နိုင်ငံလုံးမှ ပြည်သူများ သိရှိရန်အတွက် မြို့နယ်နှင့် ကျေးလက်တောရွာများတွင် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် အထွေထွေအုပ်ချုပ်ရေးဌာနတို့ပူးပေါင်း၍ လက်ကိုင်အသံချဲ့စက်ငယ်များအသုံးပြုကာ ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ သက်ဆိုင်ရာ နေရပ်နိုင်ငံများသို့ ပြန်လည်သွားရောက်လိုသည့် သံရုံးဝန်ထမ်းများနှင့် ကုလသမဂ္ဂဝန်ထမ်းများအတွက် ယခုလက်ရှိတွင် COVID-19 ရောဂါလက္ခဏာများမရှိကြောင်း ထောက်ခံချက်ကိုလည်း ပြုလုပ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း၊ ယခုလက်ရှိတွင် ဖွံ့ဖြိုးတိုးတက်မှုအမြင့်မားဆုံးသော အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများတွင်လည်း ရောဂါကူးစက်ဖြစ်ပွား သေဆုံးနှုန်းများ မြင့်မားနေသည်ကိုတွေ့ရှိနေရပါကြောင်း၊ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများမှာလည်း ယခုရက်ပိုင်းအတွင်း ရောဂါကူးစက်ပြန့်ပွားမှုများ များပြားလာကာ သေဆုံးမှုများလည်းမြင့်တက်လာသဖြင့် မိမိအနေဖြင့် မိမိတို့ နိုင်ငံသို့ ဝင်ရောက်လာမည်ကို အထူးစိုးရိမ်မိပါကြောင်း၊ ပြည်သူများအနေဖြင့် COVID-19 ရောဂါ၏ မိမိတို့နိုင်ငံအပေါ် ရိုက်ခတ်နိုင်သော အခြေအနေအတိမ်အနက်ကို သိရှိကာ ပေါ့လျော့ခြင်း လုံးဝမရှိဘဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ဝန်ကြီးဌာန အသီးသီးမှ ထုတ်ပြန်ထားသည့် အချက်များအား စနစ်တကျလိုက်နာကျင့်သုံးခြင်းတို့ကို ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် နိုင်ငံတကာ၌ ရောဂါဖြစ်ပွားကူးစက်မှု၊ သေဆုံးမှုအခြေအနေများ၊ နိုင်ငံတကာတွင် အခြားနိုင်ငံများမှ နိုင်ငံတွင်းသို့ဝင်ရောက်လာကြသူများကိုဝင်ရောက်ခွင့်ပိတ်ပင်မှု၊ အသွားအလာကန့်သတ်ခြင်း ဆောင်ရွက်မှုအခြေအနေများ၊ နိုင်ငံတကာ ကုသရေးကုထုံးဆိုင်ရာ လေ့လာတွေ့ရှိမှုနှင့် မိမိတို့နိုင်ငံအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု၊ ကရင်ပြည်နယ် မြဝတီမြို့သို့ဗဟိုကွင်းဆင်းအဖွဲ့၏ ကွင်းဆင်းဆောင်ရွက်မှုအခြေအနေများ၊ တစ်ကိုယ်ရေရောဂါ ကာကွယ်ရေးဝတ်စုံ(PPE) များ ချိတ်ဆက်ဝယ်ယူမှု၊ လှူဒါန်းလက်ခံရရှိမှု၊ ဆေးနှင့်ဆေးပစ္စည်းများချိတ်ဆက်ဝယ်ယူမှု၊ လှူဒါန်းလက်ခံရရှိမှု၊ ဓာတ်ခွဲစစ်ဆေးမှုဆိုင်ရာ ကိစ္စရပ်များ စသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ **မြန်မာ - အိန္ဒိယမှ**

ဝင်ထွက် သွားလာခွင့်မပြုကြောင်းနှင့် အိန္ဒိယ-မြန်မာနယ်စပ်ကူးသန်းသွားလာခွင့်(Special Permit)ကိုင်ဆောင်သူများသည်လည်း ဇိုခေါ်ထာရ်တံတားမှသာ ဖြတ်သန်းသွားလာရမည်ဖြစ်ပြီး တံတားဖြတ်ကျော်ဝင်ရောက်သူမှန်သမျှ COVID-19 ရောဂါစစ်ဆေးမှုခံယူရမည်ဖြစ်ကြောင်း၊ ထို့ပြင် နေ့စဉ်မဖြစ်မနေလိုအပ်ပြီး ခွင့်ပြုနိုင်သည့် ကုန်ပစ္စည်းများ(Permissible Items) သယ်ယူပို့ဆောင်သူများသည်လည်း COVID-19 ရောဂါ စစ်ဆေးမှုခံယူပြီးမှသာ သယ်ယူပို့ဆောင် သွားလာခွင့်ပြုမည်ဖြစ်ကြောင်းနှင့် တံတားမှဖြတ်သန်းသွားလာသူမှန်သမျှသည် မီဇိုရမ်ဘက်ခြမ်းရှိ ဇိုခေါ်ထာရ် ရဲတပ်ဖွဲ့စစ်ဆေးရေးဂိတ်သို့ အမည်၊ နေရပ်လိပ်စာ၊ဖုန်းနံပါတ်များ မဖြစ်မနေပေးအပ်ရမည်ဖြစ်ကြောင်း ရိခေါဒါရ်မြို့အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

" ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုတွေကို ကာကွယ်ဖို့အတွက် အိန္ဒိယနိုင်ငံဘက်က မြန်မာနိုင်ငံနဲ့ ထိစပ်နေတဲ့နယ်စပ်ဒေသမှာ ဖွင့်လှစ်ထားတဲ့ ရိခေါဒါရ်နဲ့ တမူးမြို့နယ်စပ်ဝင်ထွက်ဂိတ်တွေကို လုံခြုံရေးတွေချထားပြီး ပိတ်ထားဖို့ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက မီဇိုရမ်ပြည်နယ်နဲ့ မဏိပူရပြည်နယ်အစိုးရက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်။

ရိခေါဒါရ်မြို့ ကျန်းမာရေးဌာနကနေ ဦးဆောင်ပြီးတော့ ဌာနဆိုင်ရာတာဝန်ရှိသူတွေနဲ့ နေ့စဉ်ပုံမှန်စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ သံသယလူနာတွေ့ရှိရင် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်နိုင်ဖို့ ရိခေါဒါရ်တိုက်နယ်ဆေးရုံမှာ သီးသန့်လူနာခန်းကို ပြင်ဆင်ထားပါတယ်" ဟု ရိခေါဒါရ်အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးချန်လျန်းနာက ပြောသည်။

**ထိစပ်နေ**

မြန်မာနိုင်ငံနှင့် မဏိပူရပြည်နယ်ထိစပ်နေသောနယ်မြေအရှည်မှာ ၃၉၈ ကီလိုမီတာရှိပြီး အိန္ဒိယဘက်ခြမ်းမှ မိုးရေးနယ်စပ်ဂိတ်နှင့် မြန်မာဘက်ခြမ်းမှ တမူးနယ်စပ်ဂိတ်တို့ဖြင့် ဆက်သွယ်ထားကြောင်း၊ မြန်မာနိုင်ငံ ချင်းပြည်နယ်ဘက်ခြမ်းနှင့် ထိစပ်နေသော အိန္ဒိယနယ်မြေမှာ မီဇိုရမ်ပြည်နယ်ဖြစ်ပြီး နယ်မြေအရှည်ကီလိုမီတာ ၅၁၀ ခန့် မြန်မာနှင့် ထိစပ်နေကြောင်း သိရသည်။

**ဇိုဟေဆာ**






## ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်တွင် ကမ္ဘာသူကမ္ဘာသားများ အန္တရာယ်ကင်းဝေးစေရန် ဆရာတော်၊ သံဃာတော်များက မိုးပျံပူဖောင်းသုံးလုံးဖြင့် ကောင်းကင်ယံမှ အန္တရာယ်ကင်းပရိတ် ရွတ်ဖတ်

**ညောင်ဦး မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်တွင် မတ် ၂၂ရက် နံနက် ၆ နာရီခွဲက မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဘဒ္ဒန္တ ပညာသီရိနှင့် ဆရာတော်၊ သံဃာတော် အပါး ၄၀ တို့က မိုးပျံပူဖောင်းသုံးလုံးဖြင့် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန် ကောင်းကင်ယံမှ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရသည်။

**ပရိတ်ရေစင်များ ပက်ဖျန်း**

ညောင်ဦးမြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဘဒ္ဒန္တ ပညာသီရိ ဦးဆောင်သော ဆရာတော်၊ သံဃာတော်အပါး ၄၀ သည် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန် ကောင်းကင်ယံတွင် မိုးပျံပူဖောင်းသုံးလုံးစီးတော်မူကာ ကမ္ဘာ့နိုင်ငံများအား လျင်မြန်စွာကူးစက်နေသည့် COVID – 19 ရောဂါကပ်ဆိုးအန္တရာယ်မှ ကင်းလွတ်ကြစေရန် အန္တရာယ်ကင်း မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တာသုတ်၊ ဝဋ္ဋသုတ် အန္တရာယ်ကင်း ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ပရိတ်ရေစင်များ ပက်ဖျန်းခြင်းများကို ဆောင်ရွက်တော်မူခဲ့ကြောင်း သိရသည်။

ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းကပ်ခြင်းကို မိုးပျံပူဖောင်းသုံးလုံးတက်မည့် ညောင်ဦးမြို့ အမှတ်(၅)ရပ် နန်းကြည့်ကုန်းတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများက ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်းနှင့် Oriental Ballooning က တစ်လုံး၊ Balloons Over Bagan က တစ်လုံးနှင့် Shin Than Thu Public Co.,Ltd က တစ်လုံး စုစုပေါင်း Balloon သုံးလုံးဖြင့် ဆရာတော် အပါး ၄၀ တို့က ပုဂံ ရှေးဟောင်းယဉ်ကျေးမှုဇုန် ကောင်းကင်ယံမှ ကမ္ဘာသူကမ္ဘာသားများ၊ နိုင်ငံသူနိုင်ငံသားများ၊ မြို့နယ်သူမြို့နယ်သားများ COVID-19 ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဆိုး ကူးစက်ခြင်းမှ ကင်းဝေးစေရန် ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြောင်းနှင့် ညနေပိုင်းတွင်လည်း မြို့တွင်း မြို့ပြင်အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး အသွားအလာကန့်သတ်နေရာအဖြစ်အသုံးပြုမည့် မှော်ဘီမြို့နယ်ရှိ ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်သို့ သွားရောက်ကြည့်ရှု

ရန်ကုန် မတ် ၂၂

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းတွင် မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာရှိ ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်သို့သွားရောက်၍ COVID-19 ရောဂါ ဖြစ်ပွားရာနေရာဒေသ၊ နိုင်ငံများမှ ပြည်တွင်းသို့ ပြန်လည်ရောက်ရှိလာကြသူများနှင့် ရောဂါဖြစ်ပွားသူနှင့် ထိတွေ့ခဲ့သူများမှ မည်သည့်ရောဂါလက္ခဏာ တစ်စုံတစ်ရာမျှမရှိသူများအား အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) လုပ်ငန်းများ ဆောင်ရွက်ရာ၌ ထားရှိရန်အတွက် "ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ" က ပံ့ပိုးပေးသော နေရာများစီစဉ်နေမှုကို လှည့်လည်ကြည့်ရှုသည်။

ထိုသို့ သွားရောက်ကြည့်ရှုရာတွင် ပြည်ထောင်စုဝန်ကြီးက အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုခြင်းဆောင်ရွက်ရာ ယခုကျောင်းတိုက်တွင် လုပ်ငန်းကြီးကြပ်ရန် တာဝန်ခံအရာရှိတစ်ဦးနှင့် လုပ်ငန်းဆောင်ရွက်ရန် ကျန်းမာရေးအဖွဲ့များ တာဝန်ချထားရမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ဝေဘာဂီအထူးကုဆေးရုံနှင့် တောင်ဥက္ကလာပ မိခင်နှင့်ကလေးဆေးရုံသို့ ဘဏ္ဍာငွေများ ထပ်မံခွဲဝေချထားပေးခဲ့ပါကြောင်း။

COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ဆုံးဖြတ်ချက်များချမှတ်ဆောင်ရွက်ရန်မှာ အချိန်နှင့် အမျှအရေးကြီးသဖြင့် မိမိအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများအား လုပ်ပိုင်ခွင့် (Delegation of Authority) အပြည့်အဝ ပေးအပ်ထားပါကြောင်း၊ ဆုံးဖြတ်ချက်ချလုပ်ဆောင်ရန်ရှိသည်များကို လုပ်ဆောင်ပြီး ဗဟိုအဆင့်သို့ သတင်းပေးပို့ရန်သာဖြစ်ပါကြောင်း ပြောကြားပြီး အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ရန် မှာကြားသည်။



ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကျောင်းတိုက်အကျိုးတော်ဆောင်အဖွဲ့တို့သည် အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ညှိနှိုင်းမှုများပြုလုပ်သည်။

"ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ" ၏ ပံ့ပိုးမှုဖြင့် မှော်ဘီမြို့နယ်ရှိ ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါကျောင်းတိုက်၏ အဆောင်များတွင် အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုမှုခံယူသူ ၄၀၀ ခန့်ကို ထားရှိနိုင်မည်ဖြစ်ပြီး ယနေ့ညတွင် စတင်ထားရှိအသုံးပြုနိုင်ရန် စီစဉ်ထားရှိကြောင်းသိရသည်။

**သတင်းစဉ်**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၂-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် (၂၁-၃-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၂-၃-၂၀၂၀) ရက် နေ့လယ် (၁၂:၀၀) နာရီအထိ စောင့်ကြည့်လူနာအသစ် (၅ ) ဦး ရှိပါသည်။ **(ဇယား -၁)**

ဇယား -၁

**(COVID-19) ရောဂါ စောင့်ကြည့်လူနာ/ သံသယလူနာများ တွေ့ရှိမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၂၂-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | ရောဂါလက္ခဏာများ | ရောဂါလက္ခဏာများ စတင်ဖြစ်ပွားသည့်ရက် | ခရီးသွားရာဇဝင် | | လူနာအား စတင်တွေ့ရှိသည့် နေရာ | COVID-19 ရောဂါလူနာနှင့် ထိတွေ့မှု ရှိ/မရှိ | ဆေးကုသမှုခံယူလျက်ရှိသည့် ဆေးရုံ/ ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | သွားရောက်ခဲ့သည့် နိုင်ငံ၊ မြို့ | မြန်မာ နိုင်ငံသို့ ရောက်ရှိသည့်ရက် | | | | |
| ၁ | ၄၂ နှစ် | ကျား | ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့ | ဖျားခြင်း၊ ချောင်းဆိုးခြင်း | ၁၈-၃-၂၀၂၀ | ထိုင်း | ၁၆-၃-၂၀၂၀ | သီပေါမြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန | ထိတွေ့မှု မရှိပါ | ပြည်သူ့ဆေးရုံ၊ သီပေါမြို့ ၂၁-၃-၂၀၂၀ | မြန်မာ နိုင်ငံသား |
| ၂ | ၂၇ နှစ် | မ | မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ | ဖျားခြင်း၊ ချောင်းဆိုးခြင်း | ၁၉-၃-၂၀၂၀ | မကာအို | ၁၃-၃-၂၀၂၀ | မန္တလေးပြည်သူ့ဆေးရုံကြီး | ထိတွေ့မှု မရှိပါ | ကန်တော်နဒီဆေးရုံ ၂၁-၃-၂၀၂၀ | မြန်မာ နိုင်ငံသား |
| ၃ | ၅၄ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ | ဖျားခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း | ၂၀-၃-၂၀၂၀ | ဗီယက်နမ် | ၉-၃-၂၀၂၀ | ပုဂ္ဂလိက ဆေးခန်း | ထိတွေ့မှု မရှိပါ | ကန်တော်နဒီဆေးရုံ ၂၁-၃-၂၀၂၀ | ဂျပန် နိုင်ငံသား |
| ၄ | ၂၄ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့ | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း | ၁၉-၃-၂၀၂၀ | ထိုင်း | ၁၄-၃-၂၀၂၀ | ရန်အောင် တိုက်နယ်ဆေးရုံ | ထိတွေ့မှု မရှိပါ | ရန်အောင် တိုက်နယ်ဆေးရုံ ၂၁-၃-၂၀၂၀ | မြန်မာ နိုင်ငံသား |
| ၅ | ၃၆ နှစ် | ကျား | ချင်းပြည်နယ်၊ တီးတိန်မြို့ | ဖျားခြင်း | ၁၉-၃-၂၀၂၀ | အမေရိကန် | ၁၃-၃-၂၀၂၀ | မြို့နယ်ပြည်သူ့ဆေးရုံ၊ တီးတိန်မြို့ | ထိတွေ့မှု မရှိပါ | မြို့နယ်ပြည်သူ့ဆေးရုံ၊ တီးတိန်မြို့ ၂၁-၃-၂၀၂၀ | မြန်မာ နိုင်ငံသား |

၄။ ယနေ့ (၂၂-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်အထိ စောင့်ကြည့်လူနာ (၁၆) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှု ကုသမှုပေးလျက်ရှိပါသည်။

၅။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)မှ ဓာတ်ခွဲစစ်ဆေးမှုအဖြေများကို သီးခြားထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၆။ (၂၂-၃-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့အပါအဝင် ကမ္ဘာ့နိုင်ငံ (၁၈၅) နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးအချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ထူးခြားသည့် နေ့အပူချိန်များ

**၂၂ - ၃ - ၂၀၂၀**

| | | |
|---|---|---|
| ချောက် | ၄၀ | ဒီဂရီစင်တီဂရိတ် |
| မင်းဘူး | ၃၉ | ဒီဂရီစင်တီဂရိတ် |
| မကွေး | ၃၉ | ဒီဂရီစင်တီဂရိတ် |
| အောင်လံ | ၃၉ | ဒီဂရီစင်တီဂရိတ် |
| ပြည် | ၃၉ | ဒီဂရီစင်တီဂရိတ် |
| သာယာဝတီ | ၃၉ | ဒီဂရီစင်တီဂရိတ် |
| ဘောလခဲ | ၃၉ | ဒီဂရီစင်တီဂရိတ် |

မိုး/ဇလ

# စက်ရုံ၊ အလုပ်ရုံနှင့်လုပ်ငန်းများတွင် COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး

ရန်ကုန် မတ် ၂၂

စက်ရုံ၊ အလုပ်ရုံနှင့်လုပ်ငန်းများရှိ အလုပ်ရှင်များ၊ အလုပ်သမားများ COVID-19 ရောဂါနှင့်ပတ်သက်၍ အသိပညာပေးမှုလုပ်ငန်းများ ကျယ်ပြန့်စွာ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့နှင့် စက်မှုဇုန်တာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေးပွဲကို မတ် ၂၁ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကိုက ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများမှ အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် COVID-19 ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရေးဆွဲထားသော အသိပညာပေးလုပ်ငန်းစီမံချက်၊ ကနဦးဆောင်ရွက်မည့် လှိုင်သာယာစက်မှုဇုန်၊ ရွှေလင်ပန်းစက်မှုဇုန်အတွင်း ဆောင်ရွက်သွားမည့် အစီအစဉ်နှင့် လူမှုဖူလုံရေးအဖွဲ့မှ မြို့နယ်ရုံးခွဲတာဝန်ခံများ၊ မြို့နယ်တာဝန်ခံဆရာဝန်များ၊ လူမှုဖူလုံရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဆေးရုံ၊ ဆေးခန်းများမှ တာဝန်ခံဆရာဝန်များအား TOT သင်တန်းပေးနေမှု၊ ၎င်းမှတစ်ဆင့် ဆင့်ပွားသင်တန်းများပေးကာ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသော စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီများမှ တာဝန်ရှိသူများက COVID-19 ရောဂါနှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများ ကျယ်ပြန့်စွာ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံချက်နှင့် ပတ်သက်၍ အကြံပြုဆွေးနွေးကြသည်။



အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ရန်ကုန် တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်ရှင်နှင့် အလုပ်သမားများအား COVID-19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးမှုများကို စဉ်ဆက်မပြတ် ပြုလုပ်ပေးနေကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ - မင်းသစ်(MNA)**

# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် (၄-၁-၂၀၂၀ ရက်နေ့မှ ၂၂-၃-၂၀၂၀ ရက်နေ့ထိ)

**(၂၂-၃-၂၀၂၀) ရက်နေ့၊ ည (၈:၃၀) နာရီ**

၁။ **ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ (၂၁-၃-၂၀၂၀)ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၃၀) နာရီအချိန် ရရှိသော သတင်းအချက်အလက်များအရ ထုတ်ပြန်ချက်)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် သတင်းအချက်အလက်များအား တစ်နေ့လျှင် တစ်ကြိမ်သာ ထုတ်ပြန်ဖော်ပြလေ့ရှိပါသည်။ သို့ဖြစ်ပါ၍ အခြားသတင်းဌာနများ၌ ဖော်ပြသောအချက်အလက်များနှင့် အနည်းငယ်ကွဲလွဲမှုရှိနိုင်ပါသည်။

- ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံနှင့် နယ်မြေဒေသစုစုပေါင်း – (၁၈၄) နိုင်ငံ
- ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း – (၂၆၇,၀၁၃)ဦး
- ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း – (၁၁,၂၀၁) ဦး
- ကမ္ဘာပေါ်တွင် သေဆုံးမှုရာခိုင်နှုန်း – (၄.၂) %
- **ဖြစ်ပွား/ သေဆုံးမှုများသော နိုင်ငံများမှာ –**

| စဉ် | နိုင်ငံ | စဖြစ်သည်မှ ယခုအချိန်ထိ | |
|---|---|---|---|
| | | ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ စုစုပေါင်း | သေဆုံးသူ စုစုပေါင်း |
| ၁ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၈၁,၄၁၆ | ၃,၂၆၁ |
| ၂ | အီတလီ | ၄၇,၀၂၁ | ၄,၀၃၂ |
| ၃ | စပိန် | ၁၉,၉၈၀ | ၁,၀၀၂ |
| ၄ | အီရန် | ၁၉,၆၄၄ | ၁,၄၃၃ |
| ၅ | ဂျာမနီ | ၁၈,၃၂၃ | ၄၅ |
| ၆ | အမေရိကန် | ၁၅,၂၁၉ | ၂၀၁ |
| ၇ | ပြင်သစ် | ၁၂,၄၇၅ | ၄၅၀ |
| ၈ | ကိုရီးယားသမ္မတနိုင်ငံ | ၈,၇၉၉ | ၁၀၂ |
| ၉ | ဆွစ်ဇာလန် | ၄,၈၄၀ | ၄၃ |
| ၁၀ | အင်္ဂလန် | ၃,၉၈၃ | ၁၇၇ |
| ၁၁ | နယ်သာလန် | ၂,၉၉၄ | ၁၀၆ |
| ၁၂ | ဩစတြီးယား | ၂၆,၄၉ | ၆ |
| ၁၃ | ဘယ်လ်ဂျီယံ | ၂,၂၅၇ | ၃၇ |
| ၁၄ | နော်ဝေး | ၁,၇၄၂ | ၇ |
| ၁၅ | ဆွီဒင် | ၁,၆၂၃ | ၁၆ |
| ၁၆ | ဒိန်းမတ် | ၁,၂၅၅ | ၉ |
| ၁၇ | ဩစတြေးလျ | ၁,၀၈၁ | ၇ |
| ၁၈ | မလေးရှား | ၁,၀၃၀ | ၃ |
| ၁၉ | ပေါ်တူဂီ | ၁,၀၂၀ | ၆ |
| ၂၀ | ဂျပန် | ၁,၀၀၇ | ၃၅ |
| ၂၁ | ချက်ပြည်သူ့သမ္မတနိုင်ငံ | ၉၀၄ | ၀ |
| ၂၂ | ကနေဒါ | ၈၄၆ | ၉ |
| ၂၃ | အစ္စရေး | ၇၁၂ | ၁ |
| ၂၄ | အိုင်ယာလန် | ၆၈၃ | ၃ |
| ၂၅ | တူရကီ | ၆၇၀ | ၉ |
| ၂၆ | ဘရာဇီး | ၆၂၁ | ၄ |

**မှတ်ချက်**။ ဓာတ်ခွဲအတည်ပြုလူနာ (၅၀၀)ဦးနှင့် အထက်ရှိသော နိုင်ငံများအား ရွေးချယ်ထုတ်နုတ်၍ ဖော်ပြခြင်းဖြစ်ပါသည်။

- တရုတ်ပြည်သူ့သမ္မတနိုင်ငံပြင်ပ နိုင်ငံတွင်းကူးစက်မှု (Local Transmission) ဖြစ်ပွားနေသော နိုင်ငံနှင့် နယ်မြေဒေသ စုစုပေါင်း (၉၈) နိုင်ငံ/ဒေသ ရှိပါသည် –
  - (၁) ဥရောပဒေသ – ၄၀ နိုင်ငံ
  - (၂) အမေရိကဒေသ – ၁၇ နိုင်ငံ
  - (၃) အနောက်ပစိဖိတ်ဒေသ – ၁၁ နိုင်ငံ
  - (၄) အရှေ့အလယ်ပိုင်းဒေသ – ၁၂ နိုင်ငံ
  - (၅) အာဖရိကဒေသ – ၉ နိုင်ငံ
  - (၆) အရှေ့တောင်အာရှဒေသ – ၆ နိုင်ငံ
  - (၇) နယ်မြေဒေသ – ၃ ဒေသ
- လက်ရှိအချိန်၌ ကမ္ဘာပေါ်တွင် COVID-19 ရောဂါအတည်ပြုလူနာ မတွေ့ရှိရသေးသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ စုစုပေါင်း (၁၀) နိုင်ငံသာကျန်ရှိပြီး ထိုနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်ပါသည်။

၂။ (၃၁-၁-၂၀၂၀) ရက်နေ့မှ (၂၂-၃-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀)နာရီအထိ မြန်မာနိုင်ငံ၏ COVID-19 ရောဂါနှင့်ပတ်သက်သည့်အခြေအနေများမှာ–

- စောင့်ကြည့်လူနာ (PUI-Person Under Investigation) (၂၀၄) ဦးနှင့် သံသယလူနာ (၂) ဦး အပါအဝင် စုစုပေါင်း (၂၀၆) ဦးရှိပြီး ၎င်းတို့အနက် –
  - COVID-19 ရောဂါပိုး မတွေ့ရှိရသူ – (၁၈၇) ဦး
  - ဓာတ်ခွဲနမူနာရယူ၍ ပေးပို့ဆဲ – (၁၉) ဦး
  - ရောဂါသက်သာပျောက်ကင်း၍ ဆေးရုံမှဆင်းခွင့်ရရှိသူ – (၁၁၆) ဦး
  - COVID-19 ရောဂါပိုးမတွေ့ရှိရသော်လည်း အခြားရောဂါများဖြင့် သေဆုံးသူ – (၁၂) ဦး
  - ၎င်းတို့အနက် နာတာရှည်ဆီးချိုရောဂါနှင့် နှလုံးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများဖြင့် သေဆုံးသူ (၃) ဦး၊ တီဘီရောဂါနှင့် နာတာရှည်ကျောက်ကပ်ရောဂါဖြင့် သေဆုံးသူ (၁) ဦး၊ နာတာရှည်ကျောက်ကပ်ရောဂါဖြင့် သေဆုံးသူ (၂) ဦး၊ နာတာရှည် အဆုတ်ပွရောဂါဖြင့် သေဆုံးသူ (၁) ဦး၊ နာတာရှည်အသည်းရောဂါအခံရှိသူ (၁) ဦး၊ ဘက်တီးရီးယားပိုးကြောင့် သွေးဆိပ်တက်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများဖြင့် သေဆုံးသူ (၃) ဦးနှင့် လတ်တလော အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းနှင့် ဝမ်းပျက် ဝမ်းလျှောခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် သေဆုံးသူ (၁) ဦးတို့ဖြစ်ကြပါသည်။

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိဆေးရုံများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၂၂-၃-၂၀၂၀) ရက်နေ့အထိ စောင့်ကြည့်လူနာ/ သံသယလူနာ တွေ့ရှိရမှုအခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၈၅) ဦး၊ မန္တလေး တိုင်းဒေသကြီးတွင် (၃၆) ဦး၊ ရှမ်းပြည်နယ်တွင် (၃၀) ဦး၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၅၅) ဦး စုစုပေါင်း (၂၀၆) ဦးတို့ဖြစ်ပါသည်။

၄။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၂၂-၃-၂၀၂၀) ရက်နေ့အထိ အသွားအလာကန့်သတ်ခြင်း၊ တားမြစ်ပိတ်ပင်ခြင်း (Hospital Quarantine) ပြုလုပ်ထားသူ စုစုပေါင်း (၂၄၃)ဦးမှာ–


- တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး – (၁၁၁) ဦး
- မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံ – (၆၇) ဦး
- ဝေဘာဂီအထူးကုဆေးရုံ – (၄၁) ဦး
- ကျန်တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများ – (၂၄) ဦးတို့ ဖြစ်ကြပြီး
- အသွားအလာကန့်သတ်ခြင်း၊ တားမြစ်ပိတ်ပင်ခြင်း (Hospital Quarantine) (၁၄) ရက်ပြည့်၍ ဆေးရုံမှ ဆင်းသွားသူ – (၁၄၂) ဦး ရှိပါသည်။

– ယခုအခါ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါဖြစ်ပွားမှုအား စောစီးစွာသိရှိနိုင်ရန် ဓာတ်ခွဲနမူနာအရေအတွက် တိုးမြှင့်စစ်ဆေးခြင်းကို လုပ်ဆောင်လျက်ရှိရာ ဆေးရုံများတွင် အသွားအလာ ကန့်သတ်ခြင်း၊ တားမြစ်ပိတ်ပင်ခြင်း ပြုလုပ်ထားသူများအနက် (၈၁) ဦးအား ဓာတ်ခွဲနမူနာများ ရယူစစ်ဆေးခဲ့ရာ ၎င်းတို့တွင် COVID-19 ရောဂါပိုး မတွေ့ရှိရကြောင်း သိရှိရပါသည်။

၅။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုအား ကျန်းမာရေးအသိပညာပေးခြင်း၊ ပြည်သူလူထုအတွင်း မှန်ကန်သည့် သတင်းအချက်အလက်များအား အချိန်နှင့် တစ်ပြေးညီထုတ်ပြန်ခြင်းတို့အား ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လူတိုင်းလိုက်နာဆောင်ရွက်ရမည့်အချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ခြင်းဖြင့် COVID-19 ရောဂါ ဖြစ်ပွားပျံ့နှံ့မှုနှင့် ထိခိုက်ပျက်စီးမှုများမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## COVID-19 ရောဂါနှင့်ပတ်သက်သော ဆေးနှင့်ဆေးပစ္စည်းများပံ့ပိုးဖြန့်ဖြူးကြသူများနှင့် လှူဒါန်းမည့်သူများ အဆင်ပြေကြစေရန်အတွက် ချိတ်ဆက်ပေးကာကူညီဆောင်ရွက်ပေးလျက်ရှိ



**ရန်ကုန် မတ် ၂၂**

Coronavirus Disease 2019 (COVID-19) ရောဂါနှင့်ပတ်သက်သော ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းကြမည့် အလှူရှင်များ အဆင်ပြေလွယ်ကူကြစေရန်အတွက် ပြည်တွင်းမှ တရားဝင် မှာယူတင်သွင်းကြသည့် ဆေးနှင့် ဆေးပစ္စည်းများ ပံ့ပိုးဖြန့်ဖြူးကြသူများနှင့် ဝယ်ယူလှူဒါန်းမည့်သူများအား ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြည်ပမှမှာယူတင်သွင်းကြသူများ အခက်အခဲတစ်စုံတစ်ရာ မဖြစ်ပေါ်စေရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် ပူးပေါင်းကာ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးဇော်မိုးခိုင်က ပြောသည်။

"အခုဆိုရင် အိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံက ပြည်ပကိုတင်ပို့နေတဲ့ ဆေးပစ္စည်း တော်တော်များများကို ကန့်သတ်ထားပါတယ်။ COVID-19 ရောဂါနဲ့ပတ်သက်ပြီး လှူဒါန်းကြမယ့် အလှူရှင်တွေအတွက် ချိတ်ဆက်ဆောင်ရွက် ပေးနေပါတယ်"ဟု ၎င်းက ပြောကြားသည်။

မြန်မာနိုင်ငံ၌ ဆေးနှင့်ဆေးပစ္စည်း ထုတ်လုပ်သည့် အစိုးရစက်ရုံနှင့် ပုဂ္ဂလိကပိုင်စက်ရုံ ၁၇ ရုံရှိပြီး ပြည်တွင်း၌ ဆေးနှင့်ဆေးပစ္စည်း ထုတ်လုပ်မှု အားနည်းလျက်ရှိကာ ပြည်တွင်း၌ သုံးစွဲနေကြသည့် ဆေးနှင့်ဆေးပစ္စည်း ၇၀ ရာခိုင်နှုန်းခန့်မှာ ပြည်ပမှ မှာယူတင်သွင်းနေခြင်း ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများအနေဖြင့် ယခုကဲ့သို့သော ကမ္ဘာ့ကပ်ရောဂါ တစ်ခုကို ကြုံတွေ့ကြရပါက ၎င်းတို့နိုင်ငံအတွက် ဆေးနှင့်ဆေးပစ္စည်းများ ဖူလုံမှုရှိစေရန် လုံလောက်စွာ ထားရှိပြီးမှသာလျှင် အခြားနိုင်ငံများအတွက် တင်ပို့ ဖြန့်ဖြူးကြခြင်းဖြစ်ကြောင်း၊ ပြည်တွင်းထုတ်ဆေးဝါးများမှာ ပြည်ပမှ မှာယူတင်သွင်းသည့် ဆေးဝါးများထက် ပိုမိုဈေးနှုန်းမြင့်မားနေရာ ယခုကဲ့သို့သော ကမ္ဘာ့ကပ်ရောဂါဖြစ်ပေါ်ချိန်တွင် ပြည်ပနိုင်ငံများ၌ ဆေးနှင့်ဆေးပစ္စည်းများ ပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိသောကြောင့် ပြည်တွင်းရှိ ဆေးနှင့် ဆေးပစ္စည်းများ ရောင်းချနေကြသောဆေးဆိုင်များကိုလည်း သင့်တင့်မျှတသော ဈေးနှုန်းနှင့် ပရဟိတဈေးနှုန်းဖြင့် ရောင်းချဖြန့်ဖြူးရန် တိုက်တွန်းနှိုးဆော်ထားကြောင်း မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

**သတင်း– ပွင့်သစ္စာ**
**ဓာတ်ပုံ– စိုးမြင့်အောင်**

## ကိုဗစ်–၁၉ ထိခိုက်မှု ပြန်လည်ကုစားရန် လူမှုဖူလုံရေးကြေးများ ပေးသွင်းကာလ လဆန်း ၁၅ ရက်တိုင်း အစား သုံးလအထိ တိုးမြှင့်ပြောင်းလဲ

**နေပြည်တော် မတ် ၂၂**

ကိုဗစ်–၁၉ ကြောင့် စီးပွားရေးလုပ်ငန်းများ အခက်အခဲကြုံတွေ့နေရသည့်အတွက် အလုပ်ဌာနများ လုပ်ငန်းဆက်လက်လည်ပတ်နိုင်ရန်အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မတ် ၂၀ ရက်စွဲဖြင့် အမိန့်ကြော်ငြာစာအမှတ် ၆၃/ ၂၀၂၀ ကို ထုတ်ပြန်ခဲ့သည်။ ယင်းထုတ်ပြန်ချက်အရ လုပ်ငန်းများဆက်လက်လည်ပတ်နိုင်ရန် ရည်ရွယ်ကာ ၂၀၁၂ခုနှစ်၊ လူမှုဖူလုံရေး ဥပဒေပုဒ်မ ၁၀၀ နှင့်အညီ လူမှုဖူလုံရေးအာမခံကြေးများအား ပေးသွင်းရန်ကာလကို တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း သိရသည်။

လုပ်ငန်းဌာနများ၏ စီးပွားရေးအခြေအနေနှင့် ပြောင်းလဲလာသည့် လူမှုရေးလိုအပ်ချက်များကိုထောက်ရှုကာ ဥပဒေနှင့်အညီ အလုပ်ရှင်၊ အလုပ်သမား ထည့်ဝင်ကြေးများကို ဥပဒေပုဒ်မ ၁၈၊ နည်းဥပဒေ အပိုဒ် ၆၄ တို့အရ သက်ဆိုင်ရာလကုန်ဆုံးပြီးနောက် လဆန်း ၁၅ ရက်အတွင်း ပေးသွင်းရမည့်အစား သက်ဆိုင်ရာလကုန်ဆုံးပြီး သုံးလထက် နောက်မကျစေဘဲ ပေးသွင်းနိုင်ရန် အမိန့်ကြော်ငြာစာထုတ်ပြန်ထားခြင်းဖြစ်သည်။

လက်ရှိတွင် ကိုဗစ်–၁၉ ကြောင့် စီးပွားရေးလုပ်ငန်းများ အခက်တွေ့နေပြီး အရေးပေါ် ကုစားရမည့်လုပ်ငန်းကဏ္ဍများအတွက် နိုင်ငံတော်မှ ချေးငွေများ ချထားပေးခြင်း၊ အခွန်နှုန်းများ လျှော့ချခြင်းတို့အပြင် ယခုကဲ့သို့ လူမှုဖူလုံရေးအာမခံကြေးများအား စောင့်ဆိုင်းပေးခြင်းတို့ကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ခင်ရတနာ**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၂-၃-၂၀၂၀) ရက်နေ့၊ ည (၁၀:၃၀) နာရီ**

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)သည် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိဆေးရုံများတွင် COVID-19 ရောဂါစောင့်ကြည့်လူနာများအဖြစ် သတ်မှတ်ထားရှိသောလူနာများထံမှ ဓာတ်ခွဲနမူနာများကို ဓာတ်ခွဲစစ်ဆေးပေးလျက်ရှိပါသည်။

၂။ ယနေ့ည (၂၂-၃-၂၀၂၀) ရက်နေ့၊ ညတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ပေးပို့လာသော ဓာတ်ခွဲအဖြေ(ဇယား-၁)အရ သက်ဆိုင်ရာဆေးရုံများရှိ စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိသော လူနာများအနက် လူနာ(၁၀)ဦး၏ ဓာတ်ခွဲအဖြေများတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ်ရောဂါပိုး မရှိပါကြောင်း(မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။

ဇယား-၁

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၂-၃-၂၀၂၀)ရက်နေ့၊ ည (၁၀:၃၀)နာရီ**

| စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | ဆေးကုသမှုခံယူလျက်ရှိသည့် ဆေးရုံ | ဆေးရုံစတင်တက်ရောက်သည့် ရက်စွဲ | COVID-19 ဓာတ်ခွဲအဖြေ |
|---|---|---|---|---|---|---|
| ၁ | ၄၀ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ် | အင်းစိန်အထွေထွေ ရောဂါကုဆေးရုံကြီး | ၁၈-၃-၂၀၂၀ | မတွေ့ရှိပါ |
| ၂ | ၅၈ နှစ် | မ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် | အင်းစိန်အထွေထွေ ရောဂါကုဆေးရုံကြီး | ၁၈-၃-၂၀၂၀ | မတွေ့ရှိပါ |
| ၃ | ၇၄ နှစ် | မ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် | အင်းစိန်အထွေထွေ ရောဂါကုဆေးရုံကြီး | ၁၈-၃-၂၀၂၀ | မတွေ့ရှိပါ |
| ၄ | ၆၃ နှစ် | မ | ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ် | မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါကု ဆေးရုံကြီး | ၁၉-၃-၂၀၂၀ | မတွေ့ရှိပါ |
| ၅ | ၄၁ နှစ် | မ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းနောင်မြို့ | ပြည်သူ့ဆေးရုံ၊ မိုင်းနောင်မြို့ | ၁၉-၃-၂၀၂၀ | မတွေ့ရှိပါ |
| ၆ | ၂၂ နှစ် | ကျား | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ် | ပြည်သူ့ဆေးရုံ၊ ထီးချိုင့်မြို့ | ၁၉-၃-၂၀၂၀ | မတွေ့ရှိပါ |
| ၇ | ၃၆ နှစ် | ကျား | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ | စဝ်စံထွန်းဆေးရုံကြီး၊ တောင်ကြီးမြို့ | ၂၀-၃-၂၀၂၀ | မတွေ့ရှိပါ |
| ၈ | ၂၇ နှစ် | မ | မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ် | ပြည်သူ့ဆေးရုံ၊ ပေါက်မြို့ | ၂၀-၃-၂၀၂၀ | မတွေ့ရှိပါ |
| ၉ | ၂၉ နှစ် | ကျား | ရခိုင်ပြည်နယ်၊ စစ်တွေမြို့ | စစ်တွေပြည်သူ့ဆေးရုံကြီး | ၂၁-၃-၂၀၂၀ | မတွေ့ရှိပါ |
| ၁၀ | ၅၄ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ | ကန်တော်နဒီဆေးရုံ | ၂၁-၃-၂၀၂၀ | မတွေ့ရှိပါ |

၃။ (၁၉-၃-၂၀၂၀) ရက်နေ့တွင် မိုင်းနောင်တိုက်နယ်ပြည်သူ့ဆေးရုံသို့ တက်ရောက်ဆေးကုသမှုခံယူခဲ့ပြီး ယင်းနေ့တွင်ပင် သေဆုံးခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းနောင်မြို့နယ်တွင် နေထိုင်သည့် အသက်(၄၁)နှစ်အရွယ် အမျိုးသမီးတစ်ဦး၏ ဓာတ်ခွဲအဖြေတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ်ရောဂါပိုး မရှိပါကြောင်း (မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။

၄။ ဆေးရုံများ၌ထားရှိ၍ အသွားအလာကန့်သတ်မှု (Hospital Quarantine) ပြုလုပ်ထားသော တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၊ လူနာဆောင်သစ်မှ မြန်မာနိုင်ငံသား(၅၄)ဦးနှင့် နိုင်ငံခြားသား(၂)ဦးတို့၏ ဓာတ်ခွဲအဖြေများတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ်ရောဂါပိုး မရှိပါကြောင်း (မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။

၅။ ယနေ့ (၂၂-၃-၂၀၂၀) ရက်နေ့၊ ည (၁၀:၃၀) နာရီအချိန်အထိ စောင့်ကြည့်လူနာ (၆)ဦးအား သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲအဖြေများရရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ထိုင်း-မြန်မာနယ်စပ်၊ မဲဆောက်-မြဝတီချစ်ကြည်ရေးတံတား အမှတ်(၂)နှင့် မယ်ဆိုင်-တာချီလိတ် အမှတ်(၂) မယ်ဆိုင်ချောင်းကူးတံတားတို့မှCOVID-19 ရောဂါကင်းရှင်းသည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တစ်ဦးစီသာ ဖြတ်သန်းခွင့်ပြုမည်

**နေပြည်တော် မတ် ၂၂**

ထိုင်း-မြန်မာနယ်စပ်ရှိ မဲဆောက်-မြဝတီ ချစ်ကြည်ရေးတံတား အမှတ်(၁)တွင် မတ် ၂၁ ရက် ညသန်းခေါင်အချိန်မှစ၍ လူ၊ ယာဉ် ဖြတ်သန်းမှုကို တရားဝင်ပိတ်ခဲ့ပြီး ချစ်ကြည်ရေးတံတားအမှတ်(၂)ကို ဖွင့်လှစ်ခဲ့ရာမှ မတ် ၂၃ ရက်မှစတင်၍ အဆိုပါ ချစ်ကြည်ရေးတံတားအမှတ်(၂)ကို ကုန်တင်ယာဉ်၊ COVID-19 ရောဂါကင်းရှင်းကြောင်း လက်မှတ်ရရှိထားသူ ယာဉ်မောင်းတစ်ဦးနှင့် ယာဉ်နောက်လိုက် တစ်ဦးတို့ကိုသာ ဖြတ်သန်းခွင့်ပြုပြီး လူဖြတ်သန်းမှုများကို တရားဝင်ရပ်ဆိုင်းမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ တာ့ခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ မတ် ၂၁ ရက် ရက်စွဲဖြင့် အမိန့်ထုတ်ပြန်ထားကြောင်း သိရသည်။

**ယာယီဆိုင်းငံ့ထား**

ထို့ပြင် ထိုင်းနိုင်ငံ ချင်းရိုင်ပြည်နယ် အုပ်ချုပ်ရေးမှူးရုံး၏ ထုတ်ပြန်ကြေညာချက်အရ တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့တို့အကြား ဖွင့်လှစ်ထားသော အမှတ်(၁) ချစ်ကြည်ရေးတံတားကို မတ် ၂၃ ရက်မှစ၍ လူ၊ ယာဉ်၊ ယန္တရားနှင့်ကုန်စည်များ ဖြတ်သန်းသယ်ယူပို့ဆောင်ခြင်း၊ ဝင်ထွက်သွားလာခြင်း အားလုံးကို ယာယီဆိုင်းငံ့ထားပြီး မတ် ၂၀ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော ထုတ်ပြန်ကြေညာချက်အရ ယာယီဆိုင်းငံ့ခဲ့သည့် အမှတ်(၂) မယ်ဆိုင်ချောင်းကူးတံတားအား အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုချက်ရရှိပြီးသည့် ကုန်စည်များတင်ဆောင်ထားသည့် မော်တော်ယာဉ်နှင့် ယာဉ်မောင်းတစ်ဦးသာ ဖြတ်သန်းနိုင်မည်ဖြစ်ပြီး အခြားလူ၊ ယာဉ်၊ ယန္တရားနှင့် ကုန်စည်များဖြတ်သန်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဝင်ထွက်ခြင်းအား ဆိုင်းငံ့ထားကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**



## ရွှေတိဂုံဘုရားဖူးလာပြည်သူများ လက်ဆေးခြင်းအလေ့အထရှိစေရေး အသိပညာပေးဆောင်ရွက်

**ရန်ကုန် မတ် ၂၂**

COVID-19 ရောဂါကြိုတင်ကာကွယ်ရေးအတွက် လက်ဆေးခြင်းအလေ့အထရှိစေရေး အသိပညာပေးဆောင်ရွက်ခြင်းလုပ်ငန်းကို ယနေ့ နံနက် ၇ နာရီက ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်စောင်းတန်းအတက်အဆင်း လှေကားတစ်ခွင်၌ အစပြုကာ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**လက်ဆေးတာကို အဓိကထား**

ရန်ကုန်တိုင်းဒေသကြီးအခြေစိုက် သုံးရောင်ခြယ်ပြည်သူ့အကျိုးပြု လူမှုကွန်ရက်သတင်းပြန်ကြားရေးတာဝန်ခံ ဦးညီညီထွန်းက "ကျွန်တော်တို့အဖွဲ့က ရွှေတိဂုံဘုရားမုခ်လေးမုခ်စောင်းတန်း အတက်အဆင်း၊ လူအသွားအလာများတဲ့ နေရာ၊ စုရုံးရောက်ရှိနေကြတဲ့ နေရာ၊ ဘတ်စ်ကားမှတ်တိုင်တွေ၊ ဈေးနဲ့ ရပ်ကွက်အတွင်း လမ်းအလိုက်လှူခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုထိန်းချုပ်ရေးသင်ခန်းစာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားတဲ့အတိုင်း ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဆိုးကြီးကာကွယ်ဖို့အတွက် လက်သန့်ဆေးရည်တွေ မျှဝေတာရယ်၊ ဘယ်လိုကာကွယ်ရမယ်ဆိုတာရယ်ကို ပြည်သူအများသိရှိနိုင်စေဖို့ လူထုကြားထဲသွား၊ လက်ကိုင်စပီကာတွေကို သုံး၊ လက်ဆေးတာကိုအဓိကထားပြီး တစ်နေကုန်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

**ရန်ကုန်မြို့အနှံ့ဆောင်ရွက်**

ယခုရက်ပိုင်းအတွင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့၊ မြို့စည်/ပင်၊ လူမှုဖူလုံရေးအဖွဲ့၊ ဒေသခံနယ်မြေ ပရဟိတ လူမှုအထောက်အကူပြုအဖွဲ့များနှင့် စေတနာရှင်ပြည်သူများပူးပေါင်းပါဝင်ကာ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ လက်ဆေးခြင်းအလေ့အထနှင့် Mask တပ်ဆင်ရန် သရုပ်ဖော်ပြသခြင်းများနှင့် ပိုစတာဗီနိုင်းများ ချိတ်ဆွဲစိုက်ထူခြင်းစသော COVID-19 ရောဂါကာကွယ်နိုင်ရေးအသိပညာပေးလုပ်ငန်းများ ရန်ကုန်မြို့အနှံ့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ-မျိုးကြီး**

## မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကိုရိုနာဗိုင်းရပ်စ်စစ်ဆေးမှုများ အထူးအလေးထားဆောင်ရွက်လျက်ရှိ

**တံတားဦး မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကိုရိုနာဗိုင်းရပ်စ် စစ်ဆေးမှုများကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းလေဆိပ်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"ဒီလေဆိပ်ဟာ နိုင်ငံတကာဝင်ထွက်သွားလာမှုတွေမပြတ်ရှိတယ်။ ဒါကြောင့် အခုဖြစ်ပွားနေတဲ့ ကိုရိုနာဗိုင်းရပ်စ်စစ်ဆေးမှုကို အထူးအလေးထား ဆောင်ရွက်ပေးတာပါ။ လက်ရှိမှာတော့ ကျွန်တော်တို့နိုင်ငံမှာ ဒီရောဂါဖြစ်ပွားသူ မရှိသေးဘူး။ စောင့်ကြည့်လူနာအဆင့်သာ သတင်းတွေအရ သိရပါတယ်။ ဒီရောဂါနဲ့ပတ်သက်ပြီး သတင်းအမှားတွေမဖော်ပြစေလိုဘူး။ ပြည်သူတွေအထိတ်တလန့်မဖြစ်စေလိုပါဘူး။ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ရှောင်ရန်/ဆောင်ရန် ထုတ်ပြန်ချက်တွေကိုလည်း ပြည်သူလူထုအနေနဲ့ အထူးအလေးထား လိုက်နာဖို့လိုအပ်ပါတယ်" ဟု ၎င်းကပြောသည်။



"ကျွန်မတို့ မိသားစုက တာချီလိတ်မြို့က လာကြတာပါ။ တာချီလိတ်လေယာဉ်ကွင်းမှာလည်း အခုလို ကိုရိုနာဗိုင်းရပ်စ် ပါ/မပါစစ်ဆေးမှုတွေပြုလုပ်ပါတယ်။ အခုလည်း စစ်ဆေးမှုတွေပြုလုပ်ပါတယ်" ဟု ၎င်းလေဆိပ်၌ ဆင်းလာသည့် ခရီးသွား ဒေါ်ခင်မိုးက ပြောသည်။

လက်ရှိအချိန်၌ နိုင်ငံတော်အစိုးရက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူစုလူဝေးမပြုလုပ်ကြရန်နှင့် ပွဲလမ်းသဘင်၊ ဘော်ဒါ စသည့်နေရာများကို ပိတ်ထားကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။ ယခုအခါ သက်ဆိုင်ရာဝန်ကြီးဌာနက ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ ပြည်သူလူထုကို အသိပညာပေးလက်ကမ်းစာစောင် ပေးဝေခြင်းနှင့် ဟောပြောပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# စောစော "ပြော"၊ စောစော "သိ"၊ အားလုံးအကျိုးရှိ






COVID-19ရောဂါထိန်းချုပ်ကာကွယ်ရေး

“ပြည်သူသာလျှင်အဓိက”

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ချောင်းသာမြို့၌ ဘက်စုံသုံးဘေးဒဏ်ခံ စာသင်ကျောင်းအဆောက်အဦတစ်လုံး တည်ဆောက်ရန် ထောက်ပံ့ငွေပေးအပ်



နေပြည်တော် မတ် ၂၂
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ချောင်းသာမြို့၌ ဘက်စုံသုံးဘေးဒဏ်ခံ စာသင်ကျောင်း အဆောက်အဦ (ပေ ၁၃၀ x ပေ ၃၀ x ၁၅ ပေ) တစ်လုံး တည်ဆောက်နိုင်ရန်အတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ချောင်းသာမြို့ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ကြိုတင်ကာကွယ်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ချောင်းသာမြို့တွင် လိုအပ်လျက်ရှိသော ဘက်စုံသုံးဘေးဒဏ်ခံ စာသင်ကျောင်း အဆောက်အဦဆောက်လုပ်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ခြင်းဖြစ်ကြောင်း၊ မကြာမီကျရောက်မည့် မိုးတွင်းကာလတွင် ဖြစ်ပွားတတ်သော ဘေးဒဏ်များနှင့်ပတ်သက်၍လည်း အသင့်ပြင်ဆင်ထားကြရန် လိုအပ်ကြောင်း၊ COVID – 19 ရောဂါကို ဖြစ်ပွားစေသော ဗိုင်းရပ်စ်သည် မိုးတွင်းကာလ၌ ပိုမိုပြန့်ပွားလွယ်သည်ဟု ယူဆထားကြရာ မိမိတို့တစ်ဦးချင်းစီက ရောဂါကို ကြိုတင်ကာကွယ်နည်းများ၊ မပြန့်ပွားအောင် နေထိုင်နည်းများကို အလေ့အကျင့်ဖြစ်အောင် ဆောင်ရွက်ထားကြစေလိုကြောင်း၊ ကမ္ဘာ့ရာသီဥတု အပြောင်းအလဲဖြစ်စဉ်ကြောင့် ကမ္ဘာ့နိုင်ငံအနှံ့တွင် သဘာဝဘေးဒဏ်များ ခံစားနေကြရကြောင်း၊ လေပြင်းဘေး၊ မုန်တိုင်းဘေးနှင့် ရေကြီးရေလျှံဘေးများ ဖြစ်ပွားလေ့ရှိသည့်အပြင် ပိုမိုပြင်းထန်သည့် ဘေးဒဏ်များကျရောက်နိုင်သဖြင့် ဘေးဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းရှိအောင် အသင့်ပြင်ထားကြရန် လိုအပ်ကြောင်း၊ ဘေးဒဏ်များကျရောက်ပါက လူ့အသက်မဆုံးရှုံးရေးသည် အရေးအကြီးဆုံးဖြစ်ကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ဦးဆောင်ကာ ၂၀၁၆ ခုနှစ်မှစ၍ ဘေးသင့်ပြည်သူများ လုံခြုံစွာခိုလှုံနိုင်ရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဘေးဒဏ်ခံ အဆောက်အဦများကို အလိုအပ်ဆုံးနေရာများတွင် ရွေးချယ်၍ စုစုပေါင်း ငွေကျပ် ၂၉ ဘီလီယံကျော် အကုန်အကျခံကာ စနစ်တကျ စိစစ်ဆောက်လုပ်ခဲ့ရာ ယခုအခါ စုစုပေါင်း ၂၃၃ လုံး တည်ဆောက်ထားပြီးဖြစ်ကြောင်း၊ ယခုဆောက်လုပ်မည့် အဆောက်အဦသည် သဘာဝဘေးဒဏ်ကို ခံနိုင်ရည်ရှိပြီး စာသင်ကျောင်းဆောင်အနေဖြင့်လည်းကောင်း၊ အခြားရပ်ရွာအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်လည်းကောင်း အသုံးပြုနိုင်မည့် ဘက်စုံသုံး ဘေးဒဏ်ခံ အဆောက်အဦဖြစ်ကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေဖြင့် ပြည်သူ့အကျိုးအတွက် ပြည်သူ့အစိုးရက စီမံခန့်ခွဲဆောင်ရွက်ပေးခြင်းဖြစ်ရာ ပြည်သူများအားလုံးက အကျိုးရှိစွာအသုံးချတတ်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရန် ပူးပေါင်းတာဝန်ယူကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ ငွေကျပ် ၂၆၇ ဒသမ ၅၂၅ သန်းကို ပေးအပ်ရာ ဒေသခံများနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ချောင်းသာမြို့ ဒေသခံပြည်သူတစ်ဦးက နိုင်ငံတော်အစိုးရ၏ ပြည်သူ့လိုအပ်ချက်ကို ဖြည့်ဆည်းထောက်ပံ့မှုအတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ တပ်မတော်သတင်းစာရှင်းလင်းပွဲ ပြုလုပ်



နေပြည်တော် မတ် ၂၂
တပ်မတော်သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော် စစ်သမိုင်းပြတိုက်၌ ပြုလုပ်သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ထွန်းထွန်းညီ၊ အတွင်းရေးမှူး ဗိုလ်မှူးချုပ် ဇော်မင်းထွန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ပြည်တွင်း၊ ပြည်ပသတင်းဌာနများမှ သတင်းမီဒီယာသမားများ တက်ရောက်ကြပြီး သတင်းစာရှင်းလင်းပွဲ မစတင်မီ တက်ရောက် လာကြသူများအား COVID–19 ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများက စမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးသည်။

သတင်းစာရှင်းလင်းပွဲတွင် ဗိုလ်ချုပ်စိုးနိုင်ဦးက ကွတ်ခိုင်မြို့နယ် လွယ်ခမ်ကျေးရွာနှင့် အနီးတစ်ဝိုက်တို့၌ ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၁၆ ရက်အထိ လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ၊ ငွေကျပ် ၃၁၅ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိမှု၊ ဖမ်းဆီးရမိသူများနှင့် ထွက်ပြေးတိမ်းရှောင်နေသူများအား တရားဥပဒေအရ ဆောင်ရွက်နေမှု၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု၊ ၂၀၂၀ ပြည့်နှစ်အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်ထွန်းထွန်းညီက AA အဖွဲ့ ရက်ပေါင်း ၄၀ ကျော်ကြာ ဝိုင်းပတ်ပိတ်ဆို့ထားသည့် မီးဝစခန်းအား စစ်ကူပေးနိုင်ရေး တပ်မတော်စစ်ကြောင်းများက ထိုးဖောက်တိုက်ခိုက်မှုနှင့် AA အဖွဲ့၏ ရခိုင်ပြည်နယ်အတွင်း လှုပ်ရှားဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက Coronavirus Disease 2019 (COVID–19) ရောဂါကြိုတင်ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များကို တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့များအား ညွှန်ကြားထားရှိသည့် အခြေအနေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါတိုက်ဖျက်ရေး လုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် မြန်မာ့တပ်မတော်မှ ဆေးဘက်ဆိုင်ရာပစ္စည်းများ သွားရောက်ပေးပို့လှူဒါန်းခဲ့သည့် အခြေအနေ၊ COVID–19 ရောဂါ ဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းစီမံချက်များ ရေးဆွဲထားရှိမှုနှင့် ရောဂါပြန့်ပွားကူးစက်လာပါက တပ်မတော်နှင့် အရပ်ဘက်ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေ၊ COVID–19 ရောဂါကုသရာတွင် အထောက်အကူပြုသည့် Chloroquine ဆေးများအား နယ်စပ်ဒေသမြို့များရှိ ဆေးရုံများသို့ တပ်မတော်မှ လှူဒါန်းခဲ့မှုနှင့် မြို့နယ်အသီးသီးရှိ ဆေးရုံ၊ ဆေးခန်းများတွင် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏ မေးမြန်းမှုအပေါ် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## အလုပ်လက်မဲ့ဖြစ်သွားသည့် အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုသက်တမ်း တစ်နှစ်တိုးမြှင့်ရန် အမိန့်ထုတ်ပြန်

နေပြည်တော် မတ် ၂၂
ကိုဗစ်–၁၉ ရောဂါကြောင့် အလုပ်လက်မဲ့ဖြစ်သွားခဲ့ရသည့် အာမခံအလုပ်သမားများ လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ဆက်လက်ရရှိနိုင်ရေးအတွက် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေး ဥပဒေပုဒ်မ ၁၀၀ နှင့်အညီ ခံစားခွင့်ပြုပေးမည်ဖြစ်ကြောင်း မတ် ၂၀ ရက်က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၂၀) အရ သိရသည်။

ကမ္ဘာအနှံ့တွင် ဖြစ်ပွားလျက်ရှိသည့် ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ ကိုဗစ် –၁၉ ကူးစက်ရောဂါ၏ နောက်ဆက်တွဲဖြစ်ပေါ်လာသော စီးပွားရေးဂယက်များကြောင့် မြန်မာနိုင်ငံရှိ ကုန်ကြမ်းပေး ကုန်ချောယူ လက်ခစားစနစ် (CMP) လုပ်ငန်းလုပ်ကိုင်နေသော စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအပါအဝင် လုပ်ငန်းဌာနများအနေဖြင့် လုပ်ငန်းလည်ပတ်ရန် ခက်ခဲခြင်းတို့ကြောင့် လုပ်ငန်းများယာယီပိတ်သိမ်းခြင်း၊ အမြဲတမ်းပိတ်သိမ်းခြင်းနှင့် အလုပ်သမားများ လျှော့ချခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့ အကျပ်အတည်း အခက်အခဲကြုံတွေ့နေရသည့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ မှတ်ပုံတင်ထားသောအလုပ်ဌာနများမှ အလုပ်ရှင်ကြောင့် အလုပ်လက်မဲ့ဖြစ်သွားသော အာမခံအလုပ်သမားများအတွက် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၀၀ ကို ကျင့်သုံး၍ လုပ်ငန်းဌာနများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပြောင်းလဲလာသည့် လူမှုရေးလိုအပ်ချက်များကို ထောက်ရှု၍ ဥပဒေနှင့်အညီ ခံစားခွင့်အချို့ကို ဖြေလျှော့ကင်းလွတ်ခွင့်ပြုလိုက်ကြောင်း အဆိုပါအမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည်။

ယင်းကြော်ငြာစာအရ အလုပ်လက်မဲ့ဖြစ်သည့်နေ့မှစ၍ ကျန်းမာရေးစောင့်ရှောက်မှုကို တစ်နှစ်အထိ တိုးမြှင့်ခံစားခွင့်ပြုရန်၊ အလုပ်လက်မဲ့ဖြစ်သည့်နေ့မှစ၍ ဆေးဖိုးနှင့်ခရီးစရိတ်များကို တစ်နှစ်အထိ တိုးမြှင့်ခံစားခွင့်ပြုရန်တို့ကို အလုပ်လက်မဲ့ဖြစ်နေသည့် အလုပ်သမားများ ရရှိခံစားနိုင်မည်ဖြစ်သည်။ ယင်းအမိန့်ကြော်ငြာစာကို ထုတ်ပြန်သည့် ၂၀၂၀ ပြည့်နှစ် မတ် ၂၀ ရက်တွင် စတင်၍ ရရှိခံစားနိုင်မည်ဟု သိရသည်။

**ခင်ရတနာ**

## မိဘပင်စင်စားများသို့ ပန်ကြားချက်

၁။ မြန်မာ့စီးပွားရေးဘဏ်များတွင် ပင်စင်လစာ ထုတ်ယူခြင်းများကို လစဉ်ရုံးဖွင့်ရက် ၂၀ ရက်နေ့တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန်မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ်ဖွင့်သည့် ရက်များတွင်လည်း လွယ်ကူအဆင်ပြေစွာထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီး ပင်စင်စားများသို့လည်း အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါသည်။

၂။ ထို့အပြင် ပင်စင်လစာငွေများကို ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ထည့်သွင်း၍ လိုအပ်ချိန်တွင် အဆိုပါငွေစာရင်းမှ ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ ATM စာရင်းဖွင့်လှစ်၍ ATM စက်များမှ ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ Myanmar Mobile Money (MMM) စနစ်နှင့် Wave Money စနစ်တို့ကို အသုံးပြု၍လည်းကောင်း နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီး ပင်စင်စားများသို့လည်း အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါသည်။

၃။ ယခုအခါ မိဘပင်စင်စားများအနေဖြင့် Coronavirus Disease 2019 (COVID–19)ကူးစက်ရောဂါအား ကာကွယ်နိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်များတွင် မိမိတို့၏ ပင်စင်လစာငွေများကို လစဉ် ၂၀ ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ် ၂၀ ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင်လည်း ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ Mobile Money စနစ်အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ဖြင့် လွယ်ကူအဆင်ပြေစွာ ထုတ်ယူကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်ရေးစကားဝိုင်း ကျင်းပ

**ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်ရေးစကားဝိုင်းတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ရဲမှူးချုပ် ကျော်ဝင်းသိန်း၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မေတိုးဝင်းတို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်–**

## တာရာ၊ ကေကေ
## ဓာတ်ပုံ–သူရဇော်

**အစီအစဉ်မှူး။** ။ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနဲ့ စပ်လျဉ်းပြီး နိုင်ငံတကာစံနှုန်းတွေနဲ့အညီ ဘယ်လို ဆောင်ရွက်သွားမလဲဆိုတာကို ဆွေးနွေးသွားကြမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်းမှာ စီးပွားရေးနဲ့ပတ်သက်ပြီး တံခါးဖွင့်ဝါဒကို ကျင့်သုံးလာတာနဲ့အမျှ အခွင့်အလမ်းတွေ ပေါ်ပေါက်လာသလို စိန်ခေါ်မှုတွေလည်း ရှိလာပါတယ်။ လက်ရှိမှာ ဘယ်လိုအခွင့်အလမ်းတွေ၊ စိန်ခေါ်မှုတွေရှိနေတယ်ဆိုတာ ဒုတိယဝန်ကြီးအနေနဲ့ အရင်ဆုံးဆွေးနွေးပေးစေလိုပါတယ်။

**ဒုတိယဝန်ကြီး။** ။ဘယ်နိုင်ငံပဲဖြစ်ဖြစ် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ အမြဲတမ်းလိုလို ကြုံတွေ့ရတာက စိန်ခေါ်မှုတွေ ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုနဲ့ အမြဲတမ်းယှဉ်တွဲပြီး ကြုံတွေ့ရတဲ့ စိန်ခေါ်မှုကတော့ တည်ငြိမ်မှုကို ထိပါးလာတဲ့ စိန်ခေါ်မှုတွေ ဖြစ်ပါတယ်။ ဥပမာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းက လိုတာထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်မှုနှုန်း မြင့်မားလာတယ်ဆိုရင် ငွေကြေးဖောင်းပွမှု (Inflation)ကလည်း လိုက်လာတတ်ပါတယ်။ ငွေကြေးဖောင်းပွမှု လိုက်လာရင် စီးပွားရေးဝန်းကျင် တည်ငြိမ်မှုကို ထိပါးလာတဲ့သဘောရှိပါတယ်။ အဲဒီလိုပဲ စီးပွားရေးတံခါးဖွင့်ဝါဒ ကျင့်သုံးလိုက်တဲ့အခါမှာ အခွင့်အလမ်းတွေ၊ အခွင့်အရေးတွေ အများကြီးရလာပါတယ်။ တစ်ပြိုင်တည်းမှာပဲ စိန်ခေါ်မှုတွေအများကြီး ကြုံလာရတတ်ပါတယ်။

### တာဝန်ယူမှု၊ တာဝန်ခံမှု

ဥပမာဆိုရရင် နိုင်ငံတစ်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေအတွက် တံခါးဖွင့်လိုက်တယ်ဆိုရင် နိုင်ငံတကာက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ တစ်ဟုန်ထိုးဝင်လာတတ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုဝင်လာတဲ့အခါ တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှု (Responsible Investment)တွေ ဝင်လာနိုင်သလို တာဝန်ယူမှု၊ တာဝန်ခံမှုမရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေလည်း ဝင်လာနိုင်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ အမြဲတမ်းပြောနေတာကတော့ တံခါးဖွင့်လိုက်ရင် လေကောင်းလေသန့် ဝင်လာနိုင်တာဖြစ်သလို ယင်ကောင်တွေလည်း ဝင်လာနိုင်တာပဲ၊ ယင်ကောင်ဝင်လာမှာကြောက်တဲ့အတွက် တံခါးပိတ်လိုက်ရင် လေကောင်းလေသန့်ရလာမှာ မဟုတ်ပါဘူး။

အဲဒီလို တံခါးဖွင့်လိုက်ပြီဆိုတာနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာသလို နိုင်ငံတကာ အထောက်အပံ့အကူအညီတွေလည်း ဝင်လာပါတယ်။ အဲဒါကို Development Assistant လို့ခေါ်ပါတယ်။ နိုင်ငံတကာ အထောက်အပံ့အကူအညီတွေကို နိုင်ငံအများစု ပေါင်းစပ်ထားတဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်တွေ (Multilateral Development Partner) လို့လည်းခေါ်တဲ့ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်စတဲ့ အဖွဲ့အစည်းတွေရှိသလို နိုင်ငံတစ်ခုချင်းက အကူအညီပေးတဲ့ (Bilateral Development Partner) တွေလည်း ရှိပါတယ်။ ဒီလို အကူအညီတွေကိုပေးတဲ့အခါ အကောင်အထည်ဖော်ရမယ့် အကျိုးအမြတ်မယူတဲ့ အဖွဲ့အစည်းတွေရှိပါတယ်။ ဒီအဖွဲ့အစည်းတွေကတော့ NGO၊ INGO နဲ့ CSO လို့ ခေါ်တဲ့ လူမှုအဖွဲ့အစည်းတွေ ပါပါတယ်။

တံခါးဖွင့်လိုက်တဲ့အခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာတယ်၊ နိုင်ငံခြားအကူအညီ အထောက်အပံ့တွေ ဝင်လာတယ်။ ဒီအကူအညီအထောက်အပံ့တွေကို အကျိုးအမြတ်မယူတဲ့ အဖွဲ့အစည်းတွေက အကောင်အထည်ဖော်ပါတယ်။ ဒါပေမယ့် ဒီအခွင့်အလမ်းတွေ အများကြီးရလာတယ်ဆိုပေမယ့် စိန်ခေါ်မှုတွေကလည်း ပါလာပါတယ်။ အဲဒီစိန်ခေါ်မှုတွေက ဘာတွေလဲဆိုတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို အခွင့်အရေးယူ အသုံးချ အလွဲသုံးစားလုပ်ပြီး၊ ဖွံ့ဖြိုးမှုအကူအညီတွေကို အကောင်အထည်ဖော်နေတဲ့ အဖွဲ့အစည်းတွေဖြစ်တဲ့ NGO၊ INGO နဲ့ CSO တွေကိုလည်း အသုံးချပြီး နိုင်ငံတကာရာဇဝတ်မှုတွေကို ကျူးလွန်နေတဲ့၊ ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှုကျူးလွန်နေတဲ့ အဖွဲ့တွေက အသုံးချဆောင်ရွက်နေတာကိုလည်း ကြုံရတတ်ပါတယ်။

အဲဒီလို အသုံးချခံ ဖြစ်မသွားအောင် ကျွန်တော်တို့ကို အကူအညီပေးနေတဲ့ အဖွဲ့အစည်းတွေကို အသုံးမချနိုင်




အောင်လို့ ကာကွယ်တားဆီးရမယ့် လုပ်ငန်းစဉ်ဟာလည်း ကျွန်တော်တို့အတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာပါတယ်။ နိုင်ငံတကာမှာ ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှုအတွက် ဘယ်လိုအားနည်းချက်တွေ ရှိသလဲ၊ ဘယ်လိုကုစားနိုင်မလဲဆိုတာ စောင့်ကြည့်နေတဲ့ Financial Action Task Force(FATF)လို့ခေါ်တဲ့ ငွေကြေးဆိုင်ရာ စောင့်ကြည့်စစ်ဆေးအရေးယူမှုတွေကို ဆောင်ရွက်နေတဲ့အဖွဲ့ရှိပါတယ်။ ဒီအဖွဲ့အောက်မှာမှ ဒေသတွင်းအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Asia Pacific Group ဆိုတာ ရှိပါတယ်။ ဒီအဖွဲ့က ကျွန်တော်တို့ဆီမှာ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲခတ်မှု (Mutual Evaluation) ဆိုတဲ့ လုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီလိုဆောင်ရွက်ပြီး ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွေမှာ လိုက်နာမှုအားကောင်းဖို့အတွက် Action Plan လုပ်ငန်းစဉ် ၉၉ ခုကို ချပေးခဲ့ပါတယ်။ ဒါတွေ ဆောင်ရွက်နိုင်မှသာ စိန်ခေါ်မှုကြီးတစ်ရပ်ကို ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ ဒီစိန်ခေါ်မှုကို ကျော်လွှားနိုင်ဖို့ တော်တော်လေးကြိုးစားခဲ့ရပါတယ်။ ကြိုးစားတဲ့အခါမှာလည်း ဒုတိယသမ္မတဦးဆောင်တဲ့ Steering Committee လို့ခေါ်တဲ့ ဦးဆောင်ကော်မတီတစ်ခုကို ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီဦးဆောင်ကော်မတီကနေ လိုအပ်တဲ့ အမိန့်ကြေညာစာတွေကို နိုင်ငံတော်သမ္မတရုံးကနေ ထုတ်ပြန်ခဲ့ပါတယ်။ အဲဒါအပြင် သက်ဆိုင်တဲ့ ဌာနအဖွဲ့အစည်းတွေကနေ လိုအပ်တဲ့ ညွှန်ကြားချက်တွေကိုလည်း ထုတ်ပြန်ခဲ့ပါတယ်။ ဆောင်ရွက်ရမယ့် ကိစ္စတွေကိုလည်း လုပ်ငန်းစဉ်များနဲ့ ဆောင်ရွက်ခဲ့ရပါတယ်။ ဆောင်ရွက်ခဲ့တဲ့အခါ ဒုတိယသမ္မတတစ်ဦး ဦးစီးဆောင်ရွက်တာဖြစ်တဲ့အတွက် Technical Compliance လို့ခေါ်တဲ့ ဥပဒေပိုင်းဆိုင်ရာ အားနည်းချက်တော်တော်များများကို ကျော်လွှားနိုင်ခဲ့ပါတယ်။

### နိုင်ငံတကာစံနှုန်းတွေကို လိုက်နာ

ဒ့ါအပြင် Implementation Effectiveness (ထိရောက်မှုဆိုင်ရာ အကောင်အထည်ဖော်မှု)ကိုလည်း Immediate Outcomes–IO (လက်ငင်းရလဒ်) အပေါ် မူတည်တိုင်းတာတဲ့ စံနှုန်းတွေရှိပါတယ်။ အဲဒီလို ထိရောက်မှုဆိုင်ရာ အကောင်အထည်ဖော်မှုမှာလည်း သိသာတဲ့ရလဒ်တွေ နိုင်ငံတော်ကနေ အများကြီးရခဲ့ပါတယ်။ အဲဒီလို ရခဲ့တဲ့အတွက် အဖွဲ့ဝင်အချင်းချင်း အပြန်အလှန် အကဲခတ်အစီရင်ခံစာမှာ ပါဝင်တဲ့ ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ် ၉၉ ခုကနေ နောက်ဆုံးရှစ်ခုအထိသာ ကျန်တဲ့အထိ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီရှစ်ခုကိုလည်း အချိန်မီပြီးစီးအောင် အင်တိုက်အားတိုက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံတကာ အသိုင်းအဝိုင်းကို တံခါးဖွင့် ဝင်လာတယ်ဆိုရင် နိုင်ငံတကာစံနှုန်းတွေကို လိုက်နာရမှာဖြစ်ပါတယ်။ အဲဒီလို လိုက်နာနိုင်ဖို့အတွက်လည်း ကျွန်တော်တို့ အဆင်သင့်ဖြစ်ဖို့ လိုအပ်ပါတယ်။ နိုင်ငံတကာစံနှုန်းတွေ လိုက်နာရန် အဆင်သင့်ဖြစ်ဖို့ကလည်း စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါတယ်။

အဲဒီတော့ တိုင်းပြည်တံခါးဖွင့်ရင် အခွင့်အလမ်းတွေ ပေါ်လာတယ်၊ အဲဒီအခွင့်အလမ်းတွေနဲ့အတူ စိန်ခေါ်မှုလည်း ပေါ်လာတယ်။ ဒီစိန်ခေါ်မှုတွေကို အခက်အခဲအဖြစ်မယူဆဘဲ စွမ်းအားဖြစ်စေတဲ့ တွန်းအားတစ်ရပ်ဖြစ်တယ်လို့ ခံယူကြိုးစားနိုင်မယ်ဆိုရင် နိုင်ငံတကာ စံနှုန်းနဲ့ညီတဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကို ဝင်ဆံ့နိုင်တဲ့ စနစ်တစ်ခုကို တည်ဆောက်သွားနိုင်မယ်လို့ ထင်ပါတယ်။

**အစီအစဉ်မှူး။** ။ဒုတိယအနေနဲ့ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို မေးမြန်းလိုပါတယ်။ NGO၊ INGO အကျိုးအမြတ်မယူတဲ့ အဖွဲ့အစည်းတွေက မြန်မာနိုင်ငံအတွက် အရေးကြီးတဲ့ နေရာမှာပါဝင်နေတဲ့အတွက် သူတို့အသုံးချခံမဖြစ်အောင် ကာကွယ်မှု ဘယ်လိုရှိတယ်ဆိုတာ မျှဝေစေလိုပါတယ်။

**ဦးမင်းထွဋ်။** ။အကျိုးအမြတ် ရယူခြင်းမရှိတဲ့ အဖွဲ့အစည်းတွေအပေါ်မှာ သူတို့ရရှိတဲ့ ဝင်ငွေကိုလည်း ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးသက်သက်ကိုပဲ ပြန်သုံးမယ်ဆိုရင် အဲဒီဝင်ငွေအပေါ်မှာ အခွန်ကောက်ခံခြင်းမရှိပါဘူး။ အခွန်ကင်းလွတ်ခွင့်ပေးထားပါတယ်။ အခွန်ထမ်းတွေအနေနဲ့လည်း အကျိုးအမြတ်ရယူခြင်းမရှိတဲ့ အဖွဲ့အစည်းတွေကို လှူဒါန်းတယ်ဆိုရင် အဲဒီအခွန်ထမ်းတွေရဲ့ စုစုပေါင်းဝင်ငွေကနေ ၂၅ ရာခိုင်နှုန်းထက် မပိုတဲ့ငွေကို စရိတ်အဖြစ် ခွင့်ပြုပါတယ်။ သို့သော်လည်း ကန့်သတ်ချက်တော့ ရှိပါတယ်။ ကန့်သတ်ချက်က အဲဒီအကျိုးအမြတ်ရယူခြင်းမရှိတဲ့ အဖွဲ့အစည်းဆိုတာ နိုင်ငံတော်အဖွဲ့အစည်း အဆင့်ဆင့်ကနေ ကမကထပြုသော သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး အသိအမှတ်ပြုတဲ့ အဖွဲ့အစည်းဖြစ်ဖို့လိုပါတယ်။ ဒါကတော့ အကျိုးအမြတ်ရယူခြင်းမရှိတဲ့ အဖွဲ့အစည်းတွေအပေါ်မှာ ဝင်ငွေခွန်နဲ့ပတ်သက်ပြီး အခွန်ကင်းလွတ်ခွင့် ပေးထားတာပါ။

### ကုန်သွယ်လုပ်ငန်းခွန်

ဒါတင်လားဆိုတော့ မဟုတ်သေးပါဘူး။ ကုန်သွယ်လုပ်ငန်းခွန်နဲ့ပတ်သက်ပြီးတော့ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၈ (ခ) (၁) မှာ ပြည်ထောင်စုအစိုးရက အောက်ဖော်ပြပါကိစ္စများနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပေးခြင်း ပြုလုပ်နိုင်တယ်လို့ ပြဋ္ဌာန်းပါရှိပါတယ်။

ပြည်တွင်း ပြည်ပအလှူရှင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ နိုင်ငံတော်အတွင်း လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် လှူဒါန်းသည့် ကုန်စည်များ၊ နောက်တစ်ခုက အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် ၅ အရ ပြည်တွင်း ပြည်ပအလှူရှင်များမှ ပြည်တွင်း၌ လှူဒါန်းရန် လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် တင်သွင်းသော သို့မဟုတ် ပြည်တွင်း၌ ထုတ်လုပ်သော အထူးကုန်စည်များအပေါ်မှာ ကင်းလွတ်ခွင့်ပေးထားပါတယ်။

ဒါကို ပြန်ပြောရရင် နိုင်ငံတော်အနေနဲ့ အကျိုးအမြတ်ရယူခြင်းမရှိတဲ့ အဖွဲ့အစည်းတွေကို အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်ပေးခဲ့တာ ဖြစ်ပါတယ်။ သို့သော်လည်း တချို့သောသူတွေက ဒီအဖွဲ့အစည်းတွေကို အကာအကွယ်ယူပြီးတော့ ငွေကြေးခဝါချမှုလည်း ဖြစ်လာနိုင်ပါတယ်။

အဲဒီတော့ ၂၀၁၉ ခုနှစ်မှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးဖြစ်တဲ့ အခွန်စီမံအုပ်ချုပ်မှု ဥပဒေဆိုတာလည်း အတည်ပြုပြီးဖြစ်ပါတယ်။ အဲဒီဥပဒေက ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်ကစပြီး အသက်ဝင်နေပါပြီ။ အဲဒီဥပဒေပုဒ်မ ၃(က) မှာ အခွန်ထမ်းနဲ့ပတ်သက်တဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက်ရှိပါတယ်။

အဲဒီမှာ အခွန်ထမ်းဆိုတာ အခွန်ဥပဒေတစ်ရပ်ရပ်အရ ကျသင့်တဲ့အခွန်ကိုပေးဆောင်ရန် တာဝန်ရှိသူအပြင်ပင်ရင်းက နုတ်ယူပြီး ဦးစီးဌာနကို ပေးသွင်းရန် တာဝန်ရှိသူလို့လည်း ပါတယ်လို့ ပြောထားပါတယ်။ ဆိုလိုတဲ့သဘောက ကိုယ်တိုင်အခွန်ပေးဖို့ တာဝန်ရှိသူလည်းဖြစ်မယ်။ ဒါမှမဟုတ် ကိုယ်ကအခွန်ပေးဖို့ တာဝန်မရှိဘူး။ သို့သော်လည်း ပင်ရင်းကနေနုတ်ယူပြီး ငွေပေးချေတဲ့အချိန်မှာ အခွန်ပေးသွင်းရမယ်ဆိုရင်လည်း အခွန်ထမ်းလို့ဆိုပါတယ်။

ဥပမာနဲ့ တင်ပြရမယ်ဆိုရင် အကျိုးအမြတ်ရယူခြင်းမရှိတဲ့ အဖွဲ့အစည်းတွေမှာ ဝန်ထမ်းတွေ ရှိပါတယ်။ အဲဒီဝန်ထမ်းတွေကို လစာတွေ ပေးထားရပါတယ်။ တစ်နှစ်ဝန်ထမ်းတွေရဲ့ လစာသည် ကျပ် ၄၈ သိန်းကျော်တယ်ဆိုရင် ဝင်ငွေခွန်ပေးဆောင်ရမှာ ဖြစ်ပါတယ်။ အဲဒီဝင်ငွေခွန်ပေးဆောင်ရမယ့် ဝန်ထမ်းတွေကို လစာပေးတဲ့အချိန်မှာ နုတ်ယူပေးသွင်းပြီးတော့ ပြည်တွင်းအခွန်များဦးစီးဌာနကို ပေးသွင်းရမှာ ဖြစ်ပါတယ်။ အခုလည်း ပေးသွင်းလျက်ရှိပါတယ်။ ကျွန်တော်တို့ရရှိတဲ့ စာရင်းဇယားအရဆိုရင် အကျိုးအမြတ်ရယူခြင်းမရှိတဲ့ အဖွဲ့အစည်းတွေကနေ နှစ်စဉ် လစာပေါ်မှာ ဝင်ငွေခွန်ပေးဆောင်တာ ကျပ် ၁၀ ဘီလီယံလောက် ရှိပါတယ်။

နောက်တစ်ခုကတော့ အခွန်စီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၉ မှာ အခွန်ထမ်းတစ်ယောက်ချင်းကို အခွန်မှတ်ပုံတင်နံပါတ်တွေ ထုတ်ပေးရမယ်ဆိုတာလည်း ပါပါတယ်။ နောက်ပုဒ်မ ၂၂ မှာကတော့ အဲဒီအခွန်ထမ်းတွေက ဝင်ငွေနှစ်ကုန်ဆုံးပြီး ရက်ပေါင်း ၉၀ အတွင်းမှာ ကျွန်တော်တို့ဆီကို ဝင်ငွေကြေညာလွှာ တင်သွင်းဖို့လိုပါတယ်။ ဆိုလိုတဲ့သဘောကတော့ ကျွန်တော်တို့မှာ ပုံစံလည်းရှိပါတယ်။ ဥပမာ အဖွဲ့အစည်းတွေကရရှိတဲ့ ငွေတွေက ဘာဖြစ်တယ်၊ သုံးတာက ဘာဖြစ်တယ်၊ လက်ကျန်ရှိတယ်၊ မရှိဘူး၊ ပြီးတော့ ပုံသေပိုင်ပစ္စည်းက ဘာတွေပါဆိုတာ၊ လှူဒါန်းတဲ့ငွေဆိုရင်လည်း စာရင်းပူးတွဲပေးရင် အခါအားလျော်စွာ စစ်ဆေးပြီး ငွေကြေးခဝါချမှုတွေကို ကာကွယ်တားဆီးနိုင်မှာ ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီးတော့လည်း လုပ်ထုံးလုပ်နည်းကို အမိန့်ကြေညာစာထုတ်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အားလုံးသိတဲ့အတိုင်း ရွေးချယ်တင်မြှောက်တဲ့ အစိုးရတွေ ပေါ်ပေါက်လာပြီးတဲ့နောက် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းတွေကနေ မြန်မာနိုင်ငံကို လှူဒါန်းတာ၊ ထောက်ပံ့တာ အများကြီးရှိလာပါတယ်။ အဲဒီထဲမှာ တချို့က နိုင်ငံခြားငွေနဲ့ ထောက်ပံ့တာလည်း ရှိပါတယ်။ နိုင်ငံခြားငွေနဲ့ ထောက်ပံ့တာတွေမှာ လိုအပ်တဲ့ စိစစ်မှုတွေကို ဆောင်ရွက်ပေးရတဲ့အတွက် တချို့လည်း အနည်းငယ်ကြန့်ကြာမှုရှိတယ်ဆိုတဲ့ သတင်းတွေလည်း ကြားရပါတယ်။

**အစီအစဉ်မှူး။** ။မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ရော ပြည်ပက လှူဒါန်းမှုတွေအပေါ် စိစစ်တဲ့အခါမှာ ကြန့်ကြာမှုတွေ ဖြစ်ပေါ်နေတာ ဘာကြောင့်ဆိုတာ ဆွေးနွေးပေးပါ။

**ဒေါ်မေတိုးဝင်း။** ။ကျွန်မ ပထမဦးစွာ ဆွေးနွေးလိုတာက ကျွန်မတို့နိုင်ငံရဲ့ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုအကြောင်းပါ။ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားသုံးငွေကို စီမံခန့်ခွဲတာက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ဖြစ်ပါတယ်။ အဲဒီဥပဒေနဲ့တစ်ဆက်တည်း စည်းမျဉ်းဆိုတာလည်း ထုတ်ပြန်ထားပါတယ်။ ဒီဥပဒေနဲ့ စည်းမျဉ်းကို ကိုင်တွယ်ကျင့်သုံးတဲ့ အဖွဲ့အစည်းကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကိုရိုနာဗိုင်းရပ်စ်ရောဂါ(COVID–19)နှင့်ပတ်သက်၍ အမေးများသောမေးခွန်းများနှင့်အဖြေများ (၁၇–၃–၂၀၂၀)

**(၁) ကိုရိုနာဗိုင်းရပ်စ် (Coronavirus) ဆိုတာ ဘာလဲ?**

- ကိုရိုနာဗိုင်းရပ်စ် (Coronavirus) ဆိုတာ တိရစ္ဆာန်တွေမှာသာမက လူတွေမှာပါတွေ့နိုင်တဲ့ ကြီးမားတဲ့ ဗိုင်းရပ်စ် အုပ်စုတစ်မျိုးပါ။ လူတွေကို ကူးစက်တဲ့အခါ သာမန်တုပ်ကွေးရောဂါလက္ခဏာကနေ ပြင်းထန်တဲ့ အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါတွေအထိ ဖြစ်တတ်ပါတယ်။
- (၂၀၀၂) ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ SARS ရောဂါ၊ (၂၀၁၂) ခုနှစ်က အရှေ့အလယ်ပိုင်းဒေသမှာ ဖြစ်ပွားခဲ့တဲ့ MERS ရောဂါတွေလိုမျိုး ပြင်းထန်အဆုတ်ရောင်ရောဂါတွေဟာ ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးတွေကြောင့် ဖြစ်ပွားရခြင်း ဖြစ်ပါတယ်။ မကြာသေးခင်ကမှ အသစ်တွေ့ရှိရတဲ့ ကိုရိုနာဗိုင်းရပ်စ်ကတော့ (COVID–19) လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါကို ဖြစ်ပွားစေခဲ့ပါတယ်။

**(၂) ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID–19)ဆိုတာဘာလဲ ?**

- ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID–19)ဆိုတာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့မှာ စတင်တွေ့ရှိခဲ့တဲ့ Coronavirus မျိုးစိတ်အသစ်တစ်ခုကြောင့် ဖြစ်ပွားခဲ့တဲ့ ကူးစက်ရောဂါပဲ ဖြစ်ပါတယ်။ ဒီဗိုင်းရပ်စ်ကို အရင်တုန်းက လူတွေမှာ မတွေ့ရှိခဲ့ကြဖူးပါဘူး။

**(၃) ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID–19)ရဲ့ ရောဂါလက္ခဏာတွေက ဘာတွေလဲ?**

- အဖြစ်အများဆုံး ရောဂါလက္ခဏာတွေကတော့ အဖျားကြီးခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ချောင်းခြောက်ဆိုးခြင်းတို့ ဖြစ်ပါတယ်။ တချို့လူနာတွေမှာ သလိပ်ထွက်ခြင်း၊ မောခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်းတို့ ဖြစ်တတ်ပါတယ်။ ရောဂါပိုးကူးစက်ခံရသူတချို့မှာ မည်သည့်ရောဂါလက္ခဏာမှ ဖြစ်ပေါ်ခြင်းမရှိပါ။ ရောဂါဖြစ်ပွားသူတွေထဲမှာမှ ၈၀% က အထူးကုသမှုခံယူစရာမလိုဘဲ ပြန်လည်သက်သာသွားလေ့ရှိပါတယ်။ ရောဂါဖြစ်ပွားသူ ငါးယောက်ရှိလျှင် တစ်ယောက်က အသက်ရှူခက်ခဲခြင်း စတဲ့ ပြင်းထန်ရောဂါလက္ခဏာတွေ ခံစားရတတ်ပါတယ်။ အထူးသဖြင့် အသက်ကြီးတဲ့သူတွေ၊ နာတာရှည်ရောဂါ (သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါ)ရှိတဲ့သူတွေမှာ ရောဂါပိုမိုပြင်းထန်တတ်ပါတယ်။ ဖျားနာ၊ ချောင်းဆိုး၊ အသက်ရှူခက်ခဲခြင်းစတဲ့ ရောဂါလက္ခဏာတွေ ခံစားရပြီဆိုလျှင် ဆေးကုသမှု ချက်ချင်းခံယူသင့်ပါတယ်။

**(၄) ကိုရိုနာဗိုင်းရပ်စ်ရောဂါ ဘယ်လိုကူးစက်ခံရနိုင်တာလဲ ?**

- ရောဂါရှိတဲ့သူနဲ့ အနီးကပ် ထိတွေ့ရာကတစ်ဆင့် ရောဂါကူးစက်ခံရနိုင်ပါတယ်။ COVID–19 ရောဂါခံစားနေရတဲ့သူ နှာချေ၊ ချောင်းဆိုးရာမှ ထွက်လာတဲ့ ရောဂါပိုးအစက်အမှုန်တွေ အသက်ရှုလမ်းကြောင်းကို ဝင်ရောက်ရာမှတစ်ဆင့် ရောဂါကူးစက်ခံရနိုင်ပါတယ်။ ရောဂါပိုးအစက်အမှုန်တွေက အနီးပတ်ဝန်းကျင်မှာရှိတဲ့ အရာဝတ္ထုတွေ၊ မျက်နှာပြင်တွေပေါ်ကို ကျရောက်တတ်ပါတယ်။ ဒီရောဂါပိုးတင်ကျန်နေတဲ့ မျက်နှာပြင်၊ အရာဝတ္ထုတွေကို ကိုင်တွယ်ထားတဲ့ လက်နဲ့ မိမိမျက်လုံး၊ နှာခေါင်း၊ ပါးစပ်တို့ကို ကိုင်တွယ်မိရာမှ တစ်ဆင့်လည်း ကူးစက်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ လူတစ်ဦးနှင့်တစ်ဦး (၁) မီတာ (၃ ပေ) အကွာမှာနေဖို့က အလွန်အရေးကြီးပါတယ်။
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)အနေဖြင့် COVID–19 ကူးစက်ပြန့်ပွားပုံနှင့်ပတ်သက်သော သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တွေ့ရှိချက်များကို ဆက်လက်ဖြန့်ဝေသွားမှာ ဖြစ်ပါတယ်။

❖ **COVID–19 ရောဂါဖြစ်စေတဲ့ ဗိုင်းရပ်စ်က လေမှတစ်ဆင့် ကူးစက်နိုင်ပါသလား ?**

  - ယခုလက်ရှိတွေ့ရှိချက်များအရ COVID–19 ဖြစ်ပွားစေတဲ့ ရောဂါပိုး အစက်အမှုန်တွေကို ထိတွေ့ရာမှတစ်ဆင့် အဓိကကူးစက်တာပဲ ဖြစ်ပါတယ်။ (ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)အနေဖြင့် COVID–19 ကူးစက်ပြန့်ပွားပုံနှင့်ပတ်သက်သော သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တွေ့ရှိချက်များကို ဆက်လက်ဖြန့်ဝေသွားမှာ ဖြစ်ပါတယ်)

❖ **ရောဂါပိုးရှိနေပြီး ရောဂါလက္ခဏာမပြတဲ့သူဆီကရော ရောဂါကူးနိုင်ပါသလား?**

  - ရောဂါလက္ခဏာ လုံးဝမပြတဲ့သူကတစ်ဆင့် ကူးစက်နိုင်ခြေ အလွန်နည်းပါတယ်။ ဒါပေမယ့် ရောဂါအစပျိုးချိန်တွေနဲ့ သာမန်ရောဂါလက္ခဏာတွေ ခံစားနေရတဲ့သူကတစ်ဆင့်တော့ ကူးစက်နိုင်ပါတယ်။ (ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)အနေဖြင့် COVID–19 ကူးစက်ပြန့်ပွားပုံနှင့်ပတ်သက်သော သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တွေ့ရှိချက်များကို ဆက်လက်ဖြန့်ဝေသွားမှာ ဖြစ်ပါတယ်)

❖ **ရောဂါရှိသူရဲ့ မစင်ကတစ်ဆင့် ကူးစက်နိုင်ပါသလား?**

  - ရောဂါရှိသူရဲ့ မစင်ကတစ်ဆင့် ကူးစက်နိုင်ခြေနည်းပါတယ်။ ကနဦးတွေ့ရှိချက်တွေအရ တချို့လူနာတွေရဲ့ မစင်ထဲမှာ ရောဂါပိုးရှိနေနိုင်ပေမယ့် အစာအိမ်အူလမ်းကြောင်းကတစ်ဆင့် အဓိကကူးစက်ခြင်းမဟုတ်တာကို တွေ့ရပါတယ်။ မည်သို့ပင်ဖြစ်စေ ကူးစက်နိုင်ခြင်းကို ကာကွယ်ဖို့အတွက် အစာမစားမီတိုင်း အိမ်သာမှ ဆင်းပြီးတိုင်း လက်ကို စနစ်တကျ စင်ကြယ်အောင် ဆေးကြောပါ။ (ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) အနေဖြင့် COVID–19 ကူးစက်ပြန့်ပွားပုံနှင့်ပတ်သက်သော သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တွေ့ရှိချက်များကို ဆက်လက်ဖြန့်ဝေသွားမှာ ဖြစ်ပါတယ်)

**(၅) ရောဂါကာကွယ်ဖို့နည်းလမ်းတွေက ဘာတွေလဲ?**

- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်တဲ့ ရောဂါကာကွယ်နိုင်မယ့် ကျန်းမာရေးအသိပညာပေး သတင်းအချက်အလက်တွေကို သတိပြုဖတ်ရှုကြဖို့ တိုက်တွန်းလိုပါတယ်။ ယခုအခါ ကမ္ဘာ့နိုင်ငံအများစုမှာ ရောဂါကူးစက်ပျံ့နှံ့နေပြီ ဖြစ်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် တချို့နိုင်ငံတွေမှာ ရောဂါထိန်းချုပ်မှုတွေ အောင်မြင်နေပြီဖြစ်ပေမယ့် အခြေအနေတွေက ခန့်မှန်းလို့ မရနိုင်သေးပါဘူး။ နောက်ဆုံးရသတင်းတွေကို ပုံမှန်စောင့်ကြည့်ဖို့ အရေးကြီးပါတယ်။

ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့အတွက်–

- ရေနဲ့ ဆပ်ပြာအသုံးပြုပြီး အနည်းဆုံးစက္ကန့် ၂၀ ကြာအောင် လက်ကို မကြာခဏ စနစ်တကျ ဆေးကြောပါ။ (သို့မဟုတ်) Alcohol (အနည်းဆုံး ၆၀%)ပါတဲ့ လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။ (လက်ကို စနစ်တကျ မကြာခဏ ဆေးခြင်းအားဖြင့် လက်မှာကပ်ငြိနေတဲ့ ရောဂါပိုးတွေကို သေစေနိုင်ပါတယ်)
- နှာချေ၊ ချောင်းဆိုးနေတဲ့သူတွေနဲ့ တွေ့ဆုံတဲ့အခါ အနည်းဆုံး (၁)မီတာ (၃ ပေ) အကွာမှာနေပါ။ (ရောဂါပိုးရှိသူတွေ နှာချေ၊ ချောင်းဆိုးတဲ့အခါ ထွက်လာတဲ့ သေးငယ်သော အမှုန်အမွှားတွေမှာ ရောဂါပိုးတွေ ပါရှိတတ်လို့ပါ)
- မိမိရဲ့မျက်လုံး၊ နှာခေါင်းနဲ့ ပါးစပ်တို့ကို မကြာခဏ ကိုင်တွယ်ခြင်း မပြုပါနဲ့။ (လက်မှာ ရောဂါပိုးတွေ ကပ်ငြိနေမယ်ဆိုရင် မျက်လုံး၊ နှာခေါင်းနဲ့ ပါးစပ်တို့ကနေတစ်ဆင့် ရောဂါပိုးတွေ ဝင်ရောက်နိုင်လို့ပါ)
- နှာချေ၊ ချောင်းဆိုးတဲ့အခါတိုင်း လိုက်နာရမယ့် ကျင့်ဝတ်တွေကို လိုက်နာပါ။ နှာချေ၊ ချောင်းဆိုးတဲ့အခါ နှာခေါင်းနဲ့ ပါးစပ်ကို တစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် လုံခြုံအောင် ဖုံးအုပ်ပါ။ သုံးပြီးသားတစ်ရှူးကို အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ။ လက်ကို စနစ်တကျပြန်ဆေးပါ။
- နေမကောင်းဖြစ်လျှင် အိမ်မှာပဲ အနားယူပါ။ ဖျားနာ၊ ချောင်းဆိုး၊ အသက်ရှူခက်ခဲခြင်းတွေဖြစ်ခဲ့လျှင် ဆေးကုသမှု ချက်ချင်းခံယူပါ။ သက်ဆိုင်ရာ ကျန်းမာရေးဌာနတွေက လမ်းညွှန်ချက်အတိုင်း လိုက်နာပါ။
- COVID–19 ရောဂါဘယ်နေရာတွေမှာ ဖြစ်ပွားနေပြီဆိုတဲ့ နောက်ဆုံးရသတင်းတွေကို စောင့်ကြည့်ပါ။ အဲဒီနေရာတွေကို ခရီးသွားခြင်းမှ တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။ (အထူးသဖြင့် အသက်ကြီးသူများနှင့် နာတာရှည်ရောဂါရှိသူများ)

❖ **လွန်ခဲ့သော (၁၄)ရက်အတွင်း COVID–19 ရောဂါဖြစ်ပွားနေတဲ့ ဒေသမှ ပြန်လာသောသူများ လိုက်နာရမယ့်အချက်တွေက ဘာတွေလဲ?**

  - အထက်မှာ ဖော်ပြထားတဲ့ ရောဂါကာကွယ်နိုင်မယ့် နည်းလမ်းတွေကို လိုက်နာပါ။
  - မိမိမှာ ခေါင်းကိုက်ခြင်း၊ အဖျားငွေ့ငွေ့ရှိခြင်း စသည့် ရောဂါလက္ခဏာတွေ ပေါ်ပေါက်ပါက မိသားစုနဲ့အတူ ရောနှောနေထိုင်ခြင်းမပြုဘဲ သီးသန့်ခွဲခြားနေထိုင်ပါ။ အကယ်၍ အစားအစာဝယ်ရန် / အပြင်ထွက်ရန် မဖြစ်မနေလိုအပ်ပါက ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်ထားရပါမယ်။ အကယ်၍ အဖျားကြီးခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူခက်ခြင်းတို့ ဖြစ်ပေါ်လာလျှင် ဆေးကုသမှု ချက်ချင်းခံယူပါ။ ခရီးသွားရာဇဝင်ကို နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပို့ပြီး ကုသမှုခံယူပါ။ ခရီးသွားရာဇဝင်နဲ့ အနီးကပ်ထိတွေ့ဆက်ဆံခဲ့တဲ့ သူတွေစာရင်းကို ကျန်းမာရေးစောင့်ရှောက်သူထံ ပြောပြပါ။ (အထက်ပါအချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် COVID–19 ရောဂါအပါအဝင် အခြားကူးစက်ရောဂါများ အန္တရာယ်ကနေ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

**(၆) (COVID–19)ရောဂါ ကူးစက်နိုင်ခြေ ဘယ်လောက်ရှိသလဲ ?**

- “သင်” ဘယ်နေရာမှာ နေတာလဲရယ်၊ ခရီးသွားခဲ့တဲ့ ဒေသတွေပေါ်မှာ မူတည်ပြီး ကူးစက်နိုင်ခြေ ကွာခြားသွားပါတယ်။ ရောဂါကူးစက်မှုဖြစ်ပွားနေတဲ့ မြို့ကြီးတွေ၊ ဒေသတွေမှာ နေထိုင်တဲ့သူတွေနဲ့၊ အဲဒီဒေသတွေကို ခရီးသွားလာတဲ့သူတွေမှာ ရောဂါကူးစက်နိုင်ခြေ ပိုများပါတယ်။ အစိုးရနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ရောဂါကာကွယ် ထိန်းချုပ်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါတယ်။ အစိုးရက ထုတ်ပြန်ထားတဲ့ ခရီးသွားလာခြင်းနဲ့ပတ်သက်တဲ့ တားမြစ်ချက်တွေ၊ လူစုလူဝေးနဲ့ပတ်သက်တဲ့ တားမြစ်ချက်တွေကို သေသေချာချာ လိုက်နာဆောင်ရွက်ရပါမယ်။ ရောဂါကာကွယ်ရေး လုပ်ငန်းစဉ်တွေမှာ ပူးပေါင်းပါဝင်ခြင်းဖြင့် မိမိကိုယ်တိုင်ရော သူတစ်ပါးကိုပါ ရောဂါကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ COVID–19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်တယ်ဆိုတာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ အချို့နိုင်ငံတွေက လက်တွေ့ပြသနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ရောဂါကူးစက်ပျံ့နှံ့မှု အသစ်ဖြစ်ပွားခြင်းတွေကလည်း အလျင်အမြန် ပေါ်ပေါက်လာနိုင်ပါတယ်။ ဒါကြောင့် ကိုယ်သွားမယ့်ဒေသရဲ့ COVID–19 ရောဂါနဲ့ ပတ်သက်တဲ့ အခြေအနေတွေကို သတိပြုဖို့ အလွန်အရေးကြီးပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း နေ့စဉ်နဲ့အမျှ နောက်ဆုံးရ သတင်းအချက်အလက်တွေကို ကမ္ဘာအနှံ့ကို ပေးပို့နေပါတယ်။

**(၇) COVID–19 ရောဂါဟာ ဘယ်အတိုင်းအတာအထိ စိုးရိမ်ရမှာလဲ?**

- ကလေးတွေနဲ့ လူငယ်တွေမှာ COVID–19 ရောဂါဟာ ပြင်းထန်လေ့မရှိဘဲ သာမန်ရောဂါ လက္ခဏာတွေပဲ ဖြစ်ပွားတတ်တာပါ။ ရောဂါဖြစ်ပွားသူ ငါးယောက်မှာ တစ်ယောက်က ရောဂါပြင်းထန်နိုင်ပြီး ဆေးရုံမှာ ကုသဖို့လိုနိုင်ပါတယ်။ ဒါကြောင့်မို့ ကိုယ်ကိုယ်တိုင်နဲ့အတူ ကိုယ်ချစ်ရတဲ့သူတွေနဲ့ ကိုယ့်ပတ်ဝန်းကျင်ကိုရော ရောဂါကူးစက်မှာကို လူတိုင်းစိုးရိမ်နေကြမှာပါ။ စိုးရိမ်ပူပန်နေရုံနဲ့မပြီးပါဘူး။ လက်မကြာခဏ စနစ်တကျ ဆေးခြင်း၊ ချောင်းဆိုး၊ နှာချေတဲ့အခါ လိုက်နာရမယ့် ကျင့်ဝတ်တွေကို လိုက်နာခြင်းစတဲ့ ရောဂါကာကွယ်ရမယ့် နည်းလမ်းတွေကို တစ်ဦးချင်းစီက လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ကျန်းမာရေးဆိုင်ရာ အကြံပြုချက်တွေ၊ အစိုးရက ထုတ်ပြန်တဲ့ တားမြစ်ချက်တွေကို တစ်ဦးတစ်ယောက်ချင်းစီက လိုက်နာမယ်ဆိုရင် ရောဂါကူးစက်ပျံ့နှံ့မှုကို ကာကွယ်နိုင်မှာပဲ ဖြစ်ပါတယ်။

**(၈) ဘယ်လိုလူတွေမှာ ရောဂါပြင်းထန်တာလဲ?**

- ယခုလက်ရှိ တွေ့ရှိချက်များအရတော့ အသက်ကြီးတဲ့သူတွေ၊ နဂိုရောဂါအခံ (သွေးတိုး၊ ဆီးချို၊ နှလုံး၊ ကင်ဆာ၊ အဆုတ်ရောဂါ) ရှိတဲ့သူတွေမှာ ပိုပြီးပြင်းထန်တတ်ပါတယ်။

**(၉) ပဋိဇီဝဆေး(Antibiotics)တွေက COVID–19 ရောဂါကို ကာကွယ်ကုသတဲ့နေရာမှာ ထိရောက်ပါသလား?**

- မထိရောက်ပါဘူး။ ပဋိဇီဝဆေးတွေက ဗက်တီးရီးယားကြောင့် ဖြစ်တဲ့ရောဂါတွေကိုပဲ ကုနိုင်တာပါ။ ဗိုင်းရပ်စ်ကြောင့်ဖြစ်တဲ့ရောဂါတွေကို ကုသရာမှာ မသုံးသင့်ပါဘူး။

**(၁၀) COVID–19 ရောဂါကို ကာကွယ်ကုသဖို့ ဆေးဝါးကုထုံးတွေ ရှိပါသလား?**

- COVID–19 ရောဂါကို ကုသနိုင်တယ်ဆိုပြီး အနောက်တိုင်းဆေးပညာ၊ တိုင်းရင်းဆေး၊ အိမ်တွင်းဆေးအမျိုးမျိုး ပေါ်ထွက်နေပေမယ့် လက်ရှိမှာတော့ ခိုင်မာတဲ့သက်သေ အထောက်အထားမရှိပါဘူး။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ပဋိဇီဝဆေးများအပါအဝင် မည်သည့်ဆေးကိုမျှ မိမိသဘောနဲ့မိမိ မသုံးစွဲရန် အကြံပြုထားပါတယ်။ ယခုလက်ရှိမှာတော့ ရောဂါကုသဖို့အတွက် အနောက်တိုင်းဆေးပညာရော တိုင်းရင်းဆေးပညာကပါ ပေါင်းစပ်ပြီး ကြိုးစားဆောင်ရွက်နေကြပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ အသစ်တွေ့ရှိတဲ့ ဆေးပညာဆိုင်ရာ အချက်အလက်တွေကို ဆက်လက်ဖြန့်ဝေသွားမှာ ဖြစ်ပါတယ်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**(ဆက်လက်ဖော်ပြပါမည်)**

# တရုတ်နိုင်ငံ၏ ဗိုင်းရပ်စ်တိုက်ဖျက်ရေးနည်းလမ်းများကို အခြားနိုင်ငံများက လိုက်နာဆောင်ရွက်သင့်

■ အောင်ကျော်ကျော်

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို ကာကွယ်ထိန်းချုပ်တဲ့ တရုတ်နိုင်ငံရဲ့နည်းလမ်းတွေဟာ ထိရောက်မှုအရှိဆုံးဖြစ်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တီဒရော့စ်အက်နွန်းဂါ ဘရီရီဆက်က ယုံကြည်ထားပါတယ်။ ဒါကြောင့် တရုတ်အစိုးရရဲ့ ဗိုင်းရပ်စ်တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းဆောင်တာတွေကို အနောက်နိုင်ငံတွေသာမက အခြားနိုင်ငံတွေကပါ လိုက်နာဆောင်ရွက်မယ်ဆိုရင် ထိရောက်မှုရှိနိုင်မယ်လို့ ထင်မြင်ယူဆမိပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို တရုတ်အစိုးရအနေနဲ့ ဘယ်လိုမဟာဗျူဟာနည်းလမ်းတွေအသုံးပြုပြီး ထိန်းချုပ်ဟန့်တားခဲ့သလဲဆိုတာ လေ့လာကြည့်ပါစို့။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုနှုန်း အမြင့်မားဆုံးအဆင့်ကိုရောက်ရှိခဲ့တဲ့ တရုတ်နိုင်ငံဟာ ယခုအချိန်မှာ တစ်နေ့တာကူးစက်မှုနှုန်းကိုကြည့်မယ်ဆိုရင် အများကြီးလျော့ကျသွားတာကို တွေ့ရပါတယ်။ ဆေးမှတ်တမ်းတွေကိုကြည့်မယ်ဆိုရင် ပြီးခဲ့တဲ့ လေးရက်ဆက်တိုက်မှာ တရုတ်နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူတစ်ဦးသာ တွေ့ရှိရပါတယ်။ ဒီလိုဗိုင်းရပ်စ်ကူးစက်မှုနှုန်း လျော့ကျသွားတာဟာ လက်ရှိဗိုင်းရပ်စ်ကူးစက်ခံနေရတဲ့ နိုင်ငံတွေအတွက် မျှော်လင့်ချက်ရောင်ခြည်တစ်ခုဖြစ်တယ်လို့ ယူဆရပါတယ်။

ဗဟိုချုပ်ကိုင်မှုစနစ်ကျင့်သုံးတဲ့ တရုတ်အစိုးရအတွက် ပြည်သူတွေရဲ့ အသက်နဲ့စည်းစိမ်ကို ခြိမ်းခြောက်လာတဲ့ မည်သည့်ကိစ္စရပ်မဆို သဘောထားကွဲလွဲခွင့်မရှိဘဲ မဟာဗျူဟာတစ်ရပ်ချမှတ်ပြီး လုပ်ကိုင်နိုင်တာဟာ အားသာချက်တစ်ခုလို့ ဆိုရမှာဖြစ်ပါတယ်။



**ဗဟိုချုပ်ကိုင်မှုစနစ်ကျင့်သုံးတဲ့ တရုတ်အစိုးရအတွက် ပြည်သူတွေရဲ့ အသက်နဲ့စည်းစိမ်ကို ခြိမ်းခြောက်လာတဲ့ မည်သည့်ကိစ္စရပ်မဆို သဘောထား ကွဲလွဲခွင့်မရှိဘဲ မဟာဗျူဟာတစ်ရပ်ချမှတ်ပြီး လုပ်ကိုင်နိုင်တာဟာ အားသာချက်တစ်ခုလို့ ဆိုရမှာဖြစ်ပါတယ်**

### ခရီးသွားလာမှုတွေကို ပိတ်ပင်ပြီး ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်

ဇန်နဝါရီလမှာ တရုတ်အာဏာပိုင်တွေက ဗိုင်းရပ်စ်ပိုးစတင်ဖြစ်ပွားရာ ဝူဟန်မြို့ကို ခရီးသွားလာမှုတွေ စတင်ပိတ်ပင်ခဲ့ပါတယ်။ ဒေသခံ ၁၁ သန်းကိုလည်း နေအိမ်အတွင်းမှ ပြင်ပသို့ ထွက်ခွင့်မပေးဘဲ ရောဂါကူးစက်ခြင်းရှိ၊ မရှိ သီးခြားစောင့်ကြည့်စေခဲ့ပါတယ်။ ဒ့ါအပြင် ဟူပေပြည်နယ်ရဲ့ ကျန်ဒေသတွေမှာလည်း ဒေသခံ သန်း ၅၀ ခန့်ကို သီးခြားစောင့်ကြည့်မှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ ဒ့ါအပြင် နိုင်ငံရဲ့ကျန်ဒေသတွေမှာလည်း ပြည်သူတွေကို နေအိမ်အတွင်းမှာသာ နေထိုင်စေဖို့ တင်းကျပ်စွာ တိုက်တွန်းခဲ့ပါတယ်။

ဗိုင်းရပ်စ်ကူးစက်မှုကို ကာကွယ်တဲ့အနေနဲ့ သန်းရာနဲ့ချီတဲ့ တရုတ်ပြည်သူတွေဟာ မိမိတို့ရဲ့နေအိမ်အတွင်းမှာသာ နေထိုင်ခဲ့ကြရပါတယ်။ ဒါပေမယ့် မဖြစ်မနေကိစ္စတွေအတွက် နေအိမ်ပြင်ပသို့ ထွက်မယ်ဆိုရင် အနီးဝန်းကျင်မှာ ပြည်သူတွေကို ထိန်းသိမ်းကြပ်မတ်ပေးတဲ့ အာဏာပိုင်အဖွဲ့ဝင်တွေကို အကူအညီတောင်းခံနိုင်ပါတယ်။ ဒီလိုလုပ်ဆောင်ခြင်းဟာ တရုတ်အာဏာပိုင်တွေရဲ့ ရောဂါထိန်းချုပ်မှုလုပ်ငန်းစဉ်တွေ အောင်မြင်တယ်လို့ပြောရမှာပါ။ ဘာလို့လဲဆိုရင် ဝူဟန်မြို့ကို ခရီးသွားလာမှုတွေပိတ်ပင်ပြီး နှစ်ပတ်လောက်ကြာတဲ့အခါမှာ ရောဂါကူးစက်မှုနှုန်းဟာ သိသိသာသာ စတင်လျော့ကျသွားတာကို တွေ့ရပါတယ်။ ယခုအချိန်မှာ အမေရိကန်ပြည်နယ်အချို့နဲ့ ဥရောပနိုင်ငံအာဏာပိုင်တွေဟာ ပြည်သူတွေကို နေအိမ်အတွင်းမှာသာ နေထိုင်ဖို့နဲ့ လူစုလူဝေးနဲ့လုပ်ဆောင်တဲ့ကိစ္စရပ်တွေကို ရှောင်ကြဉ်ကြဖို့ လမ်းညွှန်ထားတာကို တွေ့ရပါတယ်။ ဒါပေမယ့် ဒီနည်းလမ်းကို ကျင့်သုံးမယ်ဆိုရင် ရောဂါကူးစက်မှုကို ထိန်းချုပ်ဟန့်တားရာမှာ ထိရောက်မှုရှိပေမယ့် ပြည်သူတွေအတွက် ရေရှည်မှာ လူမှုရေးဆိုးရွားမှုနဲ့ စီးပွားရေးကုန်ကျစရိတ်တွေ များပြားမှုရှိလာနိုင်တယ်လို့ လန်ဒန်အင်ပါယာကောလိပ်ရဲ့ လေ့လာမှုတစ်ရပ်က သုံးသပ်ထားပါတယ်။ ပြီးတော့ ဗိုင်းရပ်စ်ကာကွယ်၊ ကုသဆေးဖော်ထုတ်ဖို့ အနည်းဆုံး ၁၈ လ ကြာမြင့်နိုင်တယ်လို့ အဆိုပါကောလိပ်က ခန့်မှန်းထားပြီး ကာကွယ်ဆေးပေါ်ပေါက်သည့်တိုင် ပြည်သူတွေအနေနဲ့ နေအိမ်အတွင်းမှာသာ နေထိုင်ရမယ်ဆိုတာ ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ်ဖြစ်တယ်လို့လည်း အဆိုပါကောလိပ်က ဆိုပါတယ်။

### ဗိုင်းရပ်စ်အန္တရာယ် အင်တိုက်အားတိုက် ကာကွယ်

ဗိုင်းရပ်စ်ပျံ့နှံ့မှုဟာ လျင်မြန်လွန်းတဲ့အတွက် ဟူပေပြည်နယ်ရဲ့ ကျန်းမာရေးလုပ်သားတွေအနေနဲ့ မနိုင်ဝန်ထမ်းခဲ့ရပါတယ်။ ဒါကြောင့် ဆရာဝန်တွေနဲ့ ကျန်းမာရေးလုပ်သား ၄၂၀၀၀ ခန့်ကို ဟူပေပြည်နယ်သို့ စေလွှတ်ပြီး ဗိုင်းရပ်စ်ပျံ့နှံ့မှုထိန်းချုပ်ရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိအချိန်မှာ တရုတ်ကြက်ခြေနီအသင်းရဲ့ ကျန်းမာရေးကျွမ်းကျင်ပညာရှင်တွေက အီတလီနိုင်ငံရဲ့ ဆေးရုံအများအပြားမှာ ကျန်းမာရေးပြုစုစောင့်ရှောက်မှုတွေကို အီတလီကျန်းမာရေးကျွမ်းကျင်ပညာရှင်တွေနဲ့ ပူးပေါင်းလုပ်ဆောင်လျက်ရှိပါတယ်။ အီတလီနိုင်ငံဟာ တရုတ်ပြီးရင် ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးမှုနှုန်းအများဆုံးနိုင်ငံဖြစ်ပါတယ်။

တရုတ်နိုင်ငံအတွင်းမှာ ဗိုင်းရပ်စ်ပျံ့နှံ့မှုကို တားဆီးထိန်းချုပ်ဖို့ ကျန်းမာရေးလုပ်သားတွေကို တာဝန်ပေးလုပ်ဆောင်စေခြင်းဟာ ထိရောက်မှုရှိပေမယ့် ကျန်းမာရေးလုပ်သား ၃၃၀၀ ကျော် ဗိုင်းရပ်စ်ကူးစက်ခြင်းခံခဲ့ရပြီး ၁၃ ဦး သေဆုံးခဲ့တယ်လို့ တရုတ်ကျန်းမာရေးဝန်ကြီးဌာနရဲ့ မတ်လအစောပိုင်းက ထုတ်ပြန်ကြေညာချက်အရ သိရပါတယ်။

တရုတ်အစိုးရရဲ့ နောက်ထပ်ကြိုးပမ်းချက်တစ်ခုအနေနဲ့ ဗိုင်းရပ်စ်ကူးစက်ခံရလူနာတွေကို ပြုစုစောင့်ရှောက်ဖို့အတွက် ဝူဟန်မြို့မှာ ဆေးဝါးထောက်ပံ့မှု အပြည့်အစုံပါရှိတဲ့ ခုတင် ၂၃၀၀ ဆံ့ ဆေးရုံနှစ်ရုံကို ၁၀ ရက်အတွင်း တည်ဆောက်ပေးခဲ့ပါတယ်။

တရုတ်နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှု လျော့ကျစေဖို့အတွက် ပြည်သူတွေကိုကျန်းမာရေးဆိုင်ရာသတင်းတွေ ဖြန့်ဝေပေးဖို့ မီဒီယာလက်နက်ကိုလည်း ထိရောက်စွာ အသုံးချနိုင်ခဲ့ပါတယ်။

### နှာခေါင်းစည်းဝတ်ဆင်မှုနှင့် စစ်ဆေးကြပ်မတ်မှု

တရုတ်နိုင်ငံမြို့တော်တွေမှာရှိတဲ့ တိုက်ခန်းတွေ၊ စီးပွားရေးလုပ်ငန်းတွေနဲ့ ပန်းခြံတွေကို ဝင်မယ်ဆိုရင် နှာခေါင်းစည်းဝတ်ဆင်ထားမှသာ ဝင်ရောက်ခွင့်ပြုပါတယ်။ နိုင်ငံတစ်ဝန်း နှာခေါင်းစည်းတွေ တွင်တွင်ကျယ်ကျယ်ဝတ်ဆင်တာဟာ ဗိုင်းရပ်စ်ပိုးကူးစက်မှုကာကွယ်တားဆီးရေးမှာ လွန်စွာအထောက်အကူပြုတာကို တွေ့ရှိရပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ပိုးပျံ့နှံ့လျက်ရှိနေစဉ်အချိန်မှာပင် တရုတ်နိုင်ငံက တစ်ရက်ကို နှာခေါင်းစည်း ၁ ဒသမ ၆ သန်းခန့်ကို ထုတ်လုပ်ပေးလျက်ရှိတယ်လို့ နိုင်ငံပိုင်သတင်းအေဂျင်စီ ဆင်ဟွာမှ သိရပါတယ်။ ဒါဟာ ဗိုင်းရပ်စ်ပျံ့နှံ့မှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်အတွက် ထိရောက်တဲ့ ကူညီထောက်ပံ့မှုတစ်ခုဖြစ်ပါတယ်။ ဒ့ါအပြင် ဗိုင်းရပ်စ်ကူးစက်မှုနှုန်းလျော့ကျစေဖို့ လူနေအိမ်အဆောက်အဦတွေ၊ တိုက်ခန်းတွေနဲ့ ဈေးဆိုင်တွေ (သို့မဟုတ်) အများပြည်သူနဲ့သက်ဆိုင်တဲ့နေရာတွေမှာ အပူချိန်တိုင်းကိရိယာတွေအသုံးပြုပြီး ပြည်သူတွေရဲ့ ခန္ဓာကိုယ်အပူချိန်တွေကို တိုင်းတာပေးတဲ့ စစ်ဆေးရေးဂိတ်တွေ ဖွင့်လှစ်ထားပါတယ်။

### လျှို့ဝှက်ဘားကုဒ်များ အသုံးပြု

တစ်ဦးတစ်ယောက်ဟာ ကိုယ်အပူချိန် ၃၇ ဒသမ ၃ ဒီဂရီ စင်တီဂရိတ်(၉၉ ဒသမ ၁ ဖာရင်ဟိုက်)ထက်ပိုပြီး မြင့်တက်နေမယ်ဆိုရင် သီးခြားစောင့်ကြည့်လူနာအဖြစ် သတ်မှတ်ခံရမှာ ဖြစ်ပါတယ်။ နည်းပညာမြင့်မားပြီး ကိုယ်ရေးသတင်းအချက်အလက်တွေကို လျှို့ဝှက်ပေးတဲ့ တရုတ်နိုင်ငံမှာ ပြည်သူတွေအနေနဲ့ ဘယ်နေရာတွေကို ခရီးသွားခဲ့သလဲ။ ဥပမာ- ဗိုင်းရပ်စ်ပိုးကူးစက်မှု အမြင့်မားဆုံးနေရာတွေကို ခရီးသွားခဲ့သလား ဒါတွေကို သိရှိမြင်သာစေဖို့ ပြည်သူတွေရဲ့ လျှို့ဝှက်ဘားကုဒ်တွေမှာ အစိမ်းရောင်၊ အဝါရောင် (သို့မဟုတ်) အနီရောင် ဆိုပြီး သတ်မှတ်ပေးထားပါတယ်။ သူတို့ရဲ့ဖုန်းထဲမှာရှိတဲ့ ဒီလျှို့ဝှက်ဘားကုဒ်တွေကို ပြသပြီးတော့ စစ်ဆေးရေးဂိတ်တွေကို ဖြတ်သန်းသွားလာနိုင်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေရဲ့ ဝင်ပေါက်တွေမှာ ဒီလိုစစ်ဆေးအကဲဖြတ်မှုတွေကို အဓိကထားလုပ်ဆောင်လျက်ရှိပါတယ်။ ဗိုင်းရပ်စ်ကူးစက်မှု လျော့ကျသွားတဲ့အချိန်ထိ ဒီလိုစစ်ဆေးအကဲဖြတ်မှုတွေကို နိုင်ငံအတွင်းမှာ ဆက်လက်လုပ်ဆောင်မယ်လို့ တရုတ်အစိုးရက ပြောကြားထားပါတယ်။

အထက်မှာ ဖော်ပြခဲ့တဲ့ တရုတ်အစိုးရရဲ့ မဟာဗျူဟာမြောက် ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းစဉ်တွေကို ကမ္ဘာ့နိုင်ငံတွေက လိုက်နာကျင့်သုံးမယ်ဆိုရင် ဗိုင်းရပ်စ်ကူးစက်မှုနှုန်းတွေ သိသိသာသာ လျော့ကျသွားမယ်လို့ ယုံကြည်မိပါတယ်။

**ကိုးကား- အေအက်ဖ်ပီ**

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကမ္ဘာတစ်ဝန်း သေဆုံးမှုမှာ ၁၀၀၀၀ ကျော်ရှိလာ

**ရောမ မတ် ၂၂**

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကမ္ဘာတစ်ဝန်း လူသေဆုံးမှုမှာ ၁၀၀၀၀ ကျော်အထိ ရှိလာခဲ့ပြီး သေဆုံးသူများအနက် ၄၈၀၀ ကျော်မှာ အီတလီနိုင်ငံမှဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကမ္ဘာတစ်ဝန်း သေဆုံးသူအရေအတွက်မှာ ၁၃၄၄ ဦး ထပ်မံမြင့်တက်လာခဲ့ရာ စုစုပေါင်း ၁၁၁၈၄ ဦး အထိရှိလာခဲ့ပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ပြောကြားသည်။ ကမ္ဘာ့အစိုးရများက ထုတ်ပြန်သည့်စာရင်းများအရ အီတလီနိုင်ငံက ကိုဗစ်-၁၉ ကြောင့် လူသေဆုံးသူ ၄၈၂၅ ဦးဖြင့် ကူးစက်လူနာအများဆုံးသေဆုံးသော တိုင်းပြည်ဖြစ်ပြီး တရုတ်နိုင်ငံက ၃၂၅၅ ဦးဖြင့် ဒုတိယ၊ အီရန်နိုင်ငံက ၁၅၅၆ ဦးဖြင့် တတိယနှင့် စပိန်နိုင်ငံက ၁၃၂၆ ဦးဖြင့် စတုတ္ထ အစဉ်လိုက်ရှိနေသည်။

### ညွှန်ကြား

အီတလီနိုင်ငံတွင် ယမန်နေ့က ကူးစက်လူနာ ၇၉၃ ဦး သေဆုံးခဲ့ပြီး တစ်ရက်အတွင်း သေဆုံးသူအရေအတွက် အများဆုံးဖြစ်ခဲ့ကြောင်း ကြေညာခဲ့သည်။ အီတလီနိုင်ငံတွင် ကူးစက်လူနာသစ် ၆၅၅၇ ဦး ထပ်မံတွေ့ရှိရာ ကူးစက်ခံရသူ စုစုပေါင်း ၅၃၅၇၈ ဦးအထိ ရောက်ရှိလာခဲ့သည်။ အစိုးရက ကန့်သတ်ချက်များ တင်းကျပ်နေကြောင်း အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီက မတ် ၂၁ ရက်တွင် ကြေညာခဲ့သည်။ မရှိမဖြစ် ကုန်ပစ္စည်းများ ထုတ်လုပ်သောလုပ်ငန်းများမှလွဲ၍ စီးပွားရေးလုပ်ငန်းအားလုံး ပိတ်သိမ်းရန် ညွှန်ကြားထားကြောင်း ကွန်တီက ပြောကြားသည်။

စပိန်နိုင်ငံတွင် တစ်ရက်အတွင်း ကူးစက်လူနာ ၅၀၀၀ နီးပါး မြင့်တက်လာခဲ့ရာ ကူးစက်ခံရသူ စုစုပေါင်း ၂၄၉၂၆ ဦးအထိ ရှိလာခဲ့ပြီဖြစ်သည်။ အဆိုးရွားဆုံးအခြေအနေ ဖြစ်မလာသေးကြောင်း၊ ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှု ဆက်လက်ဖြစ်ပွားမည်ဖြစ်ကြောင်း စပိန်ဝန်ကြီးချုပ် ပတ်ဒရိုဆန်းချက်ဇ်က ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုသစ် ၁၀၀၀ ကျော် ဖြစ်ပွားခဲ့ကြောင်း ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့က ကြေညာခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

## ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၉၈ ဦးရှိကြောင်း ဗီယက်နမ် အတည်ပြု

**ဟန်္နိုင်း မတ် ၂၂**

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဟိုချီမင်းမြို့တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ လူနာအသစ်လေးဦးတွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့ မွန်းလွဲပိုင်းက အတည်ပြုသဖြင့် တစ်နိုင်ငံလုံးတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ အတည်ပြုလူနာအရေအတွက် စုစုပေါင်းသည် ၉၈ ဦးသို့ ရောက်ရှိသွားပြီဖြစ်သည်။

ဗိုင်းရပ်စ်ကူးစက်ခံရသူ လူနာအသစ်များတွင် ဗီယက်နမ်လူမျိုးနှစ်ဦးပါဝင်သည်။ ၎င်းတို့မှာ ပြင်သစ်နိုင်ငံတွင် ပညာသင်ကြားနေသည့် အသက် ၂၀ အရွယ် အမျိုးသားတစ်ဦး၊ ဗီယက်နမ်နိုင်ငံသို့ ပြန်မလာမီ နှစ်ပတ်အတွင်း ပြင်သစ်၊ ချက်၊ ဂျာမနီ၊ ဘယ်လ်ဂျီယံနိုင်ငံတို့သို့ ခရီးသွားခဲ့သည့် အသက် ၂၁ နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့ဖြစ်သည်။

အခြားလူနာအသစ်နှစ်ဦးမှာ ဗြိတိသျှလူမျိုးများဖြစ်သည်။ တစ်ဦးမှာ နိုင်ငံခြားဘာသာဆရာအဖြစ် အလုပ်လုပ်နေသည့် အသက် ၃၄ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်သည်။ ၎င်းသည် ဗီယက်နမ်နိုင်ငံသို့ ပြန်မလာမီ မလေးရှားနိုင်ငံတွင် နှစ်ပတ်ကြာနေထိုင်ခဲ့သည်။ အခြားတစ်ဦးမှာ ထိုအမျိုးသား၏ သက်တူရွယ်တူ အခန်းဖော်ဖြစ်သည်။ ထိုသူသည်လည်း ဗီယက်နမ်နိုင်ငံတွင် နိုင်ငံခြားဘာသာဆရာအဖြစ် အလုပ်လုပ်နေသူဖြစ်ပြီး မလေးရှားနိုင်ငံသို့ ခရီးသွားရောက်ပြီး ပြန်လာသူဖြစ်သည်။

ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ဗီယက်နမ်နိုင်ငံတွင် တနင်္ဂနွေနေ့မှစ၍ သီးခြားထားရှိသည့် သံသယလူနာ ၁၉၆ ဦးနှင့် စောင့်ကြည့်စစ်ဆေးလျက်ရှိသည့် လူပေါင်း ၃၆၀၀၀ ကျော်ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ဇော်လင်း**

# ကိုရိုနာဗိုင်းရပ်စ် ပူးပေါင်းတိုက်ဖျက်ရန် အမေရိကန်သမ္မတ ထရမ့်က မြောက်ကိုရီးယားခေါင်းဆောင်အား ကမ်းလှမ်း

**ဝါရှင်တန် မတ် ၂၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်ရာတွင် လက်တွဲလိုသည့်ဆန္ဒရှိပါကြောင်း ဖော်ပြထားသည့် စာတစ်စောင်ကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ထံ ပေးပို့ခဲ့သည်။

သမ္မတ ဒေါ်နယ်ထရမ့်က ကင်ဂျုံအန်ထံ စာတစ်စောင် ပေးပို့ခဲ့သည်ဟု အမေရိကန်အစိုးရအဖွဲ့မှ အကြီးတန်းတာဝန်ရှိသူတစ်ဦးက အတည်ပြုခဲ့သည်။ ထရမ့်က ကင်ဂျုံအန်နှင့် စဉ်ဆက်မပြတ်သော ဆက်သွယ်မှုများ ပြုလုပ်ရန်မျှော်လင့်ကြောင်း အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

ကင်ဂျုံအန်၏ ညီမဖြစ်သူ ကင်ယိုဂျောင်က ယနေ့ အစောပိုင်းတွင် ကိုရီးယားဗဟိုသတင်းဌာန (KCNA) မှ တစ်ဆင့် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီး ကင်ဂျုံအန်သည် ဒေါ်နယ်ထရမ့်ထံမှ ပုဂ္ဂိုလ်ရေးစာတစ်စောင် လက်ခံရရှိခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဒေါ်နယ်ထရမ့်က ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ တိုက်ဖျက်ရာတွင် ကူညီရန် ကမ်းလှမ်းခဲ့ပြီး နှစ်နိုင်ငံကြား ဆက်ဆံရေးတိုးမြှင့်မည့် အစီအစဉ်ကို ရှင်းပြခဲ့ကြောင်း ၎င်းက ဆိုသည်။ ဒေါ်နယ်ထရမ့်၏စာက ကင်ဂျုံအန်နှင့် အထူးကောင်းမွန်သော ဆက်ဆံရေးရှိမှုကို ပြသခဲ့သည်ဟု ကင်ယိုဂျောင်က ပြောသည်။ ခေါင်းဆောင်နှစ်ဦးကြား ဆက်ဆံရေးမှာ အလွန်ကောင်းမွန်သည်ဟု ၎င်းက ဆိုသော်လည်း ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါတိုက်ဖျက်ရေးတွင် အမေရိကန်နိုင်ငံ၏ အကူအညီရယူခြင်း ရှိ၊ မရှိကိုမူ မပြောကြားခဲ့ပေ။ နှစ်နိုင်ငံကြား ဟန်ချက်ညီမှုထိန်းထားပြီး တရားမျှတမှုရှိမှသာ နှစ်နိုင်ငံဆက်ဆံရေးနှင့် ဆွေးနွေးမှု ပြုလုပ်နိုင်မည်ဟု ၎င်းကပြောသည်။

မြောက်ကိုရီးယားနိုင်ငံသည် ယမန်နေ့က တာတိုပစ် ဒုံးကျည်များဟု ယုံကြည်ရသော ဒုံးကျည်များ ပစ်လွှတ်ခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံက ယင်းသို့သော စစ်ရေးရန်စမှုများ ဆက်လက်ပြုလုပ်နေစဉ် နျူကလီးယား ဖျက်သိမ်းရေး ဆွေးနွေးမှုများကို အောင်မြင်စွာလုပ်ဆောင်နိုင်မည်လားဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည် ဖြစ်သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- ကျော်ထိုက်စိုး**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့ ဒုတိယအကြိမ် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲတွင် တွေ့ဆုံစဉ်။

# အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ကူးစက်မှု မြင့်တက်လာခြင်းကြောင့် အားကစားကျေးရွာကို အရေးပေါ်ဆေးရုံအဖြစ် ပြောင်းလဲ



လူနာ ၄၀၀၀ ကျော်ဝင်ဆံ့သည့် အရေးပေါ်ဆေးရုံအဖြစ် ပြောင်းလဲလိုက်သည့် အင်ဒိုနီးရှားအားကစားကျေးရွာရှိ မိုးမျှော်အဆောက်အဦများကို တွေ့ရစဉ်။

**ဂျကာတာ မတ် ၂၂**

တိုင်းပြည်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုနှင့် သေဆုံးမှုများ မြင့်တက်လာခြင်းကြောင့် အင်ဒိုနီးရှားနိုင်ငံက ၂၀၁၈ ခုနှစ် အာရှအားကစားပြိုင်ပွဲအတွက် တည်ဆောက်ခဲ့သော အားကစားကျေးရွာကို လူနာ ၄၀၀၀ ကျော်ဝင်ဆံ့သည့် အရေးပေါ်ဆေးရုံတစ်ရုံအဖြစ် ပြောင်းလဲခဲ့ကြောင်း အာဏာပိုင်များက ယနေ့ပြောကြားသည်။

ဂျကာတာမြို့တော်တွင်တည်ရှိသော အားကစားကျေးရွာမှ မိုးမျှော်အဆောက်အဦ ၁၀ လုံးအနက် လေးလုံးကို ကိုရိုနာဗိုင်းရပ်စ်ကုသရေးအဖွဲ့၊ ဆေးဘက်ဝန်ထမ်းများနှင့် လူနာ ၄၂၀၈ ဦးအပါအဝင် လူ ၇၀၀၀ ကျော် နေနိုင်မည့် ဆေးကုသရေးအဆောက်အဦတစ်ခု အဖြစ် ပြောင်းလဲပစ်ခဲ့သည်။

"နိုင်ငံပိုင်လုပ်ငန်းများဝန်ကြီးဌာနက ကိုဗစ်-၁၉ ကူးစက်ရောဂါပြဿနာ ကိုင်တွယ်ဖြေရှင်းဖို့ အရေးပေါ်ဆေးရုံကို ကျန်းမာရေးစောင့်ရှောက်မှု ကိရိယာ၊ ဆေးဝါး၊ အကာအကွယ်ဝတ်စုံနဲ့ မျက်နှာဖုံးတွေ ထောက်ပံ့မှာဖြစ်ပါတယ်"ဟု နိုင်ငံပိုင်လုပ်ငန်းများဝန်ကြီးဌာန ဝန်ကြီး အဲရစ်ခ်သိုဟာက ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားသည်။

ယမန်နေ့က အင်ဒိုနီးရှားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုသစ် ၈၁ ခုနှင့် သေဆုံးသူခြောက်ဦးရှိခဲ့ရာ ကူးစက်ခံရသူအရေအတွက် စုစုပေါင်း ၄၅၀ နှင့် သေဆုံးသူ ၃၈ ဦးအထိ ရှိလာခဲ့ပြီဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ကိုဗစ်-၁၉ ကြောင့် အရှေ့တောင်အာရှတွင် လူသေဆုံးမှုအမြင့်ဆုံးနိုင်ငံဖြစ်လာသည်။ ဂျကာတာမြို့တော်ဝန်က ကိုဗစ်-၁၉ ကြောင့် မြို့တော်အတွင်း နှစ်ပတ်ကြာ အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။

အမေရိကန်နိုင်ငံထက်ပင် ပိုမိုကျယ်ပြောသော ကျွန်းစုနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံတွင် စမ်းသပ်မှုလုပ်ငန်းစဉ်များ နှေးကွေးမှုရှိခြင်းကြောင့် ကျန်းမာရေးလုပ်သားများ၏ ဝေဖန်မှုကို ခံခဲ့ရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ပြန့်ပွားမှု အပေါ်မူတည်၍ အားကစားကျေးရွာရှိ နောက်ထပ် မိုးမျှော်အဆောက်အဦနှစ်လုံးကို ဆေးရုံများအဖြစ် ပြောင်းလဲနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ "မိုးမျှော်အဆောက်အဦ ၁၀ လုံးကို အသုံးပြုရန် လူနာ ၂၀၀၀၀ ကျော် ထားရှိနိုင်ပါတယ်" ဟု ပြည်သူ့ဆောက်လုပ်ရေးနှင့် အိမ်ရာဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ အရေအတွက်တွင် သေဆုံးမှုအချိုး ၈ ဒသမ ၇ ရာခိုင်နှုန်းက ကမ္ဘာပေါ်တွင် အမြင့်မားဆုံးနှုန်းဖြစ်ပြီး အီတလီနိုင်ငံ၏ ၈ ဒသမ ၃ ရာခိုင်နှုန်းထက်ပင် ပိုမို မြင့်မားသည်။

**ကိုးကား- သည်စထရိတ်တိုင်းမ်**
**ဘာသာပြန်- ကျော်ထိုက်စိုး**

## ပြင်သစ်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ၁၁၂ ဦး ထပ်မံသေဆုံး

**ပါရီ မတ် ၂၂**

ပြင်သစ်ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ပြင်သစ်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုပေါင်း ၁၄၄၅၉ ခုရှိပြီး ၁၁၂ ဦး ထပ်မံသေဆုံးကြောင်း မတ် ၂၁ ရက်တွင် သိရသည်။

လူနာပေါင်း ၆၁၇၂ ဦးဆေးရုံတက်ရောက်ကုသခဲ့ပြီး ၎င်းတို့အနက် ၁၅၇၂ ဦးမှာ အထူးကြပ်မတ်ကုသမှု ခံယူနေရသည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုနှုန်းမှာ များပြားလာသဖြင့် ပြည်သူများအား ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ တားမြစ်ချက်များကို အလေးထားလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးဝန်ကြီးဌာနက ထပ်လောင်းအသိပေးခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးအစီအမံများနှင့်အချိန်ကာလအတိုင်းအတာကို အစိုးရ၏ သိပ္ပံပညာဆိုင်ရာကောင်စီက ကြေညာသွားမည်ဟု ကျန်းမာရေးဝန်ကြီး အိုလီဗီယာဗီရန်က ပြောကြားသည်။ ပြင်သစ်နိုင်ငံတွင် အင်္ဂါနေ့မှစတင်ပြီး မိသားစုအသုံးအဆောင်နှင့် ဆေးပစ္စည်းများ ဝယ်ယူခြင်းမှအပ နေအိမ်အပြင်ဘက်သို့ ထွက်ခွာခြင်းကို ပိတ်ပင်ထားပြီး စည်းကမ်းဖောက်ဖျက်ပါက ၁၃၅ ယူရို ဒဏ်ရိုက်မည်ဖြစ်သည်။

ပြင်သစ်ကျန်းမာရေးဝန်ကြီးက ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးအတွက် နှာခေါင်းစည်းအရေအတွက် သန်း ၂၅၀ကို ကျန်းမာရေးဝန်ထမ်းများအတွက် မှာယူခဲ့သည်။

ရက်သတ္တတစ်ပတ်လျှင် နှာခေါင်းစည်း ၂၄သန်းခန့်လိုအပ်မည်ဟုခန့်မှန်းထားပြီး လာမည့်သီတင်းနှစ်ပတ်အတွင်း ကျန်းမာရေးဝန်ထမ်းများနှင့် သက်ကြီးရွယ်အိုများကို စောင့်ရှောက်သူများအား ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**

# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူလူနာသစ် ၁၈၈ ဦး ထပ်မံတွေ့ရှိ

**ဘန်ကောက် မတ် ၂၂**

မတ် ၂၂ ရက်က ထိုင်းနိုင်ငံတွင် COVID-19 ရောဂါကူးစက်ခံရသူလူနာသစ် ၁၈၈ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ စုစုပေါင်း ၅၉၉ ဦးရှိလာကြောင်း ထိုင်းအဆင့်မြင့် အရာရှိတစ်ဦးက ယနေ့ပြောကြားသည်။

ထိုင်းနိုင်ငံအတွင်း COVID-19 ရောဂါကူးစက်ခံရသူ လူနာသစ် ၁၈၈ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း ထိုင်းပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ သာဗီဆီးလ်ပ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားသည်။

ရောဂါကူးစက်ခံရသူလူနာသစ် ၁၈၈ ဦးထဲတွင် ဘန်ကောက်မြို့ရှိ လုမ္ဗိနီလက်ဝှေ့အားကစားရုံနှင့် သောင်လောနှင့် ရမ်ခမ်ဟဲန်းဒေများရှိ ဘီယာဆိုင်များတွင် COVID-19 ရောဂါကူးစက်ခံရသည့် လူနာများ စစ်ဆေးတွေ့ရှိခဲ့ပြီး ကနဦးထုတ်ပြန်ကြေညာခြင်းခံရသည့် လူနာများနှင့် အနီးကပ်နေထိုင်သူ ၆၅ ဦး ပါဝင်ကြောင်း သိရသည်။

အဆိုပါ လူ ၆၅ ဦးတို့သည် ယခုလအစောပိုင်းက လက်ဝှေ့အားကစားရုံနှင့် ဘီယာဆိုင်များမှ ထွက်ခွာခဲ့ပြီးနောက် ဘန်ကောက်မြို့နှင့် မြို့အပြင်ဘက်ရှိ နေရာအသီးသီးသို့ ခရီးသွားခဲ့ကြသည်ဟု ပြောရေးဆိုခွင့်ရှိသူက ထပ်မံပြောသည်။

အသစ်တွေ့ရှိသည့် လူနာ ၁၈၈ ဦးထဲတွင် လက်ဝှေ့အားကစားရုံအနီးအနားရှိ ထီလက်မှတ်ရောင်းသူနှင့် လက်ပွေ့ဈေးသည် ခုနစ်ဦး၊ မလေးရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ဘာသာရေးအစည်းအဝေးတစ်ရပ် တက်ရောက်ခဲ့ပြီးနောက် ထိုင်းနိုင်ငံသို့ ပြန်လာသူ နှစ်ဦးနှင့် ကမ္ဘောဒီးယားနိုင်ငံ အနောက်ဘက် ပွိုင်းပက်မြို့ရှိ စားသောက်ဆိုင်များတွင် အလုပ်လုပ်ကိုင်ပြီး ထိုင်းနိုင်ငံသို့ ပြန်လာသည့် ထိုင်းနိုင်ငံသား ခြောက်ဦးတို့ ပါဝင်ကြောင်း သိရသည်။

ထိုင်းနိုင်ငံရှိ COVID-19 ရောဂါကူးစက်ခံရသူ လူနာ ၅၉၉ ဦးအနက် ၅၅၃ ဦးသည် ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိပြီး ၎င်းတို့အနက် ခုနစ်ဦးမှာ ရောဂါပြင်းထန်ကြောင်း သိရသည်။



သို့သော် ကျန်လူနာ ၄၅ ဦးတို့သည် ၎င်းတို့၏ ကျန်းမာရေးအခြေအနေ လုံးဝကောင်းမွန်သွားသောကြောင့် ဆေးရုံများမှ ပြန်ဆင်းသွားပြီဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ထပ်လောင်းပြောကြားသည်။

ထိုင်းနိုင်ငံတွင် COVID-19 ရောဂါကြောင့် လူတစ်ဦးသေဆုံးခဲ့ကြောင်း ယနေ့ထုတ်ပြန်သည့် တရားဝင် ကိန်းဂဏန်းများအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲက ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စု မခေါယန်ကျေးရွာဘုရားကုန်းအနီးတွင်တွေ့ရှိသူ မနန်းလွမ်(ခ)မယု(ခ)နှင်းယုစိုး၊ မမြနန္ဒာအောင်နှင့် မမေဇင်ထွန်းတို့အားရှာဖွေရာ ဘိန်းဖြူ သုညဒသမ ၁၉၈ ကီလို၊ စိတ်ကြွဆေးပြား ၁၉၀၀၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ နန်းလွမ်(ခ)မယု(ခ)နှင်းယုစိုးနှင့် မမေဇင်ထွန်းတို့နေထိုင်သည့် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စု မခေါယန်ကျေးရွာ ရွှေအင်းတောသဲကျောက်ကွင်း(ပျံ့ကျတဲ)ကို ဆက်လက်ရှာဖွေရာ အိပ်ရာခြေရင်းရှိ ခရီးဆောင်အိတ် အတွင်းမှ စိတ်ကြွဆေးပြား ၃၃၆၀၊ ဘိန်းဖြူ သုညဒသမ ၀၂၄၃ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

**လွိုင်လင်၊ ကျောက်မဲ**

အလားတူ ယင်းနေ့ နံနက် ၉ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် မိုင်းပွန်မြို့ ပွန်ချောင်းတံတားအနီး မိုင်းပွန်-တောင်ကြီးသွားကားလမ်းတွင် စိုင်းမြင့်စိုး(ခ)စိုင်းနောင့် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၁၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀၀၊ လက်ကိုင်ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းလွဲပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်မဲမြို့နယ် နားခေါ်ကျေးရွာအုပ်စု ဗူးခါးကျေးရွာ မူဆယ်-မန္တလေးသွား ကားလမ်းတွင် စိုင်းလှထွန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၄၀၀၀၀၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

**ဗန်းမောက်**

အလားတူ မတ် ၂၁ ရက်ညနေ ၅ နာရီခွဲတွင် ကသာခရိုင် ဗန်းမောက်မြို့မရဲစခန်းမှ ရဲအုပ်ခင်သိန်း ဦးစီးသောအဖွဲ့သည် ဗန်းမောက်မြို့နယ် နန်းနန့်ထွန်-မိုတေလမ်းဆုံရှိ အောင်ဇော်သိန်း၏နေအိမ်အား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းနေအိမ်တွင် အောင်ဇော်သိန်းနှင့်အတူ စိုးဝင်း၊ အောင်တင်ဝင်း၊ ထွန်းရွှေတို့အား တွေ့ရှိရပြီး ၎င်းနေအိမ်အတွင်းမှ ဘိန်းဖြူ



မနန်းလွမ်(ခ)မယု(ခ)နှင်းယုစိုး၊ မမြနန္ဒာအောင်၊ မမေဇင်ထွန်းတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

၂၆၉ ဒသမ ၈ ဂရမ်၊ ဘိန်းမည်း ၄၀၀ ဂရမ်နှင့် စိတ်ကြွဆေးပြား၂၄၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးအရောင်းအဝယ်ပြုလုပ်သူ ဂန့်ဂေါမြို့နယ် ရွာရှည်ကျေးရွာနေ အောင်ဇော်သိန်း၊ အောင်တင်ဝင်း၊ ပင်လည်ဘူးမြို့နယ် မံစီလေးကျေးရွာနေ စိုးဝင်းနှင့် ကောလင်းမြို့နယ် အိုင်ကြီးကျေးရွာနေ ထွန်းရွှေတို့ လေးဦးအား ဗန်းမောက်မြို့မရဲစခန်းက မူးယစ်ဆေးဝါးဥပဒေအရ ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ဆောမြို့နယ်၌ တောမီးမှတစ်ဆင့် နေအိမ် ၁၃ လုံး မီးလောင်ဆုံးရှုံး

**ဆော မတ် ၂၂**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် တင့်တူကျေးရွာအုပ်စု ပေါက်ချောင်းကျေးရွာတွင် မတ် ၂၁ ရက် ညနေ ၄ နာရီခွဲက တောမီးမှတစ်ဆင့် နေအိမ် ၁၃ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဆောမြို့နယ် လောင်းရှည်(မြို့ဟောင်း) အရှေ့တောင်ဘက် ၁၆ မိုင်ခန့်အကွာ ပေါက်ချောင်းကျေးရွာတွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ လောင်းရှည်ဒေသ မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်တစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆောမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ သွားရောက်ငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် နေအိမ် ၁၃ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက မီးလောင်ဆုံးရှုံးသူများအား အဆိုပါကျေးရွာ စာသင်ကျောင်းတွင် ယာယီနေရာချထားပေးပြီး လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်သန်းဆွေ(ဂန့်ဂေါ)**

## မှုခင်းဖြစ်ပွားမှုများ လျော့နည်းပပျောက်ရေး မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး

**ညောင်လေးပင် မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း မှုခင်းဖြစ်ပွားမှုများ လျော့နည်းပပျောက်စေရန်နှင့် မှုခင်းကြိုတင် တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် အလေ့အကျင့်များဖြစ်ပေါ်လာစေရန် မတ် ၁၉ ရက် မွန်းလွဲ ၃ နာရီခွဲက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးရှေ့၌ တိုင်းဒေသကြီးရဲတပ်ဖွဲ့က မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်မောင်မောင်နိုင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ ညောင်လေးပင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းနိုင်နှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးဌေးဝင်း ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များက လူမှောင်ခို၊ လူကုန်ကူးမှုအန္တရာယ်၊ မူးယစ်ဆေးဝါးတားဆီး ကာကွယ်နှိမ်နင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိကောင်းစရာများ၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး ဆောင်ရန်ရှောင်ရန်များ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် သိသင့်သိထိုက်သည်များ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများအကြောင်းကို အသိပညာပေးဟောပြောပြီး တပ်ဖွဲ့ဝင်များက မှုခင်းလျော့နည်းကျဆင်းရေး လက်ကမ်းစာစောင်များ လိုက်လံဖြန့်ဝေပေးကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## ရွှေဘိုမြို့နယ်အတွင်းမှ လိုင်စင်မဲ့ယာဉ်နှစ်စီး သိမ်းဆည်းရမိ

**ရွှေဘို မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ရွှေဘို-မြစ်ကြီးနားသွား ကားလမ်းပေါ်ရှိ မြောင်းကြီးကျေးရွာအနီး၌ လိုင်စင်မဲ့ယာဉ်နှစ်စီး သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၁ ရက် နံနက် ၁ နာရီခန့်တွင် ရွှေဘိုမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ပြည့်ဖြိုးသူနှင့်အဖွဲ့သည် နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် ရွှေဘိုမြို့ မြောင်းကြီးကျေးရွာထိပ် ရွှေဘို-မြစ်ကြီးနားသွားကားလမ်းဘေးရပ်ထားသော ယာဉ်နှစ်စီးကို တွေ့ရှိရပြီး ယာဉ်မောင်းများဖြစ်ကြသော မင်းကင်းမြို့နယ် ညောင်ကုန်းကျေးရွာနေ သန်းပိုင်နှင့် ကလေးမြို့နယ် သာယာဝတီကျေးရွာနေ မျိုးမင်းထွန်းတို့နှစ်ဦးအား မေးမြန်းရာ အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် တရားမဝင်လိုင်စင်မဲ့ယာဉ်များ လက်ဝယ်ထားရှိသူ သန်းပိုင်နှင့် မျိုးမင်းထွန်းတို့နှစ်ဦးအား ရွှေဘိုမြို့မရဲစခန်းက ယာဉ်စည်းကမ်းဥပဒေအရ ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

## အုတ်တွင်းမြို့၌ တွဲယာဉ်မှ ဆိုင်ကယ်နှစ်စီးအား တိုက်မိ၊ ဆိုင်ကယ်မောင်းနှင်သူ နှစ်ဦးသေဆုံး

**နေပြည်တော် မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့ ပဲခူးရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် (၁၅၀/၂-၃)ကြား၌ မတ် ၂၁ ရက် ညနေ ၄ နာရီခွဲခန့်က တွဲယာဉ်မှ ဆိုင်ကယ်နှစ်စီးအား တိုက်မိပြီး ဆိုင်ကယ်မောင်းနှင်သူနှစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ရန်ကုန်မှ မန္တလေးသို့ မောင်းနှင်လာသော (၂၂)ဘီးတွဲယာဉ်သည် အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ ရှေ့မှ တဲကြီးကုန်းကျေးရွာနေ မမိုးမိုးဝင်း မောင်းနှင်သော ဆိုင်ကယ်နှင့် တစ်ရွာတည်းနေ ဦးသောင်းညွန့် မောင်းနှင်သည့် ဆိုင်ကယ်တို့အား တိုက်မိပြီး မမိုးမိုးဝင်းနှင့် ဦးသောင်းညွန့်တို့ မှာ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးခဲ့သဖြင့် အုတ်တွင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

**မူးယစ်ကင်းစင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

SRC

CARRIER OPPORTUNITIES

The Shin Rai International Vocational Institute (SRIVI) is currently looking for candidates who want to be trained in Finland and can work for SRIVI.

**Position: Trainers**

Potential Syllabus & Subjects:
1. Agriculture and Livestock.
2. Health Care Support.
3. Industrial Technical Support.
4. Construction.
5. Heavy Machinery Operation.
6. Basic Mining Engineering.
7. Automobile Repairing.
8. Supply Chain and Warehouse Management.
9. Security Management.
10. Basic Lapidary.
11. Basic IT Support.
12. Tourism and Hospitality.
13. English Language Proficiency.

**Qualification & Experience**

Requirement:
- Proficient in English (reading, writing, listening, speaking)
- At least 5 years of working experience in specific professional fields.

Bonus points:
- Degree or diploma holders from local and/or oversea university/polytechnic
- Teaching experience
- Basic Computer skill
- Enthusiasm and ability to learn and teach effectively and independently
- Strong interpersonal skills and ability to work collaboratively as part of a team, with
- good verbal communication skills.
- Interest in students and an ability to motivate them including encouraging intellectual development and career aspirations.

**Job Description:**

Selected candidates will be required to attend a five-months training course in Finland. The expenses of this program will be provided by SRIVI.

**For English Language Proficiency**

Candidates with teaching interests in specific areas and those English Professional Teachers who are Master Degree holders in English Language with (5) years of experiences in teaching are highly encouraged to apply.

To be a successful application : Our core values are honesty, respect, responsibility, fairness, discovery, and excellence. Our culture is one that welcomes all and embraces diversity.

Attention : Apply at the Shin Rai International Vocational Institute's Facebook page, and please ensure your contact address and upload your CV with proven English language skills, experiences and two references, below given link here at https://forms.gle/PUHsgLd6PN1BuRPcA

Applications close : 10 April 2020 11:55 PM

We regret that only shortlisted candidates will be notified, and no telephone call will be entertained.

# တရုတ်တန်း ဖျာဝိုင်း

**ဆူးငှက်**



ဒုတိယ ကမ္ဘာစစ်ကြီးမတိုင်မီ ၁၉၂၀ ပြည့်နှစ် ဝန်းကျင်။

မန္တလေးမြို့ လမ်း ၈၀ တရုတ်တန်းနှင့် ၂၉ လမ်းထောင့်ရှိ ဇလားပုံ မှန်အိမ်ကြီးတွင် ရေနံမီး ထွန်းညှိထားသည်။ မှန်အိမ်ကြီးမှ အလင်းရောင်က တရုတ်တန်းကျောက်ကြမ်းလမ်းပေါ် ဖြာကျနေသည်။ တစ်ဖက်လမ်းထောင့်မှာ ဇဟိုရ်လက်ဖက်ရည်ဆိုင်ရှိ၏။ လက်ဖက်ရည်ဆိုင်နှင့် မျက်စောင်းထိုး လမ်း၏အရှေ့ဘက်တွင် ဧရာမကွပ်ပျစ်ကြီးတစ်ခုပေါ်၌ လူငယ်တစ်စုသည် တယော၊ မယ်ဒလင်၊ ဘင်ဂျို၊ ဗမာဂီတာ၊ ဗျပ်စောင်းများကို မြိုင်မြိုင်ကြီး တီးခတ်နေကြသည်။ ရပ်ကွက်ခံ လူငယ်များကလည်း ကွပ်ပျစ်ကြီးပေါ် ထိုင်သူ ထိုင်၊ ရပ်သူ ရပ်နှင့် ဝိုင်းဝန်း ကြည့်ရှုနေကြ၏။ လူငယ် နှစ်ယောက်က ဘင်ဂျိုတစ်လုံးစီကိုင်ကာ သီချင်းတစ်ပုဒ်ကို မြိုင်မြိုင်ဆိုင်ဆိုင် အပြိုင်တီးနေကြသည်။ စည်းနှင့်ဗျောက်လိုက်သူပင်လျှင် ဂီတ၏ မြူးကြွမှုမှာ ပီတိသောမန ရှိုးတိုးရှူတဖြစ်လာပြီး 'ဟဲ့ ... ဘာတဲ့တုံး ...'၊ 'အို .. ကိုငြိမ်းရေ ..'၊ 'ကြိုးစား လိုက်ပါဦး ကိုတွေးရဲ့...' ဟု အသံတစာစာ တဟဲ့ဟဲ့ ဖြစ်လာတော့၏။

**နန်းဘုံ သီဟာဘွေ**

နှစ်ယောက်စလုံး၏ ဘင်ဂျိုတီးခတ်ပုံ၊ လက်ကွက်အယူအဆ တို့မှာ ဆန်းသစ်ပြီး ဟန်ပန်အထာများ ရှိကြသည်။ ထိုတီးဝိုင်းလေးမှာ တရုတ်တန်းတွင် ညစဉ် တီးခတ်နေသဖြင့် လူသိများသော တီးဝိုင်းလေး ဖြစ်၏။ တရုတ်တန်း ဖျာဝိုင်းဟု ခေါ်ကြသည်။ ပင်တိုင် ပါဝင်တီးခတ်သူများကား ပန်းချီဆရာ ကိုဘသက်၊ ကျောက်စိမ်းစလင်းသွေး ဆရာကိုတွေး၊ စောင်းကောက်ဖိနပ် ကိုလှကျော်၊ ကိုကျောက်တို့အပြင် ကိုဘသက်နှင့်အတူ ပါလာတတ်သော ကိုငြိမ်းတို့ဖြစ်သည်။ ကိုငြိမ်းက ပြုံး စစ မျက်နှာပေးရှိသည်။ ဖော်ရွေခင်မင်တတ်သည်။ လူပုံက ညက်ညော၏။ စကားပြောတော့ နည်းသည်။ ပြောပြန်လျှင်လည်း ညင်သာတိုးညင်းစွာ ချက်ကျလက်ကျ စိတ်ရှည်လက်ရှည် ပြောတတ်သည်။ တူရိယာအတီးအခတ် ကျွမ်းကျင်ဆန်းသစ်၍ ရွယ်တူကာလသားများကပင် ပွဲတောင်းခံရသူဖြစ်၏။ တရုတ်တန်းဖျာဝိုင်းတွင် ကိုငြိမ်းက ဘင်ဂျိုလက်စွမ်းပြတတ်သည်။ ဟော အခုလည်းကြည့် 'နန်းဘုံသီဟာဘွေကို ကိုတွေး၏ ဘင်ဂျိုနှင့် နှစ်လက်အပြိုင်တီးကြသည်။ စည်းကစုံစည်းမှာ ဘင်ဂျိုနှစ်လက်အပြိုင်မို့ တီးခတ်သူ နားထောင်သူအားလုံး မြူးကြွလာစေသည့် သီချင်းဖြစ်၏။

**သီပေါဓာတ်ရှင်ရုံနှင့် အယ်ဖင်စတုန်းဓာတ်ရှင်ရုံ**

ကိုငြိမ်းက ဘင်ဂျိုကို သူ့ကိုယ်ပိုင်လက်ခတ်နှင့် တီး၏။ ကျွဲကော်ဘီးကျိုးကို အဖျားတွင် အနည်းငယ် လိမ်သွေးထားသည်။ ထိုလက်ခတ်ဖြင့် ဘင်ဂျိုအသွားအပြန်တီးတော့ တစ်သံစီခွဲထွက်သည်။ လက်ခတ်က အသံတိုးတိုးလည်း ခတ်၍ရ၏။ ကျယ်ကျယ်ထွက်အောင်လည်း ခတ်၍ရ၏။ ဦးထော်၏ ဇဟိုရ်လက်ဖက်ရည်မှ လက်ဖက်ရည်သောက်နေသူတချို့ပင်လျှင် မန္တလေးသူရိယ၊ မြန်မာ့တာရာ၊ မြန်မာ့ဦးစွန်းနှင့် မြန်မာ့အလင်းသတင်းစာပါ နိုင်ငံရေးသတင်းပလင်းကိစ္စများ ငြင်းခုံမှုတွေ ခေတ္တရပ်ကာ ကိုဘသက်တို့တီးဝိုင်းလေးဆီ ကူးလာနားထောင်ကြရ၏။

တရုတ်တန်း ကျောက်ကြမ်းလမ်းသည် လမ်းထောင့်များရှိ ရေနံဆီမှန်အိမ် မီးတိုင်များဖြင့် ပျပျလင်းလျက်ရှိသည်။ တစ်ခါတစ်ရံ ဖြတ်သွားသော ရထားလုံးများ၏ မြင်းခွာသံဖြောင်းဖြောင်းတွင် ကျောက်လမ်းနှင့်သံခွာထိခတ်မှုဖြင့် လက်ခနဲ မီးပွင့်တတ်သည်။ မြောက်နားကျုံးထောင့်ရှိ သီပေါဓာတ်ရှင်ရုံနှင့် ဘီလမ်းပေါ်ရှိ အယ်ဖင်စတုန်းဓာတ်ရှင်ရုံတို့တွင် ဇာတ်ပွဲနှင့်ဓာတ်ရှင်ရှိလျှင် မီးလင်းလင်းချင်းချင်း မြင်နေကြရသည်။ ဟိုး... တောင်ဘက် ၃၂ လမ်းထောင့်မှာ ရင်နူး၏ ရေခဲရေကျောက်ကျောရည်ဆိုင်၊ ၂၉ လမ်းထောင့် အီစမံအင်၏ ရေခဲမုန့်ဆိုင်၊ ဦးထော်၏ ဇဟိုရ်လက်ဖက်ရည်ဆိုင်နှင့် တရုတ်စီကောက်၏ တေလေထမင်းဆိုင်တို့တွင်မူ အောက်လင်း ဓာတ်မီးတွေ ထိန်ထိန်လင်းနေသည်။

**သံဆန်းလေးတစ်ပိုဒ် တို့ထိကြည့်**

ဘုတာရုံဆီမှ ကုန်ရထားနှင့် လော်ကယ်ရထားအချို့၏ ရေနွေးငွေ့ စက်ခေါင်းကြီးများမှ တဂျိန်းဂျိန်းရှန်တိန်လုပ်သံများမှလွဲလျှင် တရုတ် တန်းလမ်းသည် ညအခါ၌ မယ်ဒလင်သံ၊ ဘင်ဂျိုသံ၊ ဗမာဂီတာသံများ သာ လွှမ်းနေတတ်၏။ သီချင်းအဆုံး တျာတေတျောသတ်အပြီး အားလုံးက ကျေနပ်ပီတိဖြင့် 'ကောင်းလှချည့်' ဟု ချီးမွမ်းကြသည်။ ဘင်ဂျိုကိုချပြီး ကိုငြိမ်းက ဆေးပေါ့လိပ်လေး ကောက်ဖွာသည်။ ကိုဘသက်က သူ၏အိန္ဒိယ နိုင်ငံလုပ် တယောလေးကို မေးဖျားမှ မချဘဲ သံဆန်းလေးတစ်ပိုဒ် ကြည့်နေ၏။ အနောက်နား ရေစက်ရုံဆီမှ ကိုးနာရီ သံချောင်းခေါက်သံ ကြားရသည်။ ကိုလှကျော်က ခါးဆန့်ပြီး မတ်တတ်ရပ်ရန် ထသည်။ 'နန်းဘုံသီဟာဘွေကတော့ ကိုငြိမ်းတို့၊ ကိုတွေးဘင်ဂျိုနဲ့ဆိုလိုက်ရမှပဲ အားရတော့တယ်ဗျာ' ဟု ပြောသည်။

**ဈေးချိုဘူတာလေးနားက 'ဆိုင်ဒူးခန်း' လက်ဖက်ရည်ဆိုင်**

တယောကို မေးဖျားမှဖြုတ်ကာ ကွပ်ပျစ်ပေါ် အသာချရင်း "ကိုဘသက်က ကိုလှကျော်တို့ ပြန်တော့မှာလားဗျ၊ အစောကြီး ရှိသေးတာပဲ" ဟု လှမ်းထောက်၏။ 'ပြန်လိုက်ဦးမယ်ဗျာ၊ ဒီမှာ ကိုမြဖောရှိနေသားပဲ ..၊ ကျွန်တော်က နက်ဖြန်အတွက် ဖိနပ်သားရေအလျင်တွေ ပုံဝိုင်းရဦးမှာ ... လုပ်စားရဦးမှာဗျ' ဟု တဟဲဟဲ ရယ်ရင်း ... ကိုလှကျော်က ပြောသည်။ ကိုဘသက်က 'အော ... အိမ်း.. အိမ်း .. မောင်လှကျော်ရယ် .. တို့ကျတော့ စီကောက်ဆိုင်မှာပဲ နပ်မှန်ရတဲ့ တေလေတွေပေါ့ကွာ ..ဟား .. ဟား .. ဟား ..' ဟု ပြန်ထောက်ရင်း ... 'ကိုင်း .. ကိုင်း၊ ပြောင်တာပါကွယ်၊ ညဉ့်လည်း နက်ပါပြီ၊ သိမ်းကြပါစို့၊ ဩော်... မောင်ငြိမ်းရေ .. မနက်ကျဈေးချိုဘူတာလေးနားက 'ဆိုင်ဒူးခန်း' လက်ဖက်ရည်ဆိုင်မှာ ဆိုင်းတန်းဝိုင်းက ကိုဘငွေ တို့ ကိုဘကြင်တို့ မောင်အုန်းတို့နဲ့ ချိန်းထားတာ မေ့မနေနဲ့ဦးဗျ' ပြောကာ တယောကို သိမ်းသည်။

**ဗုဒ္ဓဝေယျာဝစ္စ တူရိယာအသင်း**

ကိုတွေးက ဘင်ဂျိုကို မချသေးဘဲ လက်ခတ်ကလေးနှင့် တို့ထိနေဆဲ ဖြစ်၏။ သီချင်းခန့် အသွားလေးတစ်ခု ဖြစ်သည်။ ဘင်ဂျိုတီး ခတ်နေရင်းမှ 'ဘယ့်နှယ်လဲ ကိုငြိမ်းရဲ့၊ ခင်ဗျားတို့တီးဝိုင်းအဖွဲ့က နာမည်ပေးပြီးပြီလား ..' အမေးမှာ 'လောလောဆယ် ရတနာပုံ ဗုဒ္ဓဝေယျာဝစ္စ တူရိယာအသင်းလို့ ပေးထားတာ၊ ဒါပေမယ့်ဗျာ နာမည်ကကြီးကျယ် လွန်းနေလို့ မကြိုက်ကြသေးဘူး၊ အဲဒါ မနက်ဖြန် မနက်မှာ ထပ်ညှိကြဦးမှာဗျ...' ဟု ကိုငြိမ်းက ဖြေသည်။ တကယ်တော့ ဒီကနေ့အထိ သက်တမ်း၉၀ကျော် ၁၀၀နီးပါး တည်ရှိနေသေးသော မြို့မတူရိယာအသင်းဆိုသည်မှာ ပါရမီရှင် ဝါသနာရှင် မန္တလေးသား လူငယ်လေးများ၏ စေတနာ ဝါသနာ အနစ်နာများဖြင့် လမ်းဘေးဖျာဝိုင်းမှတစ်ဆင့် စတင်ခဲ့ခြင်းပင် မဟုတ်ပါလား။ ။



■ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မတ် ၁၈ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံး သီရိဇေယျ နော်ရထာခန်းမ၌ မြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး သန်းထိုက်ဦးက မှုခင်း အသိပညာပေး ဟောပြောစဉ်။

ကျော်စိုးမိုး
(မင်္ဂလာတောင်ညွန့်) ■

## ဂန့်ဂေါမြို့၌ စားသောက်ကုန်များစစ်ဆေး

**ဂန့်ဂေါ မတ် ၂၂**

စားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေး ဂန့်ဂေါမြို့ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်စိုးယုဆွေဦးဆောင်၍ စည်ပင်သာယာမြို့မဈေးအတွင်း မတ် ၂၁ ရက် နံနက်က ဈေးကွက်စောင့်ကြည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဂန့်ဂေါမြို့နယ် ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့နှင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရုံးမှ ဝန်ထမ်းများ ပူးပေါင်းပါဝင်စစ်ဆေးပြီး ဈေးဆိုင်ပိုင်ရှင်များအား အသိပညာပေးဆွေးနွေးကြကြောင်း သိရသည်။

**စိန်ကျော်**

## COVID-19 ရောဂါ ဘေးအန္တရာယ်ကင်းရှင်းစေရေး မြို့တွင်းလှည့်လည် ပရိတ်တရားတော်များ ရွတ်ဖတ်

**ကောလင်း မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဇာတိမာန်ခန်းမ၌ ယမန်နေ့ နံနက် ၅ နာရီက မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်း၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မြို့ပေါ်(၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့်အတူ ကောလင်းမြို့နယ် ပင့်သံဃာ ၂၄ ပါးအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် နံနက် ၆ နာရီခန့်တွင် ဆရာတော်၊ သံဃာတော်များသည် ကိုရိုနာဗိုင်းရပ်စ်ရောဂါ COVID–19 ဘေးအန္တရာယ်ကင်းရှင်းစေရေး မေတ္တာသုတ်၊ ရတနသုတ်နှင့် ပရိတ်တရားတော်များ မြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ရွတ်ဖတ်ခဲ့ကြကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)** ■

## အထပ်မြင့်အဆောက်အဦ၌ မီးဘေးနှင့် ငလျင်ဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်

**ရွှေဘို မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ အထပ်မြင့် အဆောက်အဦ၌ မီးဘေးနှင့် ငလျင်ဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်မှု ဆောင်ရွက်ခြင်းကို ရွှေဘိုမြို့ အမှတ် (၁၀) ရပ်ကွက် မြတောင်ရပ်ရန်ကြီးအောင်အငှားအိမ်ရာ ငါးထပ်တိုက်၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်က ရန်ကြီးအောင်အငှားအိမ်ရာ ငါးထပ်တိုက်တွင် နေထိုင်ကြသော ပြည်သူ ၅၀ ခန့်အား မီးဘေးနှင့် ငလျင်ဘေးအန္တရာယ်ကြုံတွေ့ပါက လိုက်နာရမည့်အချက်များ၊ ဆီမီးလောင်မှုအား မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်ခြင်း၊ ရေစိုအဝတ်ဖြင့်ငြိမ်းသတ်ခြင်း၊ ဂက်စ်အိုးမီးလောင်မှုအား မီးငြိမ်းသတ်ခြင်း၊ အထပ်မြင့်မှလူနာကယ်ဆယ်မှု သရုပ်ပြသခြင်း၊ အသက်ရှူကိရိယာဝတ်ဆင်၍ လူနာကယ်တင်ခြင်း၊ လှေကားတင်ယာဉ်ဖြင့် အထပ်မြင့်တိုက်မီးငြိမ်းသတ်မှု သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဇာတ်တိုက်လေ့ကျင့်မှုနှင့်ပတ်သက်၍ ခရိုင်မီးသတ်ဦးစီးမှူး ဦးအေးမြင့်က ရွှေဘိုခရိုင်၊ မြို့နယ်မှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၇ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် သုံးဦးတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**

# ခုခံအားကျဆင်းမှုရောဂါပိုးရှိသူများနှင့် ဆက်နွယ်ထိခိုက်ခံရသူများဆိုင်ရာ ဥပဒေကြမ်း

ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ယမန်နေ့မှအဆက်**

၈။ (က) ရောဂါပိုးရှိသူသည် အောက်ပါအတိုင်း ရပိုင်ခွင့်ရှိသည်-

(၁) မိမိဆန္ဒအလျောက် နှစ်သိမ့်ဆွေးနွေးပညာပေးမှု ခံယူပြီး ရောဂါပိုး ရှိ-မရှိ စမ်းသပ်စစ်ဆေးခွင့်၊

(၂) ရောဂါပိုးကူးစက်မှု ကာကွယ်ရေးအတွက် ကွန်ဒုံးအသုံးပြုခြင်း အပါအဝင် ရောဂါကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရယူသုံးစွဲခွင့်၊

(၃) ဆေးထိုးအပ်၊ ဆေးထိုးပြွန်ဖြန့်ဝေခြင်း၊ သိမ်းဆည်းပေးခြင်း အစီအစဉ်နှင့် မူးယစ်ဆေးအစားထိုးကုထုံးအပါအဝင် မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် အန္တရာယ်လျှော့ချရေး ဝန်ဆောင်မှုများ ရယူသုံးစွဲခွင့်၊

(၄) ရောဂါပိုးရှိသော မိခင်မှ သန္ဓေသား သို့မဟုတ် ကလေးသို့ ရောဂါပိုးကူးစက်မှု ကာကွယ်တားဆီးရေး ဝန်ဆောင်မှုများကို ရပိုင်ခွင့်၊

(၅) ခုခံအားကျဆင်းမှု အခြေအနေကြောင့် ဝင်ရောက်လာသော ရောဂါ (Opportunistic Infection) များအတွက် ဆေးဝါးများ ရယူသုံးစွဲခွင့်၊

(၆) အာဟာရဆိုင်ရာ ဖြည့်စွက်အစာများ ရယူသုံးစွဲခွင့်၊

(၇) ရောဂါပိုးထိန်းဆေး (Antiretroviral drugs)၊ အခြားလိုအပ်သော ဆေးဝါးများနှင့် ရောဂါရှာဖွေရေးဆိုင်ရာ နည်းပညာ အကူအညီများ ရပိုင်ခွင့်၊

(၈) ပညာဆည်းပူးခွင့်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကို အများနည်းတူ ရပိုင်ခွင့်၊

(၉) ရောဂါပိုးရှိကြောင်းကို ဇနီး သို့မဟုတ် ခင်ပွန်း၊ ဇနီးလောင်း သို့မဟုတ် ခင်ပွန်းလောင်းတို့မှအပ အခြားသူများသို့ ဖွင့်ဟပြောဆိုခြင်းမပြုဘဲ မိမိဆန္ဒအလျောက် အတွင်းရေးအဖြစ်ထားပိုင်ခွင့်။

(ခ) ဆက်နွယ်ထိခိုက်ခံရသူများနှင့် ရောဂါပိုးကူးစက်ခံရရန် အန္တရာယ်ပိုမို မြင့်မားသူများသည် အောက်ပါအတိုင်း ရပိုင်ခွင့်ရှိသည်-

(၁) မိမိဆန္ဒအလျောက် နှစ်သိမ့်ဆွေးနွေးပညာပေးမှု ခံယူပြီး ရောဂါပိုး ရှိ-မရှိ စမ်းသပ်စစ်ဆေးသုံးစွဲခွင့်၊

(၂) ရောဂါပိုးကူးစက်မှု ကာကွယ်ရေးအတွက် ကွန်ဒုံးအသုံးပြုခြင်း အပါအဝင် ရောဂါကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရယူသုံးစွဲခွင့်၊

(၃) ဆေးထိုးအပ်၊ ဆေးထိုးပြွန်ဖြန့်ဝေခြင်း၊ သိမ်းဆည်းပေးခြင်း အစီအစဉ်နှင့် မူးယစ်ဆေးအစားထိုး ကုထုံးအပါအဝင် မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် အန္တရာယ်လျှော့ချရေး ဝန်ဆောင်မှုများ ရယူသုံးစွဲခွင့်၊

(၄) ရောဂါပိုးရှိသော မိခင်မှ သန္ဓေသား သို့မဟုတ် ကလေးသို့ ရောဂါပိုးကူးစက်မှု ကာကွယ်တားဆီးရေး ဝန်ဆောင်မှုများကို ရပိုင်ခွင့်၊

(၅) ပညာဆည်းပူးခွင့်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကို အများနည်းတူ ရပိုင်ခွင့်။

၉။ သို့ရာတွင် အချုပ် သို့မဟုတ် ထောင်ဒဏ်ကျခံနေရသူများသည် ရောဂါပိုးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများကို သတ်မှတ်ချက်များနှင့်အညီသာ ရပိုင်ခွင့်ရှိသည်။

**အခန်း (၆)**

**သတင်းအချက်အလက်များကို ထုတ်ဖော်ပြောဆိုခြင်း**

၁၀။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည်-

(က) ရောဂါပိုးစစ်ဆေးတွေ့ရှိချက်ကို အောက်ပါပုဂ္ဂိုလ်များထံ ထုတ်ဖော်ပြောဆိုနိုင်သည်-

(၁) ရောဂါပိုးစစ်ဆေးခံသူ၊

(၂) ရောဂါပိုးစစ်ဆေးရန် သဘောတူညီချက်ပေးသူ။

(ခ) အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် အခြားကျန်းမာရေးစောင့်ရှောက်မှုပေးသူထံသို့ ရောဂါပိုးနှင့်ဆက်စပ်သော သတင်းအချက်အလက်များကို ထုတ်ဖော်ပြောဆိုခွင့်ရှိသည် -

(၁) ရောဂါပိုးစစ်ဆေးခံသူ၏အကျိုးငှာထုတ်ဖော်ပြောဆိုမှုဖြစ်ခြင်း၊

(၂) ကုသမှု၊ ပြုစုစောင့်ရှောက်မှု၊ နှစ်သိမ့်ဆွေးနွေးပညာပေးမှုနှင့် အခြားကျန်းမာရေးစောင့်ရှောက်မှုပေးအပ်ရန် လိုအပ်သည့် အခြေအနေဖြစ်ခြင်း၊

(၃) မိခင်မှ ကလေးသို့ ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်ရန် လိုအပ်သည့် အခြေအနေဖြစ်ခြင်း။

(ဂ) ပုဒ်မခွဲ (ခ) အရ အခြားကျန်းမာရေး စောင့်ရှောက်မှုပေးသူ တစ်ဦးထံသို့ ရောဂါပိုးနှင့် ဆက်စပ်သော သတင်းအချက်အလက်များကို ထုတ်ဖော်ပြောဆိုခြင်းမပြုမီ ရောဂါပိုးရှိသူ ကာယကံရှင်အား ကြိုတင်အသိပေးရမည်။

(ဃ) ရောဂါပိုးနှင့် ဆက်စပ်သော သတင်းအချက်အလက်များကို အောက်ပါအခြေအနေများတွင် ထုတ်ဖော်ပြောဆိုခွင့်ရှိသည်-

(၁) တရားစီရင်ရေးတွင် တရားမျှတမှုရှိစေရန်နှင့် အထောက်အကူဖြစ်စေရန် လိုအပ်ခြင်း၊

(၂) မည်သူ့ထံမှ ရရှိသော သတင်းအချက်အလက်ဖြစ်သည်ကို သိရှိနိုင်ခြင်းမရှိသော သုတေသန သို့မဟုတ် စစ်တမ်းကောက်ယူခြင်းမှ ရရှိသည့် သတင်း အချက်အလက်ဖြစ်ခြင်း။

၁၁။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ သို့မဟုတ် နှစ်သိမ့်ဆွေးနွေးပညာပေးသူသည် ရောဂါပိုးရှိသူ၏ လိင်ဆက်ဆံဖက်အား ထိုသူ ရောဂါပိုးကူးစက်ခံထားရကြောင်း အောက်ပါအခြေအနေ တစ်ရပ်ရပ်တွင် အသိပေးပြောကြားနိုင်သည်-

(က) ရောဂါပိုးရှိသူက စာဖြင့်ရေးသား သဘောတူခဲ့လျှင် သို့မဟုတ် ရောဂါပိုးရှိသူ သတိလစ်မေ့မြောနေလျှင် သို့မဟုတ် သတိပြန်လည်ရရှိနိုင်ဖွယ်မရှိလျှင် သို့မဟုတ် သဘောတူညီမှုပေးနိုင်စွမ်းမရှိလျှင်၊

(ခ) ရောဂါပိုးရှိသူက ၎င်း၏ လိင်ဆက်ဆံဖက်အား အောက်ပါအခြေအနေ တစ်ရပ်ရပ်တွင် ကိုယ်တိုင်အသိမပေးလျှင် သို့မဟုတ် စာဖြင့် သဘောတူခွင့်ပြုချက် မပေးလျှင် -

(၁) အဆိုပါရောဂါပိုးရှိသူကို အပြုအမူဆိုင်ရာ ပြောင်းလဲစေရန် ဆွေးနွေးအကြံပေးသော်လည်း အောင်မြင်မှုမရရှိသည့် အခြေအနေ၊

(၂) ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များ၊ အပြုအမူဆိုင်ရာ စံနှုန်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ကျင့်ဝတ်များနှင့် ကိုက်ညီသည့် အခြေအနေ။

၁၂။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ သို့မဟုတ် နှစ်သိမ့်ဆွေးနွေးပညာပေးသူသည် တစ်ဦးတစ်ယောက်သောသူအား ယင်း၏လိင်ဆက်ဆံဖက်တွင် ရောဂါပိုးရှိကြောင်းကို ပညာပေးဆွေးနွေးပြီးမှသာ အသိပေးရမည်။

**အခန်း (၇)**

**မိမိဆန္ဒအလျောက်ပေးသော သဘောတူညီချက်**

၁၃။ အသက် ၁၈ နှစ်ပြည့်ပြီးသူတစ်ဦးသည် ဤဥပဒေပါကိစ္စရပ်များနှင့် သက်ဆိုင်သည့် သုတေသနလုပ်ငန်းများနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများတွင် မိမိသဘောဆန္ဒအရ ပါဝင်ခွင့် သို့မဟုတ် ငြင်းဆန်ခွင့် ရှိသည်။

၁၄။ အသက် ၁၈ နှစ် မပြည့်သူတစ်ဦးသည် -

(က) သုတေသနလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ ၎င်းတို့၏ သဘောသဘာဝ၊ အကျိုးဆက်နှင့်ဘေးအန္တရာယ်များကို နားလည်သဘောပေါက်နိုင်လောက်သော အရည်အချင်းရှိကြောင်း ကျန်းမာရေးစောင့်ရှောက်မှုပေးသူ၏ စစ်ဆေးသတ်မှတ်ခြင်းခံရသူဖြစ်ပါက မိမိသဘောဆန္ဒအလျောက် ပါဝင်ခွင့် သို့မဟုတ် ငြင်းဆန်ခွင့်ရှိသည်၊

(ခ) သုတေသနလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ ယင်းတို့၏ သဘောသဘာဝ၊ အကျိုးဆက်နှင့်ဘေးအန္တရာယ်များကို နားလည်သဘောပေါက်နိုင်လောက်သော အရည်အချင်းမရှိကြောင်း ကျန်းမာရေးစောင့်ရှောက်မှုပေးသူ၏ စစ်ဆေးသတ်မှတ်ခြင်း ခံရသူဖြစ်ပါက ထိုသူ၏မိဘ သို့မဟုတ် ၎င်းအား ထိန်းသိမ်းစောင့်ရှောက်သူက ၎င်းကိုယ်စား ပါဝင်ခွင့် သို့မဟုတ် ငြင်းဆန်ခွင့် ပေးနိုင်သည်။

၁၅။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်တွင် ရောဂါပိုးစစ်ဆေးခံမည့်သူ၏ကိုယ်စား ထိုသူ၏ အိမ်ထောင်ဖက်၊ မိဘ၊ အရွယ်ရောက်ပြီးသူ မိသားစုဝင်တစ်ဦးဦး၊ အနီးစပ်ဆုံးဆွေမျိုး၊ သေတမ်းစာအရ ဆောင်ရွက်ပိုင်ခွင့်ရှိသူ တစ်ဦးဦးထံမှ သဘောတူညီချက်ကို စာဖြင့် ရယူ၍ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးရမည် -

(က) ရောဂါပိုး စစ်ဆေးခံမည့်သူသည် သေဆုံးသူဖြစ်ခြင်း၊

(ခ) ရောဂါပိုးစစ်ဆေးခံမည့်သူသည် အသက် ၁၈ နှစ်အောက်ဖြစ်ပြီး မိမိပြုလုပ်ရမည့် ရောဂါပိုးစစ်ဆေးမှု၏ သဘောသဘာဝ၊ အကျိုးဆက်နှင့် ဘေးအန္တရာယ်များကို နားလည်သဘောပေါက်နိုင်လောက်သော အရည်အချင်းမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) ရောဂါပိုးစစ်ဆေးခံရမည့်သူသည် မသန်စွမ်းသူတစ်ဦးဖြစ်ခြင်း၊

(ဃ) ရောဂါပိုးစစ်ဆေးခံရမည့်သူသည် စိတ်ကျန်းမာရေး ချို့တဲ့သူတစ်ဦးဖြစ်ခြင်း။

၁၆။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် တစ်ဦးတစ်ယောက် သတိလစ်မေ့မြောနေလျှင် ဖြစ်စေ၊ ထိုသူသည် သဘောတူညီချက် ပေးနိုင်စွမ်းမရှိလျှင်ဖြစ်စေ၊ ထိုသူ၏ကိုယ်စား သဘောတူခွင့်ပြုချက်ပေးနိုင်မည့်သူ မရှိလျှင်ဖြစ်စေ ထိုသူတွင် ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးနိုင်သည် သို့မဟုတ် စစ်ဆေးပေးရန် တောင်းဆိုနိုင်သည်။

**အခန်း (၈)**

**ရောဂါပိုးစစ်ဆေးခြင်း**

၁၇။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် -

(က) ရောဂါပိုးစစ်ဆေးမှုမပြုမီနှင့် စစ်ဆေးပြီးနောက် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းတို့ကို ရောဂါပိုးစစ်ဆေးခြင်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ရောဂါပိုးစစ်ဆေးရာတွင် ဝန်ကြီးဌာန၏ ရောဂါပိုးစစ်ဆေးခြင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ရောဂါပိုး အတည်ပြုစစ်ဆေးခြင်းရလဒ်ကို ဆောလျင်စွာရရှိစေရန် ဆောင်ရွက်၍ စနစ်တကျ လျှို့ဝှက်ထိန်းသိမ်းရမည်။

၁၈။ သက်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် သွေးသွင်းရန် လှူဒါန်းသော သွေးနှင့် သွေးပစ္စည်းများကို ရောဂါပိုး ရှိ၊ မရှိစစ်ဆေးရာတွင် သွေးနှင့် သွေးပစ္စည်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း (၉)**

**တားမြစ်ချက်များ**

၁၉။ မည်သူမျှ ရောဂါပိုးရှိသူ သို့မဟုတ် ဆက်နွယ်ထိခိုက်ခံရသူ သို့မဟုတ် ရောဂါပိုးကူးစက်ခံရရန်အန္တရာယ် ပိုမိုမြင့်မားသူတစ်ဦးဦးကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ အောက်ပါ ပြုမူလုပ်ဆောင်ချက်တစ်ရပ်ရပ်ကို မပြုရ -

(က) ကျန်းမာရေးဝန်ဆောင်မှုပေးရန် ငြင်းဆိုခြင်း၊ ကန့်သတ်ခြင်းနှင့် ရပ်စဲခြင်း၊

(ခ) သီးခြားထားခြင်း၊ ခွဲခြားထားခြင်း၊

(ဂ) ကျန်းမာရေးဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ အဖိုးအခကို သတ်မှတ်နှုန်းထက်ပို၍ တောင်းခံခြင်း။

၂၀။ မည်သူမျှ ရောဂါပိုးရှိသူ သို့မဟုတ် ဆက်နွယ်ထိခိုက်ခံရသူ သို့မဟုတ် ရောဂါပိုးကူးစက်ခံရရန် အန္တရာယ်ပိုမိုမြင့်မားသူတစ်ဦးဦးကို -

(က) အလုပ်အကိုင်နှင့်စပ်လျဉ်း၍ အမျိုးသားကော်မတီက သတ်မှတ်ထားသောဌာနများမှတစ်ပါး အောက်ပါ ပြုမူဆောင်ရွက်ချက်တစ်ရပ်ရပ်ကို မပြုရ -

(၁) အလုပ်ခန့်အပ်ရန် ရွေးချယ်မည့် အစီအစဉ်နှင့် ကြော်ငြာများတွင် သီးခြားဖော်ပြခြင်း၊

(၂) အလုပ်အကိုင်အတွက် သီးခြားစည်းကမ်းသတ်မှတ်ချက်များ ဖော်ပြခြင်း၊

(၃) အလုပ်ခန့်အပ်ရန်ငြင်းဆန်ခြင်း၊ အလုပ်မှရပ်စဲခြင်း၊ လုပ်ငန်းခွင်မှ အတင်းအကျပ် ပြောင်းခိုင်းခြင်း၊ ရာထူးတိုးပေးရန် ငြင်းဆန်ခြင်း၊ သင်တန်းတက်ရောက်ခွင့် မပြုခြင်းနှင့် တရားဝင်အကျိုးခံစားခွင့်များကို အာမခံရန် ပျက်ကွက်ခြင်း၊

(ခ) ပညာရေး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတို့နှင့် စပ်လျဉ်း၍ အောက်ပါ ပြုမူဆောင်ရွက်ချက်တစ်ရပ်ရပ်ကို မပြုရ -

(၁) ကျောင်းအပ်ခြင်း သို့မဟုတ် ဝင်ခွင့်လျှောက်ထားခြင်းကို ကန့်သတ်ခြင်း၊ ငြင်းပယ်ခြင်း၊

(၂) အကျိုးခံစားခွင့်၊ ဝန်ဆောင်မှု သို့မဟုတ် အထောက်အပံ့ပစ္စည်းအား ရယူအသုံးပြုခွင့်ကို ငြင်းပယ်ခြင်း သို့မဟုတ် အကန့်အသတ်ဖြစ်စေခြင်း၊

(၃) သီးသန့်ခွဲခြားထားခြင်း၊ ချန်လှပ်ထားခြင်း သို့မဟုတ် ထုတ်ပယ်ခြင်း၊

(၄) ရောဂါပိုးစစ်ဆေးပေးရန်နှင့် စစ်ဆေးမှုရလဒ်ပေးရန် တောင်းဆိုခြင်း။

(ဂ) အချုပ်ခန်း သို့မဟုတ် အကျဉ်းထောင်များတွင် အောက်ပါပြုမူဆောင်ရွက်ချက်တစ်ရပ်ရပ်ကို မပြုရ -

(၁) လုပ်ထုံးလုပ်နည်းများမှ ကျော်လွန်၍ ကန့်သတ်ခြင်း၊

(၂) လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများရရှိခံစားခွင့်ကို ငြင်းပယ်ခြင်း၊ ကန့်သတ်ခြင်း၊

(၃) ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ရရှိခံစားခွင့်ကို ငြင်းပယ်ခြင်း၊ ကန့်သတ်ခြင်း၊

(၄) အချုပ် သို့မဟုတ် ထောင်ဒဏ်ကျခံနေရသူများအား ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ခွဲခြားထားခြင်း။

စာမျက်နှာ ၁၇ သို့ ★

# တိုက်ရိုက်ရောင်းချခြင်းဥပဒေကြမ်း

ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ယမန်နေ့မှအဆက်**

**အခန်း(၁၃)**

**အထွေထွေ**

၂၅။ ဤဥပဒေအရ သိမ်းဆည်းထားသော သက်သေခံပစ္စည်းသည် ပုပ်သိုးပျက်စီးစေနိုင်လျှင်ဖြစ်စေ၊ အများပြည်သူကျန်းမာရေးအတွက် ဆက်လက်ထားရှိရန် သင့်လျော်မှုမရှိလျှင်ဖြစ်စေ၊ တရားရုံးက လွှဲပြောင်းပေးလျှင်ဖြစ်စေ ဦးစီးဌာနသည် သတ်မှတ်ချက်နှင့်အညီ စီမံခန့်ခွဲခြင်းပြုရမည်။

၂၆။ ဤဥပဒေအရ ဦးစီးဌာနက ရရန်ရှိသော ဒဏ်ကြေးငွေများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဦးစီးဌာနက တာဝန်ပေးအပ်သည့် ပြန်တမ်းဝင်အရာရှိ အဆင့်အောက်မနိမ့်သော အရာရှိသည် တည်ဆဲဥပဒေအရ ကော်လိတ်တော်အရာရှိ၏လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိစေရမည်။

၂၇။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၈။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ကျူးလွန်ခြင်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ တာဝန်ရှိသူတစ်ဦးဦးကို အရေးယူရမည်။

၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

★ **စာမျက်နှာ ၁၆ မှ**

(ဃ) ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ ဧည့်ဂေဟာ၊ အဆောင်၊ သင်တန်းကျောင်းနှင့် အခပေးငှားရမ်းသုံးစွဲသည့် အဆောက်အဦစသည့် နေထိုင်သောနေရာများတွင် နေရာထိုင်ခင်းပေးရန် သို့မဟုတ် ဆက်လက်ပေးအပ်ရန် ငြင်းပယ်ခြင်းမပြုရ။

(င) လူမှုအသိုက်အဝန်းနှင့်စပ်လျဉ်း၍ အောက်ပါပြုမူဆောင်ရွက်ချက်တစ်ရပ်ရပ်ကို မပြုရ-

(၁) လူမှုအသိုက်အဝန်းတွင် နေထိုင်ခွင့်ပြုရန်နှင့် ဆက်လက်နေထိုင်ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(၂) လူမှုအသိုက်အဝန်းတွင် နေထိုင်ခြင်း သို့မဟုတ် ဆက်လက်နေထိုင်ခြင်းကို ခွင့်ပြုရာ၌ သီးခြားသတ်မှတ်ချက်များထားရှိခြင်း၊

(၃) နေထိုင်ရာနေရာ သို့မဟုတ် လူမှုအသိုက်အဝန်းမှ နှင်ထုတ်ခြင်း၊

(စ) အများပြည်သူနှင့်သက်ဆိုင်သော နေရာဌာနများ၊ ပစ္စည်းများ၊ ဝန်ဆောင်မှုများ ရယူအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ အောက်ပါပြုမူဆောင်ရွက်ချက်တစ်ရပ်ရပ်ကို မပြုရ -

(၁) ပေးအပ်ရန် ငြင်းဆန်ခြင်း၊

(၂) သီးခြားစည်းကမ်းများ သတ်မှတ်ခြင်း၊

(၃) အသုံးပြုခြင်းကို ရပ်သိမ်းခြင်း သို့မဟုတ် ထောက်ပံ့မှုကို လျှော့ချဖြတ်တောက်ခြင်း။

၂၁။ မည်သူမျှ အသက်အာမခံထားရှိခြင်းနှင့်စပ်လျဉ်း၍ ရောဂါပိုးရှိသူအား တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်းမှတစ်ပါး ခွဲခြားသတ်မှတ်ဆောင်ရွက်ခြင်း မပြုရ။

၂၂။ မည်သူမျှ တစ်ဦးတစ်ယောက်အား ရောဂါပိုးရှိနေသည် သို့မဟုတ် ရောဂါပိုးကြောင့် ဆက်နွှယ်ထိခိုက်ခံစားနေရသည်ကို အကြောင်းပြု၍ ကဲ့ရဲ့ပြစ်တင်ခြင်း မပြုရ။

၂၃။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ သို့မဟုတ် နှစ်သိမ့်ဆွေးနွေး ပညာပေးသူသည် -

(က) ရောဂါပိုးနှင့်ဆက်စပ်သော သတင်းအချက်အလက်များကို အောက်ပါအခြေအနေများမှတစ်ပါး ထုတ်ဖော်ပြောဆိုခြင်း မပြုရ -

(၁) သတင်းအချက်အလက်နှင့် ဆက်နွှယ်ပတ်သက်နေသူက ၎င်း၏ဆန္ဒအလျောက် သဘောတူညီချက်ပေးခြင်း။

(၂) ဤဥပဒေနှင့်အညီ ထုတ်ဖော်ပြောဆိုခွင့်ရှိခြင်း။

(ခ) ပုဒ်မခွဲ (က) (၁) အရပေးသော သဘောတူညီချက်ကို စာဖြင့်မှတ်တမ်းတင်ထားရှိရမည်။

၂၄။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ သို့မဟုတ် နှစ်သိမ့်ဆွေးနွေးမှုပေးသူသည် တစ်ဦးတစ်ယောက်သောသူ၏ သွေးနမူနာကို ပုဒ်မ ၁၆၊ ပုဒ်မ ၁၇ သို့မဟုတ် တရားရုံး၏အမိန့်မှတစ်ပါး ထိုသူ၏ ဆန္ဒအလျောက်ပေးသော သဘောတူခွင့်ပြုချက်မရရှိဘဲ ရောဂါပိုး ရှိ-မရှိ စစ်ဆေးခြင်းမပြုရ။

၂၅။ မည်သူမျှ-

(က) ရောဂါပိုးကူးစက်မှုအန္တရာယ်လျှော့ချရေး နည်းလမ်းလုပ်ငန်းစဉ်တစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်နေသူတစ်ဦးဦးကို ယင်းတာဝန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ ဖမ်းဆီးခြင်း၊ အနှောင့်အယှက်ပေးခြင်း၊ ဟန့်တားခြင်း သို့မဟုတ် ကန့်သတ်ခြင်း မပြုရ၊

(ခ) ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ရယူသုံးစွဲရာတွင် ထိုသူတို့၏ လိင်ဝိသေသလက္ခဏာနှင့် လိင်စိတ်ခံယူမှု သို့မဟုတ်၊ လိင်လုပ်သားဖြစ်ခြင်း သို့မဟုတ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသုံးစွဲသူဖြစ်ခြင်းကို အကြောင်းပြု၍ ဥပဒေနှင့်အညီမှတစ်ပါး ဖမ်းဆီးခြင်း၊ ထိန်းသိမ်းချုပ်နှောင်ခြင်း၊ တစ်စုံတစ်ရာသောနည်းလမ်းဖြင့် အနှောင့်အယှက်ပေးခြင်း၊ ဟန့်တားခြင်း သို့မဟုတ် ကန့်သတ်ခြင်း မပြုရ။

၂၆။ မည်သူမျှ ရောဂါပိုးနှင့်ဆက်စပ်သော သတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ထုတ်ဝေဖြန့်ချိခြင်း မပြုရ။

**အခန်း (၁၀)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ခြင်း**

၂၇။ အခန်း(၉)ပါ ပြုမူဆောင်ရွက်ခြင်းမပြုရမည့် ကိစ္စတစ်ရပ်ရပ်ကို ပြုမူဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာသော ကိစ္စရပ်များနှင့်ပတ်သက်၍ နစ်နာသူသည် သက်ဆိုင်ရာမြို့နယ်ကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ တိုင်ကြားနိုင်သည်။

၂၈။ ပုဒ်မ ၂၇ အရ တိုင်ကြားမှုကို လက်ခံရရှိသော မြို့နယ်ကော်မတီသည် လိုအပ်သော စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ပြီး အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) တိုင်ကြားထားသောကိစ္စရပ်နှင့်စပ်လျဉ်းသည့်လုပ်ရပ် သို့မဟုတ် အပြုအမူကို ဆက်လက်လုပ်ဆောင်ခြင်းမပြုရန် သတိပေးခြင်း သို့မဟုတ် တားမြစ်ခြင်း၊

(ခ) အလုပ်အကိုင်ခန့်ထားစေခြင်း၊ အလုပ်အကိုင်ပြန်လည်ခန့်ထားစေခြင်း၊ ရာထူးတိုးမြှင့်ခြင်း သို့မဟုတ် အကျိုးခံစားခွင့်များ ပြန်လည်ရရှိခံစားစေခြင်း၊

(ဂ) ဤဥပဒေကိုဆန့်ကျင်၍ ချုပ်ဆိုထားသောစာချုပ် သို့မဟုတ် သဘောတူညီချက်အား ဥပဒေနှင့်အညီ ပြန်လည်ပြင်ဆင်စေခြင်း။

၂၉။ (က) မြို့နယ်ကော်မတီက ချမှတ်သောအမိန့်ကို ကျေနပ်မှုမရှိသူသည် အမိန့်စာမိတ္တူမှန် ထုတ်ယူသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ကော်မတီသို့ အယူခံနိုင်သည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ကော်မတီသည် မြို့နယ်ကော်မတီ၏အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၀။ (က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် ကော်မတီက ချမှတ်သော အမိန့်ကို ကျေနပ်မှုမရှိသူသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေကော်မတီသို့ အမိန့်စာ မိတ္တူမှန် ထုတ်ယူသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေကော်မတီသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ကော်မတီ၏ အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၁။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေကော်မတီက ချမှတ်သောအမိန့်ကို ကျေနပ်မှုမရှိသူသည် အမျိုးသားကော်မတီသို့ အမိန့်စာမိတ္တူမှန်ထုတ်ယူသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည်။

(ခ) အမျိုးသားကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေကော်မတီ၏ အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) အမျိုးသားကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၃၂။ ကော်မတီအဆင့်ဆင့်သည် မိမိ၏ စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်အပေါ် လိုက်နာဆောင်ရွက်ခြင်းမပြုသည့် ကိစ္စနှင့်စပ်လျဉ်း၍ အမျိုးသားကော်မတီသို့ အစီရင်ခံတင်ပြရမည်။

၃၃။ (က) အမျိုးသားကော်မတီသည် ကော်မတီအဆင့်ဆင့်၏ စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်ခြင်းမပြုသူအား လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းထံ အမှုတွဲကို လွှဲပြောင်းပေးပို့ရမည်။

(ခ) ပုဒ်မခွဲ (က) အရ လွှဲပြောင်းပေးပို့လာသည့် အမှုတွဲကို လက်ခံရရှိသော အစိုးရဌာန အဖွဲ့အစည်းသည် အရေးယူဆောင်ရွက်ပြီးစီးမှုကို အမျိုးသားကော်မတီသို့ ပြန်ကြားပေးရမည်။

**အခန်း (၁၁)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၃၄။ (က) မည်သူမျှ ဤဥပဒေပါ ကိစ္စရပ်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တိုင်ကြားခြင်း၊ တရားစွဲဆိုခြင်းနှင့် သက်သေအဖြစ် လိုက်ပါဆောင်ရွက်ခြင်းတို့အပေါ် ထိုသူအား ပိတ်ပင်ခြင်း၊ တားဆီးခြင်း၊ ထိခိုက်နစ်နာစေခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း မပြုရ။

(ခ) မည်သူမဆို ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း (၁၂)**

**ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း**

၃၅။ အမျိုးသားကော်မတီသည် ဤဥပဒေပါလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သည့်ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ထားရှိနိုင်သည်-

(က) ဝန်ကြီးဌာနမှ ထောက်ပံ့ငွေ၊

(ခ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် စေတနာရှင်များ၏ ကူညီပံ့ပိုးထောက်ပံ့ငွေများ၊ လှူဒါန်းငွေများ၊

(ဂ) အခြားရငွေများ။

၃၆။ အမျိုးသားကော်မတီသည် ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးတို့အတွက် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးရမည်။

၃၇။ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့သည် ရန်ပုံငွေကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ပြုလုပ်ရမည့်အပြင် နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အရအသုံးငွေစာရင်းရှင်းတမ်းများ ပြုစု၍ အမျိုးသားကော်မတီသို့ တင်ပြရမည်။

၃၈။ အမျိုးသားကော်မတီသည် ရန်ပုံငွေစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှု ခံယူရမည်။

**အခန်း (၁၃)**

**အထွေထွေ**

၃၉။ အမျိုးသားကော်မတီနှင့် ကော်မတီအဆင့်ဆင့်သည် ရောဂါပိုးတားဆီးကာကွယ်ထိန်းချုပ်ရေး သတင်းအချက်အလက်များကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ လက်လှမ်းမီရောက်ရှိစေရန် ဦးစားပေးဆောင်ရွက်ရမည်-

(က) ရောဂါပိုးကူးစက်ခံရသူများနှင့် ၎င်းတို့၏မိသားစုများ၊

(ခ) မူးယစ်ဆေးဝါးသုံးစွဲသူများ၊

(ဂ) လိင်လုပ်သားများ၊

(ဃ) လိင်တူဆက်ဆံသူများ၊

(င) လိင်မှတစ်ဆင့် ကူးစက်သော ရောဂါရှိသူများ၊

(စ) ရွှေ့ပြောင်းလုပ်သားများ၊

(ဆ) ကိုယ်ဝန်ဆောင်များ၊

(ဇ) ဝေးလံခေါင်ဖျားဒေသတွင် နေထိုင်သူများ၊ လူမှုစီးပွားအခြေအနေအထူးနိမ့်ကျသူများနှင့် အခြားရောဂါပိုးကူးစက်ရန် အခွင့်အလမ်းများသူများ။

**(ဆက်လက်ဖော်ပြပါမည်)**

## သတင်းစုံကဏ္ဍ

### အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်

**မိုးကောင်း**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ COVID–19 ရောဂါနှင့် ဘေးအန္တရာယ်များမှ အများပြည်သူများကင်းဝေးစေရန် သံဃာတော်အရှင်သူမြတ်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကို မတ် ၂၁ ရက် နံနက် ၈ နာရီခွဲက ဈေးကုန်းရပ်ကွက်ရှိ ဆုတောင်းပြည့်ရွှေသာလျောင်း ဘုရားကြီးဝင်း၌ ကျင်းပသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အဖွဲ့သုံးဖွဲ့ခွဲ၍ မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်လည်ကာ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြသည်။ **ဝင်းနိုင်(ကချင်မြေ)**

**ဟသ္သာတ**

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတမြို့နယ်အတွင်း COVID–19 ရောဂါကင်းဝေးစေရေး မတ် ၂၁ ရက် ညနေ ၅ နာရီက သံဃာတော်အရှင်သူမြတ်အပေါင်းတို့က မြို့အတွင်းသို့ မော်တော်ယာဉ်များဖြင့် ပရိတ်တရားတော်များ လှည့်လည် ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရသည်။

ထိုသို့ရွတ်ဖတ်ပူဇော်ရာတွင် သံဃာတော်အရှင်မြတ်အပါး ၅၀ တို့က ညနေ ၅ နာရီမှ ည ၉ နာရီအထိ မြို့ပတ်လမ်းနှင့် ရပ်ကွက်လမ်းများအတွင်းသို့ လှည့်လည်ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

### ကိုယ်အပူချိန်တိုင်းခြင်းနှင့် လက်ဆေးခြင်းဆောင်ရွက်ပေး

**မန္တလေး**

COVID–19 ရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် မန္တလေးမြို့ မဟာမုနိ ဘုရားကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသောဘုရားဖူးပြည်သူများအား မတ် ၂၁ ရက်မှစ၍ ကိုယ်အပူချိန်တိုင်းခြင်းနှင့် လက်သန့်ဆေးရည်ဖြင့် စနစ် တကျလက်ဆေးစေခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်း၊ လက်သန့်ဆေးရည်များဖြင့် စနစ်တကျ လက်ဆေးစေခြင်းများကို မဟာမုနိဂေါပကအဖွဲ့နှင့် ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ ကြက်ခြေနီအဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

### COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးပစ္စည်းများလှူဒါန်း

**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းသုတေသန ပြတိုက်တွင် COVID–19 ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် စီမံဆောင်ရွက် ထားရှိကြောင်း ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက် ကျန်းမာရေးမှူး ဦးသန်းလင်းအောင်ထံမှ သိရသည်။

အလှူရှင်များဖြစ်ကြသည့် Trusty Group of Myanmar Co.,Ltd က လက်အိတ် ၁၀၀ ပါ နှစ်ဘူး၊ B Win Hand Gel တစ်ဂါလန်ပုံးသုံးပုံး၊ Daily Hand Gel 525 လေးဘူး၊ Mask ၁၀၀ ပါတစ်ထုပ်၊ Thant Construction Co.,Ltd က Mask ၁၀၀ ပါ တစ်ထုပ်တို့ကို မတ် ၂၀ ရက် နံနက် ၁၀ နာရီက လှူဒါန်းခဲ့ကြသည်။ **ကိုထိန် (ငွါသရောက်)**

### ရေနံချောင်း၌ လျှပ်စစ်အင်ဂျင်နီယာရုံးတွင် လက်ဆေးကန်ထားရှိပေး

**ရေနံချောင်း**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် လျှပ်စစ်ရုံး၌ မတ် ၂၁ ရက် နံနက်ပိုင်းတွင် လျှပ်စစ်မီတာခများလာရောက်ပေးလျက်ရှိသည့် ပြည်သူများ COVID–19 ဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ငွေသွင်း ကောင်တာအနီးတွင် လက်ဆေးကန်များနှင့် ပညာပေးလက်ကမ်းစာစောင်များ ချပေးထားကြောင်း ရေနံချောင်းမြို့နယ် လျှပ်စစ်ရုံးတာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဇော်အောင်က ပြောသည်။ **ဆန်းညွန့်(ရေနံချောင်း)**

### COVID-19 ကာကွယ်ရေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် မတ် ၂၀ ရက် နံနက် ၈ နာရီက သုံးခွမြို့ မြို့မဈေးတွင် COVID–19 ကြိုတင်ကာကွယ်နိုင်ရန် ပညာပေး လက်ကမ်းစာစောင်များ လိုက်လံဝေငှပေးသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သုံးခွမြို့ မြို့မဈေးရှိ ဈေးသည်၊ ဈေးဝယ်သူများ၊ ပြည်သူများအား COVID–19 ကြိုတင်ကာကွယ်နိုင်ရန် ရောဂါလက္ခဏာများ၊ လူစုလူဝေးရှောင်ရှားခြင်း၊ လက်ကိုမကြာခဏဆေးရန် လိုအပ်ပုံ၊ ချောင်းဆိုးနှာချေသူများနှင့် အနီးကပ်ထိတွေ့ခြင်းမှ ရှောင်ရှားရန်နှင့် ဆောင်ရန် ရှောင်ရန်အချက်များပါရှိသော ကျန်းမာရေးအသိပညာပေး လက်ကမ်း စာစောင်များအား လိုက်လံဝေငှပေးခဲ့ကြကြောင်း သိရသည်။

**ကျော်ဆန်း**

## ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေး၌ COVID-19 ကာကွယ်ရေးအစီအမံများ အရှိန်တိုးမြှင့်ဆောင်ရွက်



**ရန်ကုန် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီး၌ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူမှုကယ်ဆယ်ရေးအဖွဲ့များ အားလုံးပါဝင်၍ COVID–19 ကာကွယ်ရေးအမြင့်မားဆုံးအစီအမံအဖြစ် ဈေးအတွင်း အထူးသန့်ရှင်းရေးနှင့် ဆေးဖျန်းခြင်းတို့ကို ဈေးသူဈေးသားများ၊ ဈေးသာယာရေးအဖွဲ့များ၊ ဈေးဌာနများပူးပေါင်းကာ ဆောင်ရွက်ကြသည်။

"အခြေခံအစားအသောက်ဈေးကြီးဖြစ်တဲ့ ဗဟိုငါးဈေးကြီးမှာ ကျွန်တော်တို့ တိုင်းဒေသကြီးက လူမှုကယ်ဆယ်ရေးအဖွဲ့များအားလုံး ပါဝင်တဲ့အဖွဲ့တွေ ပူးပေါင်းဝန်းရံပြီးတော့ အထူးသန့်ရှင်းရေး လုပ်ငန်းကို ဆောင်ရွက်တာပါ။ အထူးသဖြင့် မြောင်းတွေသန့်ရှင်းရေးကို ဆောင်ရွက်ပြီးတော့ ဈေးအဝင်ဝတွေမှာ အပူချိန်တိုင်းတာတွေ၊ လက်ဆေးတဲ့အလေ့အကျင့်တွေရအောင် ဆောင်ရွက်ပါတယ်"ဟု တိုင်းဒေသကြီး လူမှုကယ်ဆယ်ရေးဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက ပြောသည်။

ကြည့်မြင်တိုင် ဗဟိုငါးဈေးကြီးသည် တစ်နိုင်ငံလုံးသို့ ငါးများ တင်ပို့ရောင်းချရာ လက်ကားဈေးကြီး ဖြစ်သည့်အလျောက် COVID –19 ရောဂါမဖြစ်ပွားရလေအောင် အပတ်စဉ် အထူးသန့်ရှင်းရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။

"သန့်ရှင်းရေးကို အထူးဆောင်ရွက်သလို ကလိုရင်းဆေးဖျန်းတာတွေ၊ လက်ဆေးတာတွေ၊ အပူချိန်တိုင်းတာတွေနဲ့ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေတာတွေကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်နေပါတယ်။ ဈေးသူဈေးသားတွေရော ဈေးဝယ်လာသူတွေရော အထူးကြပ်ကြပ်မတ်မတ်နဲ့ ဆောင်ရွက်တာ အခုဒီနေ့မှာဆိုရင် ငါးဒိုင်တွေရော၊ နယ်ပို့တွေ၊ ဝယ်ရောင်းသမားတွေ အားလုံးပါဝင်ပြီး အရှိန်အမြင့်ဆုံးဆောင်ရွက်နေတာပါ" ဟု ရန်ကုန်အနောက်ပိုင်းခရိုင် ဈေးများရုံး ခရိုင်မှူး ဦးမောင်မောင်ဌေးက ပြောသည်။

အဆိုပါငါးဈေးကြီးသည် နေ့စဉ်ငါးပိဿာချိန် ၃၀၀၀၀၀ ရောင်းဝယ်ဖောက်ကားလျက်ရှိပြီး လူဦးရေ နေ့စဉ် ၅၀၀၀၀ ဝင်ထွက်သွားလာလျက်ရှိကြောင်း သိရသည်။ **မြင့်မောင်စိုး**

## COVID-19 ရောဂါ စောင့်ကြည့်လူနာများထားရှိရန် သိမ်ဖြူလက်ဝှေ့ရုံဆေးဖျန်း

**ရန်ကုန် မတ် ၂၂**

ကြိုတင်ပြင်ဆင်မှုတစ်ရပ်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် COVID–19 ရောဂါစောင့်ကြည့်လူနာများထားရှိရန် နေရာငါးနေရာကို ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိရာ ယင်းငါးနေရာတွင် ပါဝင်သည့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူလက်ဝှေ့အားကစားရုံကို ခုတင်များထည့်သွင်းခြင်း၊ ဆေးဖျန်းခြင်းများကို မတ် ၂၂ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့သည်။

ကြိုတင်ပြင်ဆင်မှုတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည့် သိမ်ဖြူလက်ဝှေ့ အားကစားရုံ၌ ထားရှိမည့်သူများသည် ရောဂါကူးစက်ခံရသူများမဟုတ်ဘဲ စောင့်ကြည့်ရမည့်သူများသာဖြစ်သည့်အတွက် အများပြည်သူအနေဖြင့် စိုးရိမ်မှုမလွန်ကဲကြရန်နှင့် ကောလာဟလများကို သတိထားသင့်ကြောင်း ပြင်ဆင်ဆောင်ရွက်မှုတွင်ပါဝင်သည့် တာဝန်ရှိသူတစ်ဦးက ပြောသည်။

COVID–19 ရောဂါအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ကာကွယ် ထိန်းချုပ်မှုများ ဆောင်ရွက်နေသည့်အပြင် တစ်ဖက်တွင်လည်း ကြိုတင် ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည့် သိမ်ဖြူလက်ဝှေ့အားကစားရုံတွင် လက်ရှိခုတင်အလုံး ၁၅၀ ထည့်သွင်းထားပြီး ယခင်အားကစားသမားများ နားနေဆောင်များကို အဆင်သင့်အသုံးပြုနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည့် နေရာငါးနေရာမှာ လှည်းကူးမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့ရှိ ကျန်းမာရေးနှင့် အားကစား ဝန်ကြီး ဌာနပိုင် အဆောက်အဦများဖြစ်ကြောင်း သိရသည်။ **အေးမင်းသူ**

## မော်တော်ယာဉ်များအား ဟိုက်ပိုကလိုရိုက်ပိုးသတ်ဆေးရည်ဖျန်းခြင်း အရှိန်အဟုန်မြှင့်ဆောင်ရွက်

**မူဆယ် မတ် ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ အဝေးပြေး သိန်းသန်းချီကားကွင်း၌ မတ် ၂၁ ရက် နံနက်ပိုင်းက မူဆယ်မြို့မှတစ်ဆင့် မြန်မာပြည်အနှံ့သို့ ထွက်ခွာသွားမည့်ယာဉ်များကို COVID–19 ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးကော်မတီ(မူဆယ်)မှ အဖွဲ့ဝင်များ၊ အမှတ်(၁၂၃) ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ စေတနာ့ပရဟိတအသင်းဝင်များနှင့် နှလုံးလှ ပရဟိတအသင်းဝင်များက ဟိုက်ပိုကလိုရိုက်ပိုးသတ်ဆေးရည်ဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။



"အရင်ဦးဆုံး နယ်စပ်ဂိတ်ဖြစ်တဲ့ မန့်ဝိန်းဂိတ်မှာ တရုတ်ပြည် ကျယ်ဂေါင်ဘက်ကနေ မြန်မာပြည်ကို ဝင်လာတဲ့ကားတွေကို ဟိုက်ပိုကလိုရိုက်ပိုးသတ်ဆေးရည်တွေ အရင်ဖျန်းဖြစ်တယ်၊ သိန်းသန်းချီကားကွင်းကိုလည်း နဂိုစီစဉ်ထားတဲ့အတိုင်းပဲ ဒီကနေ့လာဖျန်းကြတာပါ၊ ပိုးသတ်ဆေးရည်တွေ ဖျန်းရာမှာ အဓိကကတော့ ပြည်မဘက်ကို ဦးတည်သွားမယ့် ကားတွေကို အဓိကထားဖျန်းတယ်၊ ကားတွေရဲ့ တာယာတွေကိုဖျန်းတယ်၊ပြီးတော့ ကားဂိတ်တွေကို လိုက်ဖျန်းပါတယ်" ဟု ကိုရိုနာဗိုင်းရပ်စ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးကော်မတီ (မူဆယ်)မှ ဦးမျိုးခိုင်က ရှင်းပြသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID–19) ကူးစက်ခံရမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီအသင်းများနှင့် ပရဟိတအသင်းအဖွဲ့များ ပူးပေါင်းပါဝင်သည့်အဖွဲ့ပေါင်းစုံက နေ့စဉ်တင်းကျပ်စွာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုင်းဘညဏ် (ကွတ်ခိုင်)**

# ပဲခူးတိုင်းဒေသကြီး၌ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပဲခူး မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်သည် မတ် ၂၁ ရက် နံနက်ပိုင်းက ဆည်မြောင်းနှင့် ရေအသုံးချရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကိုကိုဦး၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးနိုင်ဦးတို့နှင့်အတူ ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်နှင့် ဝေါမြို့နယ်များသို့သွားရောက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့သည် ကျောက်တံခါးမြို့နယ် သပိတ်ချောင်းတူးဖော်ခြင်းလုပ်ငန်း၊ ကျွန်းချောင်းတူးဖော်ခြင်းလုပ်ငန်း၊ စခန်းဆိုးချောင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံအင်းလုပ်ငန်းလုပ်ကိုင်သူ ပြည်သူများက တင်ပြသည့် အခက်အခဲများအား ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ဝေါမြို့နယ်သို့သွားရောက်ကာ ဝင်းကဒတ်ချိန်းချောင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ပြီး



ဝေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ တောင်သူမျိုးစေ့ သန့်စင်စက် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# နန်စီပွန်ဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေး ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ ရေးဆွဲဆောင်ရွက်

**ခန္တီး မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ခန္တီးရတနာနယ်မြေရှိ နန်စီပွန်ဒေသ ကျောက်စိမ်းတူးဖော်ရေး လုပ်ကွက်များအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးအတွက် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan–EMP)ရေးဆွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့အနေနဲ့က နန်စီပွန်ဒေသရဲ့ သတ္တုတွင်းကဏ္ဍနဲ့ပတ်သက်လာတဲ့အခါမှာ လက်ရှိလည်ပတ်လုပ်ကိုင်နေတဲ့လုပ်ငန်းတွေကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုဖြစ်စေ၊ ယခင်ကတည်းကရှိနေပြီးတဲ့ လုပ်ငန်းတွေရဲ့ ထိခိုက်မှုကြောင့်ဖြစ်စေ ဖြစ်လာတဲ့အကျိုးတွေကို လိုအပ်သလို စီမံခန့်ခွဲနိုင်ဖို့အတွက်(EMP) လို့ခေါ်တဲ့ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်ကို ရေးဆွဲဆောင်ရွက်ရတာပါ" ဟု မြန်မာ့သယံဇာတနှင့် ပတ်ဝန်းကျင်ကုမ္ပဏီမှ အကြီးတန်းအကြံပေး ဦးဝင်းနိုင်ထွန်းက ပြောသည်။



"သစ်ပင်တွေ အစားထိုးစိုက်ပျိုးဖို့အတွက် ပျိုးပင်တွေပျိုးထောင်ထားပြီး ဧပြီလအတွင်းမှာလည်း အပင်ပေါင်း ၁၅၀၀၀၀ ထပ်မံအစားထိုးစိုက်ပျိုးသွားမှာပါ။ တောင်ပြိုကျတာ၊ လမ်းပျက်စီးသွားတာတွေကို နှစ်စဉ်နွေ၊ မိုး၊ ဆောင်း သွားလို့ရအောင် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနေတယ်။ ဒေသခံတွေရဲ့ ဘာသာရေး၊ ပညာရေးနဲ့ ကျန်းမာရေးလိုအပ်ချက်တွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ဝန်ထမ်းတွေရဲ့ ကျန်းမာရေး သက်သာချောင်ချိရေးနဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကိုလည်း ဆောင်ရွက်ပေးပါတယ်"ဟု မြောက်ကျွန်းသူမမ ကျောက်မျက်ကုမ္ပဏီအုပ်စုမှ အထွေထွေမန်နေဂျာ ဦးသက်နိုင်ဦးက ပြောသည်။

အဆိုပါ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် (EMP) ရေးဆွဲခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ လုံခင်း–ဖားကန့် ကျောက်စိမ်းတူးဖော်ရေးဌာန ခန္တီးစခန်းရုံးမှ တာဝန်ခံ လက်ထောက်အထွေထွေမန်နေဂျာ ဦးထွန်းဝေက ''ကျွန်တော်တို့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်အရ ကွက်ရိုက်တွေအလိုက်၊ မှော်တွေအလိုက် EMP ရေးဆွဲသွားမှာဖြစ်ပါတယ်။ EMP ရေးဆွဲပြီးရင်လည်း အဲဒီ အစီအစဉ်တွေနဲ့အတူ လိုက်နာရမယ့် စည်းကမ်းတွေနဲ့ ဆောင်ရွက်သွားရမှာပါ" ဟု ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဝါးအလုံးရေ ၁၄၅ သိန်းကျော် ထုတ်လုပ်ရန်လျာထား

**မကွေး မတ် ၂၂**

မကွေးတိုင်းဒေသကြီးအတွင်း မြို့ပေါင်း ၂၅ မြို့နယ် သစ်တောကြိုးဝိုင်းပေါင်း ၁၆၆ ခု၌ ဝါးစိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းရှင် ၁၆၇ ဦးရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် ၎င်းတို့၏ ဝါးစိုက်ခင်းများမှ ဝါးအလုံးရေ ၁၄၅၈၀၀၀၀ ခန့် ထုတ်လုပ်ရန် လျာထားကြောင်း တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးတင့်ထံမှ သိရသည်။

ဝါးတောများမပြုန်းတီးစေရန် ဝါးအလုံးရေ ၁၀၀၀၀၀ ထုတ်လုပ်ပါက ဝါးစိုက်ခင်းတစ်ဧက ပြန်လည်စိုက်ပျိုးရန် လုပ်ငန်းရှင်များဘက်မှ တာဝန်ယူရသည်။

"၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်မှာ ဝါးအလုံးရေ သိန်း ၁၅၀၊ ဘတ်ဂျက်ကူးပြောင်းကာလ မီနီဘတ်ဂျက်မှာ သိန်း ၆၀ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ဒီနှစ်မှာလည်း အလုံးရေ ၁၄၅ သိန်းကျော် ထုတ်လုပ်ဖို့ လျာထားပါတယ်။ ဝါးထုတ်တဲ့ လုပ်ကွက်တွေကို ပြန်ဖြည့်စိုက်တာက ၂၅၆ ဒသမ ၁၆ ဧကရှိပါတယ်" ဟု ၎င်းက ပြောသည်။

**ဇေယျာတု(မကွေး)**

# မြန်မာ့ရိုးရာလက်ဝှေ့ အမျိုးသမီးလက်ဝှေ့ကျော် ဒေါ်မလေး၏ ဂါရဝပြုပွဲကျင်းပ

**မန္တလေး မတ် ၂၂**

မြန်မာ့ရိုးရာလက်ဝှေ့ အမျိုးသမီးလက်ဝှေ့ကျော် ဒေါ်မလေး၏ ဂါရဝပြုပွဲကို မတ် ၂၁ ရက် နံနက် ၁၀ နာရီခွဲက မန္တလေးမြို့ ၃၅ လမ်းနှင့် ၇၆ လမ်းထောင့်ရှိ ကီးမားတင်ဝင်းစားသောက်ဆိုင်၌ ကျင်းပသည်။

မြန်မာ့ရိုးရာ အမျိုးသမီးလက်ဝှေ့ကျော် ဒေါ်မလေးက ၁၄ နှစ်သမီးအရွယ်မှ လက်ဝှေ့စတင်ထိုးသတ်ခဲ့ကြောင်း၊ မိမိ၏ဆရာများမှာ ဆရာဦးဒေါင်းညိုနှင့် ဦးဒေါင်းနီတို့ဖြစ်ကြပြီး ပွဲပေါင်း ၁၀၀ ကျော် ထိုးသတ်ခဲ့ရာ ရှုံးပွဲမရှိ နိုင်ပွဲနှင့် သရေပွဲသာရှိခဲ့ကြောင်း၊ အသက် ၂၈ နှစ်တွင် လက်ဝှေ့လောကမှ အနားယူခဲ့ကြောင်း ပြောကြားပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လက်ဝှေ့နည်းပြများ၊ ပွဲစီစဉ်သူများ၊ ကလပ်အသင်းများ၊ ဒိုင်များအား ဂါရဝပြုခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## သတင်းစုံကဏ္ဍ

### ဂန့်ဂေါ၌ မြေသြဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးဆိုင်များစစ်ဆေး

**ဂန့်ဂေါ**

ဂန့်ဂေါခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဝင်များသည် ဂန့်ဂေါမြို့ပေါ်ရှိ မြေသြဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးဆိုင်များအား မတ် ၂၀ ရက်က ကွင်းဆင်းစစ်ဆေးကြသည်။

ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းသန့်နှင့် တာဝန်ရှိသူများသည် မြေသြဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးရောင်းချသည့်ဆိုင်များအား သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုလုပ်နိုင်ရေး ဆွေးနွေးခြင်း၊ စစ်ဆေးခြင်းတို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**စိန်ကျော်**

### လှိုင်းဘွဲ၌ ငှက်ဖျားရောဂါတိုက်ဖျက်ရေး ဆွေးနွေး

**လှိုင်းဘွဲ**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ငှက်ဖျားရောဂါတိုက်ဖျက်ရေးအစီအစဉ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် စေတနာ့ဝန်ထမ်းများ ဆွေးနွေးပွဲကို မတ် ၂၀ ရက်က မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းရုံး၌ ကျင်းပသည်။

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းစီမံချက်မန်နေဂျာ ဦးသက်ဝေထွန်းက ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ငှက်ဖျားရောဂါတိုက်ဖျက်ရေးတာဝန်ခံ ဦးလွင်မိုးက ကျေးရွာများတွင် ငှက်ဖျားရောဂါနှင့်ပတ်သက်၍ အထူးသတိပြုဆောင်ရွက်ကြရန်နှင့် ငှက်ဖျားရောဂါနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

### သီးနှံပိုးမွှားကာကွယ်နှိမ်နင်းရေး ဆွေးနွေးမေးမြန်းနိုင်

**နေပြည်တော်**

နေပြည်တော် ဥတ္တရသီရိမြို့နယ် စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ ငါးခုတွင် တောင်သူများအနေဖြင့် သီးနှံများတွင်ကျရောက်သော ပိုးမွှားရောဂါနှင့်ကိုက်ညီသည့် ဆေးများအား မှန်ကန်စွာရွေးချယ်ဝယ်ယူသုံးစွဲနိုင်ရေး၊ ပိုးသတ်ဆေးများအား စနစ်တကျ အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရေး လာရောက်ဆွေးနွေးမေးမြန်းနိုင်ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

### ပရဟိတအသင်းများမှ သောက်သုံးရေများလှူဒါန်း

**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ရွာသစ်တောင်ကျေးရွာတွင် သောက်သုံးရေရှားပါးမှုအခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသဖြင့် မတ် ၂၁ ရက် နံနက် ၁၀ နာရီက ညောင်ဦးမြို့နယ် ဖြူစင်မေတ္တာပရဟိတရေလှူအသင်းနှင့် သုမင်္ဂလာပရဟိတရေလှူအသင်းတို့ ပူးပေါင်းအဖွဲ့က ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့သည်။

ဖြူစင်မေတ္တာပရဟိတရေလှူအသင်းက ရေဂါလန် ၁၅၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီး၊ သုမင်္ဂလာပရဟိတရေလှူအသင်းက ရေဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ရွာသစ်တောင်ကျေးရွာရှိ အိမ်ခြေ ၁၈၆ အိမ်ရှိ လူဦးရေ ၂၀၀၀ ကျော်ခန့်အား အိမ်ထောင်စုအလိုက် စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**



# ပင်လည်ဘူးမြို့၌ ကျေးရွာ ရှစ်ရွာတွင် တွင်းနက်စက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေး

**ပင်လည်ဘူး မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့၌ ပြောင်းလဲလာသည့် ရာသီဥတုကြောင့် နွေရာသီသောက်သုံးရေ အခက်အခဲဖြစ်နေသော ကျေးရွာ ရှစ်ရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တွင်းနက်စက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေးနေကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်ထွန်းဇော်ထံမှ သိရသည်။

ပင်လည်ဘူးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ယခင်က တွင်းနက်စက်ရေတွင်းပေါင်း ၄၉ တွင်း တူးဖော်ဆောင်ရွက်ထားရှိပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် မြေကုလားကျေးရွာ၊ ငွေးချိုကျေးရွာ၊ သင်ပေါင်းကျင်းကျေးရွာ၊ စင်လောင်ကျေးရွာ၊ ကြူတောကိုင်းကျေးရွာ၊ ဝါးယူးသာကျေးရွာနှင့် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် နတ်ကြီးကုန်းကျေးရွာနှင့် ကပ္ပန္နတ်ကျေးရွာတို့တွင် တွင်းနက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။



အဆိုပါ တွင်းနက်တူးဖော်ခြင်းလုပ်ငန်းများကို YCEG ကုမ္ပဏီက တာဝန်ယူပြီး ဖေဖော်ဝါရီလမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကာ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို မတ် ၂၁ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းအဖွဲ့သည် ကပ္ပန္နတ်ကျေးရွာနှင့် စင်လောင်ကျေးရွာတို့တွင် တွင်းနက်ရေတွင်းတူးဖော်နေမှု၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်ပြုလုပ်နေမှု၊ ရေတင်ရေစက်ရုံတည်ဆောက်မှု၊ ရေပိုက်များ သွယ်တန်းဆောင်ရွက်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းတွင် အခက်အခဲမရှိဘဲ အဆင်ပြေချောမွေ့ကာ လုပ်ငန်းအရည်အသွေးပြည့်မီစေရန် လမ်းညွှန်မှာကြားစစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပင်လည်ဘူးမြို့နယ်တွင် ကျေးရွာပေါင်း ၂၆၆ ရွာရှိပြီး ကျေးရွာများတွင် သောက်သုံးရေအခက်အခဲများရှိပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ၀၉-၄၅၅၅၃၃၃၂၂၊ ၀၉-၄၀၁၄၈၂၂၆၈၊ ၀၉-၆၉၉၂၄၅၂၆၇၊ ၀၉-၄၄၀၃၆၀၉၄၂၊ ၀၉-၈၉၅၉၉၀၉၇၇၊ ၀၉-၄၅၆၀၈၀၅၃၆၊ ၀၉-၄၀၀၂၂၇၂၂၄၊ ၀၉-၄၅၂၉၃၀၅၄၁ တို့သို့ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ **မျိုးလွင်(ပင်လည်ဘူး)**

## MRCCI နှင့် ညီနောင်အသင်းများ ပူးပေါင်း၍ အခြေခံစားသောက်ကုန်များ ရောင်းချပေး

**မန္တလေး မတ် ၂၂**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် ၁၁ လမ်း x ၁၂ လမ်းနှင့် ၇၄ လမ်း x ၇၅ လမ်းကြားရှိ နဂါးပရိယတ္တိစာသင်တိုက်တွင် ယနေ့ မွန်းလွဲ ၁ နာရီက တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အသင်းများ ပူးပေါင်း၍ အခြေခံစားသောက်ကုန်များ ရောင်းချပေးကြသည်။

အခြေခံစားသောက်ကုန် ရောင်းချပေးခြင်းတွင် MRCCI အသင်းဥက္ကဋ္ဌ ဦးကျော်မင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမျိုးကျော်ဝင်း၊ ဒေါ်ခင်လေးမြင့်၊ အထွေထွေအတွင်းရေးမှူး ဦးဥက္ကာကျော်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့်အတူ ကာလပေါက်ဈေး ငွေကျပ် ၃၇၅၀ တန်ဖိုးရှိသည့် ဆန်တစ်ပြည်၊ ကြက်ဥ ခြောက်လုံး၊ ပဲဆီစစ်စစ် ၁၅ ကျပ်သား၊ လက်ဖက်နှင့် အကြော်စုံ၊ ငရုတ်သီးမှုန့်တို့ ပါရှိလျက် မူလတန်ဖိုးထက်လျှော့ချပြီး One Package တစ်ထုပ်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် လူဦးရေ ၅၀၀ ကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# COVID-19 စောင့်ကြည့်ခံရသူများ ထားရှိရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် AYA Bank တို့ ပံ့ပိုးကူညီ

**ရန်ကုန် မတ် ၂၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် AYA Bank တို့က ပြည်ပမှ ပြန်လည်ရောက်ရှိလာမည့် COVID-19 စောင့်ကြည့်ခံရသူများအား ထားရှိရန် ဝေဇယန္တာလမ်းမပေါ်ရှိ အမျိုးသား ဘောလုံးအကယ်ဒမီ(ရန်ကုန်)နှင့် တာမွေမြို့နယ်ရှိ AYA Bank သင်တန်းကျောင်း အဆောက်အဦများ ပံ့ပိုးကူညီပေးသွားမည်ဖြစ်သည်။

ယင်းအဆောက်အဦများတွင် ပြည်ပမှ ပြန်လည်ရောက်ရှိလာမည့် COVID-19 စောင့်ကြည့်ခံရသူများအား ထားရှိရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဧရာဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ ဆွေးနွေးခဲ့ပြီး မတ် ၂၂ ရက် နံနက်ပိုင်းမှစတင်ကာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)နှင့် AYA Bank သင်တန်းကျောင်း အဆောက်အဦနေရာများအား သွားရောက်စစ်ဆေးကြည့်ရှု၍ စောင့်ကြည့်ခံမည့်သူများ နေထိုင်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ခဲ့သည်။

COVID-19 စောင့်ကြည့်ခံမည့်သူများအတွက် AYA Bank သင်တန်းကျောင်းတွင် ဦးရေ ၁၅၀ ကျော်နှင့် MFF အမျိုးသားဘောလုံးအကယ်ဒမီတွင် ဦးရေ ၅၀ ကျော် ထားရှိနိုင်မည်ဖြစ်သည်။

အဆိုပါ စောင့်ကြည့်ခံမည့်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တာဝန်ယူသွားမည်ဖြစ်ပြီး တည်းခိုစားသောက်ရေးနှင့် လုံခြုံမှုရှိရေးအတွက် ဧရာဝတီဖောင်ဒေးရှင်းက ပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်သည်။

ဧရာဝတီဖောင်ဒေးရှင်းသည် မတ် ၁၈ ရက်ကလည်း ဝေဘာဂီဆေးရုံကြီးနှင့် ရန်ကင်းကလေးဆေးရုံကြီးတို့တွင် COVID-19 ကုသကာကွယ်ရေးလုပ်ငန်းများအတွက် ကျပ်သိန်းပေါင်း ၁၀၀၀ အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လှူဒါန်းခဲ့သည်။

**ဖိုးသော်ဇင်**

**❍ MNL ယူ-၂၀ မှ**

ဂိုးစတင် သွင်းယူနိုင်သောကြောင့် ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် တစ်ဂိုးထပ်သွင်းကာ အနိုင်ရခဲ့ခြင်း ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၃ မိနစ်တွင် ညီညီနှင့် ၇၉ မိနစ်တွင် သူရိန်ထွန်းက ပင်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက မြဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် နိုင်ပွဲဆက်ခဲ့ပြီး ၅၈ မိနစ်တွင် သက်ဟိန်းစိုးက တစ်လုံးတည်းသောအနိုင်ဂိုး သွင်းယူခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် Southern အသင်းက စစ်ကိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ Southern အသင်းအတွက် အနိုင်ဂိုးကို ၁၈ မိနစ်တွင် စည်သူဝင်းက သွင်းယူခဲ့သည်။ Southern အသင်းသည် ပထမပိုင်းတွင်သွင်းယူသည့်ဂိုးဖြင့် နိုင်ပွဲရခဲ့ခြင်းဖြစ်သည်။ စလင်းကွင်း၌ ရခိုင်အသင်းက မကွေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရခိုင်အသင်းမှာလည်း ၇၅ မိနစ်တွင် ထွန်းရွှေဝါသွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ယူပြီး နိုင်ပွဲဆက်ခဲ့သည်။

ဒုတိယနေ့ကို မတ် ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ အား/ကာသိပ္ပံ အသင်းနှင့် Chinland အသင်း၊ စလင်းကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် ဧရာဝတီအသင်း၊ တောင်ဒဂုံကွင်း၌ ငွေကြယ်ပွင့်အသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - MNL**

# နည်းပြတစ်ဦးဖြစ်လာရန် အေစီမီလန်အသင်းမှ အီဘရာဟီမိုဗစ်ချ် ထွက်ခွာမည်

တိုက်စစ်မှူး ဇလက်တန် အီဘရာဟီမိုဗစ်ချ်ဟာ နည်းပြဘဝကို ကူးပြောင်းဖို့ စီစဉ်ထားတာဖြစ်တဲ့အတွက် အခုနှစ် ဘောလုံးရာသီကုန်မှာ အေစီမီလန်အသင်းကနေ ထွက်ခွာတော့မယ်လို့ သိရပါတယ်။



တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ဟာ အေစီမီလန်အသင်းမှ ထွက်ခွာကာ ရှစ်နှစ်ကြာခဲ့ပြီးနောက် ပြီးခဲ့တဲ့ ဇန်နဝါရီဈေးကွက်အတွင်းက အေစီမီလန်အသင်းဆီ ပြန်လည်ပြောင်းရွှေ့လာခဲ့သူလည်း ဖြစ်ပါတယ်။ အီဘရာဟီမိုဗစ်ချ်ဟာ ၂၀၁၀ ပြည့်နှစ်ကနေ ၂၀၁၂ ခုနှစ်အထိ အေစီမီလန်အသင်းမှာ ကစားခဲ့သူဖြစ်ပြီး စုစုပေါင်းပွဲစဉ် ၈၅ ပွဲ ပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၅၆ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

အီဘရာဟီမိုဗစ်ချ်ဟာ ၂၀၁၁ ခုနှစ်မှာတော့ အေစီမီလန်အသင်းကို အီတလီ စီးရီးအေဖလား ရယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ အခုနှစ်ဘောလုံးရာသီမှာတော့ အီဘရာဟီမိုဗစ်ချ် အနေနဲ့ အေစီမီလန်အသင်းအတွက် ခုနစ်ပွဲ ပါဝင်ကစားပေးထားကာ သွင်းဂိုး သုံးဂိုး သွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

## မန်ယူက ပစ်မှတ်ထားနေတဲ့ လာဇီယိုကြယ်ပွင့် မီလင်ကိုဗစ်-ဆာဗစ်အား ပြောင်းရွှေ့ကြေး ပေါင် ၉၁ သန်းနဲ့ ခေါ်ယူရန် ပီအက်စ်ဂျီအသင့်ရှိနေ



ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းဟာ မန်ယူအသင်းက ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ လာဇီယိုကွင်းလယ်ကစားသမား မီလင်ကိုဗစ်- ဆာဗစ်ကို ပြောင်းရွှေ့ကြေး ပေါင် ၉၁ သန်းနဲ့ ခေါ်ယူဖို့ အသင့်ရှိနေတယ်လို့ ဆိုပါတယ်။

မီလင်ကိုဗစ်-ဆာဗစ်ဟာ အခုနှစ် ဘောလုံးရာသီမှာ လာဇီယိုအသင်းအတွက် ပြိုင်ပွဲအရပ်ရပ်မှာ ၃၁ ပွဲ ပါဝင်ကစားပေးထားပြီး သွင်းဂိုးငါးဂိုး သွင်းယူထားကာ ခုနစ်ဂိုး ဖန်တီးပေးထားနိုင်ခဲ့တာ ဖြစ်ပါတယ်။ လာဇီယိုအသင်းဟာ လက်ရှိ စီးရီးအေမှာ ဂျူဗင်တပ်အသင်းနဲ့ တစ်မှတ်အကွာ အမှတ်ပေးဇယား ဒုတိယနေရာမှာ ရပ်တည်နေတာဖြစ်ပြီး အီတလီစူပါဖလားကိုလည်း ရယူထားနိုင်ခဲ့တဲ့အသင်းလည်း ဖြစ်ပါတယ်။

အကောင်းဆုံးခြေစွမ်းပြကစားထားနိုင်တာကြောင့် မီလင်ကိုဗစ်-ဆာဗစ်ရဲ့ ပြောင်းရွှေ့ကြေးကို ပေါင် ၁၀၉ သန်းအထိ လာဇီယိုအသင်းက သတ်မှတ်ထားတာ ဖြစ်ပါတယ်။ မန်ယူအသင်းကလည်း ကွင်းလယ်ကစားသမား ပေါ့ဘာကို ရီးယဲလ်မက်ဒရစ်အသင်းဆီ ရောင်းထုတ်ပြီး လာဇီယိုကွင်းလယ်ကစားသမား မီလင်ကိုဗစ်-ဆာဗစ်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

**❖ ဒိုင်ဘာလာမှ**

ရေးသားဖော်ပြထားတာ ဖြစ်ပါတယ်။ ဒိုင်ဘာလာရဲ့ချစ်သူ အိုရီယာနာဟာ အာဂျင်တီးနား အဆိုတော်၊ သရုပ်ဆောင်နဲ့ မော်ဒယ်တစ်ဦးဖြစ်ပြီး ၁၉၉၀ ပြည့်နှစ်က အမေရိကန် အိုးပင်းတင်းနစ်ချန်ပီယံဖြစ်ခဲ့တဲ့ တင်းနစ်မယ် ဆာဘာတီနီရဲ့ တူမလည်း ဖြစ်ပါတယ်။

အေစီမီလန်အသင်းရဲ့ နည်းစနစ်ဒါရိုက်တာ မယ်ဒီနီနဲ့ သူ့ရဲ့သားဖြစ်သူ ဒန်နီယယ်တို့ဟာလည်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်းနဲ့ ကျန်းမာရေးအခြေအနေ ကောင်းမွန်နေကြောင်း အေစီမီလန်အသင်းက ထုတ်ပြန်တဲ့ ကြေညာချက်တစ်ရပ်မှာ ဖော်ပြထားပါတယ်။

တိုက်စစ်မှူး ဒိုင်ဘာလာဟာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရတဲ့ ဂျူဗင်တပ်အသင်းရဲ့ တတိယမြောက် ကစားသမားဖြစ်ပြီး ဗဟိုနောက်တန်းကစားသမား ရူဂါနီနဲ့ ပြင်သစ်အသင်းရဲ့ ကြယ်ပွင့်ကစားသမား မက်တူဒီတို့ဟာလည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရတယ်လို့ သိရပါတယ်။ ကိုရိုနာဗိုင်းရပ်စ် လျင်မြန်စွာကူးစက်လာတဲ့အတွက် အီတလီနိုင်ငံအတွင်းရှိ အားကစားပြိုင်ပွဲ အားလုံးကို ရပ်ဆိုင်းထားခဲ့ပြီး အနည်းဆုံး ဧပြီ ၃ ရက်အထိ ရွှေ့ဆိုင်းထားတယ်လို့ သိရပါတယ်။

**ငွေကြယ် - ရေးသားသည်**

# မန္တလေး-မြစ်ကြီးနား-မန္တလေး လေအေးပေးစက်ပါအမြန်ရထား စတင်ပြေးဆွဲ ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားဘူတာသို့ သွားရောက်ကြည့်ရှု

**မြစ်ကြီးနား မတ် ၂၂**
မန္တလေး - မြစ်ကြီးနား - မန္တလေး လမ်းပိုင်းတွင် လေအေးပေးစက်ပါ ကိုရီးယားလေအိတ် တွဲဆိုင်းအသစ်ဖြင့် မတ် ၂၁ ရက် မွန်းလွဲပိုင်းတွင် စတင်ပြေးဆွဲရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် မြစ်ကြီးနားဘူတာမှ မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာမည့် အမှတ်(၃၂) အစုန်အမြန်ရထားကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လေအေးပေးစက်ပါ ကိုရီးယားလေအိတ်တွဲဆိုင်းအသစ်ဖြင့် စတင်ပြေးဆွဲမည့် အမြန်ရထားကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မြန်မာ့မီးရထား(ရုံးချုပ်)မှ ဦးအောင်မြင့်လှိုင်၊ အထွေထွေမန်နေဂျာ (သွားလာရေး)၊ ဦးထောင်ရှန်ကန်း အထွေထွေမန်နေဂျာ (စစ်ဆေး)၊ အမှတ်(၁) မြစ်ကြီးနားမှ တိုင်းဒေသကြီး တာဝန်ခံ ဦးဇော်နှင့် အင်ဂျင်နီယာမှူးများ၊ မြစ်ကြီးနားရုံးပိုင်ချုပ်နှင့် တာဝန်ရှိသူများက တွဲဆိုင်းသစ်ရထားကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့တို့သည် အသစ်ပြေးဆွဲမည့်ရထားတွင် လိုက်ပါစီးနင်းကြမည့် ခရီးသည်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြပြီး အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။ **(အောက်ပုံ)**

မြစ်ကြီးနား-မန္တလေး လမ်းပိုင်းတွင် တွဲဆိုင်း ၁၂ တွဲ ပါဝင်ပြီး စားသောက်တွဲ တစ်တွဲအပါအဝင် အထက်တန်း ၁၀ တွဲ၊ ရိုးရိုးတန်း တစ်တွဲ၊ အထက်တန်းတွဲ တစ်တွဲလျှင် ခရီးသည် ၃၃ ဦးနှင့် ရိုးရိုးတန်း လူစီးဘရိတ်တွဲတွင် ၄၄ ဦးတို့ဖြင့် စုစုပေါင်းခရီးသည် ၃၇၄ ဦး သယ်ဆောင်ကာ နေ့စဉ် မြစ်ကြီးနားဘူတာမှ မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာပြီး လမ်းခရီးတစ်လျှောက် မိုးကောင်း၊ ဟိုပင်၊ မိုးညှင်း၊ နဘား၊ ကောလင်း၊ ကန့်ဘလူ၊ ရွှေဘို ဘူတာ ခုနစ်ဘူတာသာ ရပ်နားပေးမည်ဖြစ်ကြောင်းနှင့် မန္တလေးသို့ နံနက် ၇ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ် ဘူတာရုံများသို့ ကွင်းဆင်းကြည့်ရှု

**တောင်ကြီး မတ် ၂၂**
ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် အဖွဲ့သည် မတ် ၂၀ ရက် နံနက် ၈ နာရီခွဲက ကလောမြို့ ရထားဘူတာရုံ၌ မီးရထားထွက်ခွာချိန်နှင့် ခရီးသည်များ စိတ်ချမ်းမြေ့စွာသွားနိုင်ရေး၊ ခရီးသွားပြည်သူများ လာရောက်ပါကလည်း ကားထားမည့်နေရာသတ်မှတ်ရေးနှင့် မီးရထားဘူတာလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ ကလောဘူတာမှ မြင်းဒိုက်ဘူတာ၊ ဆင်တောင်ဘူတာ၊ ခွေးရုပ်ဘူတာတို့သို့ သွားရောက်၍ ခရီးသည်များ စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေးအတွက် အမြဲသတိဖြင့်ဆောင်ရွက်ပေးနိုင်စေရန်၊ ဝန်ထမ်းများအား COVID-19 နှင့်ပတ်သက်၍ ရောဂါကူးစက်ပုံနှင့် ကာကွယ်နိုင်မည့်နည်းလမ်းများအား ရှင်းလင်းပြောကြားသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



# မန္တလေးမြို့၌ ဆောက်လုပ်ထားသည့် အဆောက်အဦများတွင် မီးငြိမ်းသတ်ရေးစနစ်များ ထည့်သွင်းရန် လိုက်နာမှုအားနည်း

**မန္တလေး မတ် ၂၂**
အထပ်မြင့် အဆောက်အဦများ တိုးတက်များပြားလာသည့် မန္တလေးမြို့တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် အဆောက်အဦများ ဆောက်လုပ်သည့်အခါ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ အကြံပြုချက်ရယူပြီး တည်ဆောက်လာကြသော်လည်း အဆောက်အဦအတွင်း မီးငြိမ်းသတ်ရေးစနစ်များ ထည့်သွင်းသည့်စနစ် လိုက်နာမှုအားနည်းနေသေးကြောင်း သိရသည်။

"မန္တလေးမြို့မှာ အထပ်မြင့် အဆောက်အဦတွေလည်းများနေပြီ၊ အဆောက်အဦဆောက်လုပ်တဲ့အခါမှာ မီးငြိမ်းသတ်ရေးစနစ်ထားရမယ့်စနစ်တွေ၊ အရေးပေါ်ထွက်ပေါက်စနစ်တွေ၊ မီးလောင်လွယ်တဲ့ပစ္စည်းရောင်းချတာတွေကို မီးသတ်ဦးစီးဌာနရဲ့ အကြံပြုချက်ရယူဖို့ တင်ပြထားတာရှိတယ်။ ဒါပေမယ့် အကြံပြုချက်ရယူတဲ့ အဆောက်အဦတွေ အရင်ကနည်းတယ်။ တဖြည်းဖြည်းနဲ့ နောက်ပိုင်းမှာ စည်းရုံးဆောင်ရွက်ခဲ့ပါတယ်။ မီးသတ်ဦးစီးဌာနရဲ့ အကြံပြုချက်ယူပြီး ဆောက်တာတွေများလာတယ်။ ဒါပေမယ့် အကြံပြုချက်အတိုင်း မီးငြိမ်းသတ်ပစ္စည်းတွေထည့်သွင်းတဲ့စနစ်ကတော့ အားနည်းတာတွေ့ရပါတယ်။ စစ်ဆေးတဲ့အခါမှာ လိုက်နာတဲ့ အဆောက်အဦတွေရှိသလို မလိုက်နာတဲ့အဆောက်အအုံတွေက ပိုများတယ်" ဟု မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဦးသန်းဇော်ဦးက ပြောသည်။

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြို့ပြအင်္ဂါရပ်နှင့်အညီ ခေတ်မီအထပ်မြင့် အဆောက်အဦများပြားလာခြင်းကြောင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဥပဒေအရ အဆောက်အဦဆောက်လုပ်သည့်နေရာတွင် မီးသတ်တပ်ဖွဲ့၏ အကြံပြုချက်ရယူဆောက်လုပ်ရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားသည်။

"အကြံပြုချက်ရယူပြီး အကြံပြုချက်အတိုင်းဆောက်လုပ်တဲ့အခါမှာ မီးသတ်ပစ္စည်းတွေထည့်ဖို့ အကုန်အကျမခံချင်ဘူး၊ များသောအားဖြင့် အရည်အသွေးညံ့တဲ့ဟာ၊ ဈေးနှုန်းချိုသာတဲ့ဟာတွေထည့်တာ၊ အကြံပြုတဲ့အတိုင်း ပြည့်ပြည့်စုံစုံမလုပ်ထားတာတွေ့ရတယ်။ ဂျပန်နိုင်ငံမှာ မီးဘေးလုံခြုံရေးဆိုင်ရာဥပဒေစနစ်အတိုင်း လုပ်တဲ့အတွက် တစ်နှစ်မှာ မီးလောင်တဲ့အကြိမ်များပေမယ့် ဆုံးရှုံးမှုတန်ဖိုးက မြန်မာနိုင်ငံလောက် မများပါဘူး။ မြန်မာနိုင်ငံမှာလည်း နိုင်ငံတကာနည်းတူ မီးငြိမ်းသတ်ရေးပစ္စည်းတွေကို ထည့်သင့်တယ်လို့ အကြံပြုချင်ပါတယ်" ဟု ဆက်လက်ပြောပြသည်။

မြန်မာနိုင်ငံတွင် ထိရောက်သည့် မီးဘေးလုံခြုံရေးစနစ်ကို ရရှိရန်အတွက် သုံးထပ်နှင့်အထက် အထပ်မြင့် အဆောက်အဦများ ဆောက်လုပ်သည့်အခါ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ အကြံပြုချက်ဖြင့် အဆောက်အအုံအမျိုးအစားအလိုက် မီးငြိမ်းသတ်ရေးစနစ်များ စနစ်တကျထည့်သွင်းမှသာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်က ထုတ်ပေးသည့် မီးဘေးလုံခြုံရေးလက်မှတ် ရရှိမည်ဖြစ်ပြီး အဆိုပါ လက်မှတ်ရရှိမှသာ သက်ဆိုင်ရာမှ အဆောက်အအုံအသုံးချခွင့်လက်မှတ် ထုတ်ပေးသည့်စနစ်ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထိပ်ထားနိုင်**

# မြေပြိုဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး ဂျပန်နိုင်ငံ JICA မှ ပညာရှင်များလေ့လာ

**ဟားခါး မတ် ၂၂**
ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနနှင့် ဂျပန်နိုင်ငံ(JICA)အဖွဲ့တို့ ပူးပေါင်း၍ ချင်းပြည်နယ် ဟားခါးမြို့အတွင်း မြေပြိုဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မတ် ၂၁ ရက်က ဂျပန်နိုင်ငံ (JICA) မှ ပညာရှင်များ ကွင်းဆင်းလေ့လာခဲ့ကြသည်။

အဆိုပါအဖွဲ့သည် ညနေ ၄ နာရီခွဲတွင် ပြည်နယ်မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနရုံးသို့ရောက်ရှိပြီး ဟားခါးမြို့အတွင်း မြေပြိုဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ကြိုတင်ပြင်ဆင်သင့်သည့်အရာများ၊ ပြည်သူများ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သော အသိပညာပေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး၊ မြေပြိုဘေးအပါအဝင် သဘာဝဘေးအန္တရာယ်များ မကျရောက်မီ၊ ကျရောက်ဆဲ၊ ကျရောက်ပြီးနောက် ဒေသအခြေအနေနှင့်ကိုက်ညီမည့် ဆောင်ရွက်ရန်အချက်များကို ချင်းပြည်နယ် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှူး ဦးခုတ်ကန်းကျင့်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး အဆိုပါရုံးအတွင်းထားရှိသည့် မိုးလေဝသစခန်း တိုင်းတာရေးပစ္စည်းများကို လေ့လာကြည့်ရှုခဲ့သည်။

ဂျပန်နိုင်ငံ JICA အဖွဲ့အနေဖြင့် ဟားခါးမြို့၌ မြေပြိုဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး အာရုံခံစက်နှစ်လုံးကို ဟားခါးမြို့ မြို့ဟောင်းရပ်ကွက်နှင့် ဟားခါးထာရ်မြို့သစ်ရပ်ကွက်တို့တွင် နှစ်နေရာတပ်ဆင်ထားရှိပြီး အာရုံခံစက်နှစ်လုံးကို ထပ်မံထားရှိနိုင်ရေး ဒုတိယအကြိမ်ကွင်းဆင်းလေ့လာခြင်းဖြစ်ကြောင်း၊ မြေပြိုဘေးကျရောက်နိုင်သည့် အခြေအနေများတွင် ပြည်သူများကြိုတင်ပြင်ဆင်နိုင်ရေး၊ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ရေး သက်ဆိုင်ရာအစိုးရအဖွဲ့၊ တာဝန်ရှိသော ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ(JICA) မှ Hayato NAKAMURA (Project Formulation Advisor) က ပြောကြားသည်။

**မြင့်နိုင်စိုး**
**(ပြန်/ဆက်)**

# မန္တလေးမြို့၏ လေထုအရည်အသွေး သိရှိနိုင်ရန် တိုင်းတာ

**မန္တလေး မတ် ၂၂**
မန္တလေးမြို့၏ လေထုအရည်အသွေးကို သိရှိနိုင်ရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနနှင့် တိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ မန္တလေးမြို့တွင်း ၄၇ နေရာတွင် လေထုအရည်အသွေးတိုင်းတာစက်ဖြင့် လိုက်လံတိုင်းတာနေကြောင်း မန္တလေးတိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းထံမှ သိရသည်။

"မန္တလေးတစ်မြို့လုံးရဲ့ လေထုအရည်အသွေးကို သိရှိနိုင်ဖို့ Base Line Data ရရှိရေးအတွက် Project အနေနဲ့ ပူးပေါင်းပြီး မြို့နယ်အလိုက် ပွိုင့်တွေသတ်မှတ်ပြီး တိုင်းတာနေတယ်၊ လေထုတိုင်းတဲ့ပွိုင့် ၄၀ ကျော်မှာ မြို့တော်စည်ပင်သာယာရေးကော်မတီက အဓိကလုပ်ဆောင်နေတာပါ၊ ရလာတဲ့ Data ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကို ပို့ပေးတယ်၊ Project ပြီးသွားရင် တစ်မြို့လုံးရဲ့ လေထုအခြေအနေကို သိရမယ်" ဟု တိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းက ပြောသည်။

အဆိုပါဌာနအနေဖြင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ စက်မှုဇုန်(၁)နှင့် စက်မှုဇုန်(၂)၊ ချမ်းမြသာစည်မြို့နယ်ရှိ ကျွန်းလုံးဥသျှောင်ရပ်ကွက်နှင့် မန္တလာသီရိဘောလုံးကွင်းတို့တွင် Air Quality Monitoring System (AQM 65) စက်ဖြင့် အလှည့်ကျ တိုင်းတာနေသည့်အပြင် ငါန်းဇွန်မြို့နယ်ရှိ မြို့သာစက်မှုဇုန်တွင်လည်း သုံးလတစ်ကြိမ် တိုင်းတာနေကြောင်း သိရသည်။

တိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးအတွင်း၌ ဂျပန်နိုင်ငံ Asia Centre for Air Pollution Research (ACAP) ၏ အကူအညီရယူကာ PM-2.5 Analyzer ဖြင့် ပတ်ဝန်းကျင်လေထုအရည်အသွေးကို တိုင်းတာပြီး လစဉ်တိုင်းတာမှုများကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသို့ ပေးပို့ကာ နှစ်ချုပ်အစီရင်ခံစာကို ဂျပန်နိုင်ငံ ACAP သို့ ပေးပို့လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ဗြိတိန်နိုင်ငံရှိ အထင်ကရနေရာများနှင့် ရုပ်တုများ အပိုင်း(၂)

## စာဆိုတမန်

(၉-၃-၂၀၂၀ ရက်နေ့မှ အဆက်)

**၃၃။ The Shard မိုးမျှော်အဆောက်အဦ**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့လယ်ရှိ The Shard မိုးမျှော်အဆောက်အဦသည် အမြင့် ၃၀၉ ဒသမ ၆ မီတာ (သို့) ၁၀၁၆ ပေ မြင့်မားပြီး အဆောက်အဦ၏ အပြင်ဘက်ကို ဖန်ချပ်ပေါင်း ၁၁၀၀၀ ခန့်ဖြင့် တည်ဆောက်ထားကာ အနောက်ဥရောပရှိ အဆောက်အဦများတွင် အမြင့်ဆုံး အဆောက်အဦတစ်ခု ဖြစ်သည်။

The Shard မိုးမျှော်အဆောက်အဦကို ဖန်တီးသူနှင့် Joint Owner Mr. Irvine Sellar သည် ရုံးခန်း/ကုမ္ပဏီများ၊ ဟိုတယ်၊ နေအိမ်ခန်းများ၊ စားသောက်ဆိုင်များနှင့် ပြခန်းများပါဝင်ပြီး ဗိသုကာလက်ရာမြောက်သည့် မိုးမျှော်အဆောက်အဦတစ်ခုကို ဖန်တီးလိုသည့် ရည်ရွယ်ချက် ရှိခဲ့သည်။ ၂၀၀၉ ခုနှစ် မတ်လတွင် Project's architect ဖြစ်သူ Renzo Piano က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၂ ခုနှစ် မတ်လတွင် ပြီးစီးခဲ့သည်။ အဆောက်အဦ တည်ဆောက်စဉ် နိုင်ငံပေါင်း ၆၀ မှ အလုပ်သမားပေါင်း ၁၄၅၀ ပါဝင်ခဲ့ကြသည်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် The View from the Shard ကို ဖွင့်လှစ်သည့် ပထမနှစ်တွင်ပင် ဧည့်သည်ပေါင်း တစ်သန်းခန့် လာရောက်လည်ပတ်ခဲ့သည်။ The Shard အဆောက်အဦသည် လန်ဒန်မြို့၏ ခရီးသွားဧည့်သည်များ လာရောက်သည့် အဓိကပြယုဂ်တစ်ခု ဖြစ်လာခဲ့ပြီး သာယာလှပသည့် လန်ဒန်မြို့မြင်ကွင်းကို အထပ်မြင့်များမှ ကြည့်ရှုအပန်းဖြေနိုင်ကာ နာမည်ကျော်ကြားသည့် စားသောက်ဆိုင်၊ Bar များတွင် သုံးဆောင်၍ လန်ဒန်မြို့ရှုခင်းအလှကို ကြည့်ရှုနိုင်သည်။

The Shard အဆောက်အဦတွင် အထပ်ပေါင်း ၇၂ လွှာရှိပြီး နှစ်လွှာမှ ၂၈ လွှာသည် ထိပ်တန်းကုမ္ပဏီများနှင့် ရုံးများ၊ အထပ် ၃၁ လွှာမှ ၃၃ လွှာသည် နာမည်ကျော်ကြားသည့် စားသောက်ဆိုင်နှင့် Bar များ၊ အထပ် ၃၄ လွှာမှ ၅၂ လွှာသည် Five-star Shangri-La Hotel၊ အထပ် ၅၃ လွှာမှ ၆၅ လွှာသည် ထူးခြားကောင်းမွန်သည့် နေအိမ်ခန်းများနှင့် ထိပ်ဆုံး ၆၈ လွှာမှ ၇၂ လွှာသည် Open Air Viewing Platform တို့ ရှိသည်။

**၃၄။ လန်ဒန်မြို့ ဘီဘီစီအသံလွှင့်ဌာန (British Broadcasting Cooperation-BBC)**

ကမ္ဘာ့မီဒီယာတစ်ခုဖြစ်သည့် ဘီဘီစီသတင်းဌာနသည်လည်း ဗြိတိန်နိုင်ငံ လန်ဒန်မြို့၏ အထင်ကရ အဆောက်အဦဌာနများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ British Broadcasting Company-BBC ကို ဝါယာလက်ကြေးနန်းစကားပြောစက်အား ရှေးဦးတီထွင်ခဲ့သည့် ဗြိတိန်နိုင်ငံ၌နေထိုင်သူ အီတာလျံလူမျိုး Guglielmo Giovanni Maria Marconi (မာကိုနီ)၏ ဦးဆောင်မှုဖြင့် ၁၉၂၂ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် စတင်၍ ပုဂ္ဂလိကအသံလွှင့်ဌာနအဖြစ် စတင်တည်ထောင်ခဲ့ရာ ၉၇ နှစ်နီးပါးသက်တမ်းရှိ ကမ္ဘာ့အစောဆုံး အသံလွှင့်လုပ်ငန်းတစ်ခု ဖြစ်သည်။

ဒုတိယကမ္ဘာစစ်အတွင်း ဗြိတိန်နိုင်ငံစည်းလုံးညီညွတ်ရေး၊ မျိုးချစ်စိတ်ရှိရေး၊ ကမ္ဘာ့ဘုံရန်သူ ဖက်ဆစ်နာဇီဆန့်ကျင်ရေးတို့အတွက် တိုက်တွန်းနှိုးဆော်ရာ၌ အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ၁၉၂၅-၂၆ ခုနှစ်တွင် ဘီဘီစီသတင်းဌာနသည် ပုဂ္ဂလိကသတင်းဌာနတစ်ခုမှ ပြည်သူပိုင်သတင်းဌာနတစ်ခုဖြစ်လာခဲ့ပြီး British Broadcasting Cooperation ဟု ပြောင်းလဲခေါ်ဆိုခဲ့ပါသည်။ ဘီဘီစီအသံလွှင့်ဌာနကို Charter၊ BBC Board၊ Executive Committee၊ Operational Division၊ Commercial Division၊ MI-5 Vetting Policy ဟူ၍ အုပ်ချုပ်မှုနှင့် ဖွဲ့စည်းပုံခြောက်ရပ်ဖြင့် ဖွဲ့စည်းထားသည်။ လန်ဒန်မြို့အပါအဝင် ဗြိတိန်နိုင်ငံတစ်ဝန်း မြောက်အိုင်ယာလန်၊ စကော့တလန်နှင့် ဝေလပြည်နယ်များတွင်လည်း ထပ်ဆင့်အသံလွှင့်ဌာနခွဲများရှိသည်။ ဘီဘီစီ Head Office and Broadcasting House မှာ လန်ဒန်မြို့လယ် Central London Portland တွင် တည်ရှိသည်။

၁၉၂၇ ခုနှစ် Royal Charter အရ ဘီဘီစီသည် အသံလွှင့်လုပ်ငန်းကိုသာမက ရုပ်မြင်သံကြား အစီအစဉ်များကို ၁၉၃၂ ခုနှစ်မှ စတင်ထုတ်လွှင့်ပြသခဲ့သည်။


ဘီဘီစီမြန်မာပိုင်းအစီအစဉ်ကို ၁၉၄၀ ပြည့်နှစ်တွင် Shortwave ဖြင့် စတင်ထုတ်လွှင့်ခဲ့သည်။ စတင်ထုတ်လွှင့်သည့်အချိန်၌ နေ့စဉ် ၁၅ မိနစ်ခန့်သာ ထုတ်လွှင့်ခဲ့သော်လည်း နောက်ပိုင်းတွင် တစ်နေ့လျှင် နှစ်ကြိမ်၊ မိနစ် ၆၀ ခန့်စီ တိုးမြှင့်ထုတ်လွှင့်ပေးခဲ့သည်။ ယနေ့တိုင်လည်း တစ်ရက်လျှင်နှစ်ကြိမ်ဖြင့် နေ့စဉ်ထုတ်လွှင့်ပေးနေဆဲဖြစ်သည်။ ဘီဘီစီမြန်မာပိုင်းအစီအစဉ်၌ ကာလရှည်ကြာထုတ်လွှင့်ခဲ့၍ လူသိထင်ရှားခဲ့သည့်အစီအစဉ်များမှာ "မေးပါများ" အမေးအဖြေကဏ္ဍ အစီအစဉ်၊ စီစဉ်သူ Stewart Wavell နှင့် ဒေါ်လေး (ခေါ်) ဒေါ်လှလှဝင်းတို့၏ "The paddy birds" ခေါ် ငွေဗျိုင်းဖြူအစီအစဉ်များ ဖြစ်ပါသည်။ ဘီဘီစီ Head Office တွင် ဝန်ထမ်းအင်အား ၈၀၀၀ ကျော်ရှိပြီး မြန်မာ၊ အင်္ဂလိပ်ဘာသာ အပါအဝင် စုစုပေါင်း ဘာသာ ၄၂ မျိုးနှင့် သက်ဆိုင်ရာနိုင်ငံများ၏ ဒေသစံတော်ချိန်နှင့်အညီ ရေဒီယို၊ ရုပ်မြင်သံကြားနှစ်မျိုးစလုံး ထုတ်လွှင့်ပေးလျက်ရှိသည်။


လန်ဒန်မြို့ ဘီဘီစီ အသံလွှင့်ဌာန။

**၃၅။ ဂရင်းနစ်စံတော်ချိန်မျဉ်း (Prime Meridian Greenwich -Royal Observatory)**

ဂရင်းနစ်စံတော်ချိန် ဖြစ်တည်လာရာ (သို့) ကမ္ဘာ့အရှေ့ခြမ်းနှင့် အနောက်ခြမ်း ခွဲခြားသတ်မှတ်သည့် Prime Meridian Line ဟု ခေါ်သည့် ဇီးရိုး (သုည) လောင်ဂျီကျုမျဉ်း တည်ရှိသည့် ယူနက်စကို ကမ္ဘာ့သမိုင်းဝင်နေရာဖြစ်သော ဂရင်းနစ်စံတော်ချိန်မျဉ်းသည် နိုင်ငံတကာမှ ခရီးသွားများစွာ လာရောက်သည့် နေရာတစ်ခုဖြစ်ပြီး ဂရင်းနစ်မြို့ရှိ Royal Museums Greenwich များအနက် တစ်ခုဖြစ်သည်။

နက္ခတ်တိုင်းတာလေ့လာရေးဌာန Greenwich Observatory ကို ၁၆၇၅ ခုနှစ်တွင် အင်္ဂလန်ဘုရင် King Charles II က စတင်တည်ထောင်ခဲ့ပြီး သင်္ဘောသားများနှင့် Explorers များအတွက် ရေကြောင်းသွားလာရေး အထောက်အကူပြုစေရန် ရည်ရွယ်ခဲ့သည်။ Royal Observatory ၌ နက္ခတ်တဗေဒပညာရှင်များ၏ တွေ့ရှိဆောင်ရွက်ချက်များ၊ အင်္ဂလန်၏အရှည်ဆုံး Lensed Telescope နှင့် ကမ္ဘာ့အချိန်နာရီများကို ခွဲခြားသတ်မှတ်နိုင်ခဲ့မှု သမိုင်းကြောင်းတို့ကို လေ့လာတွေ့ရှိရသည်။ လောင်ဂျီကျုတိုင်းတာရေး ရှာဖွေကြိုးပမ်းသူများ နေထိုင်ခဲ့သည့် Flamsteed House အဆောက်အဦ၏ ထိပ်ပိုင်းတွင် ၁၈၃၃ ခုနှစ်က စတင်အသုံးပြုခဲ့ပြီး အစောဆုံးသော Public time signal များအနက် တစ်ခုဖြစ်သည့် Greenwich time ball ကိုလည်း ယခုထက်တိုင်တွေ့ရှိရသည်။ ၁၈၈၄ ခုနှစ်တွင် ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ Meridian ညီလာခံမှ ကမ္ဘာကြီးအား (Time Zone)အချိန်ဇုန် ခွဲခြားသတ်မှတ်ရန် ကြိုးပမ်းခဲ့ပြီး ဂရင်းနစ်မြို့ရှိ နက္ခတ်တိုင်းတာလေ့လာရေးဌာနကို အချိန်ဇုန်များ၏ အစမှတ်အဖြစ် ရွေးချယ်ခဲ့ကြကာ ဂရင်းနစ်စံတော်ချိန် (Greenwich Mean Time - G.M.T) ဖြစ်လာခဲ့ခြင်း ဖြစ်သည်။


ဂရင်းနစ်စံတော်ချိန်မျဉ်း။

Prime Meridian Line သည် ကမ္ဘာ့ဝင်ရိုးစွန်းတစ်ခုမှ တစ်ခုသို့ တောင်-မြောက်ဖြတ်ဆွဲထားကာ ကမ္ဘာ့အရှေ့ခြမ်းနှင့် အနောက်ခြမ်းဆုံမှတ်အဖြစ် သိရှိကြသည်။ ယင်းမျဉ်းပေါ်တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့ကို ဖြတ်သွားသော အရှေ့လောင်ဂျီကျုမျဉ်း ၉၆- ဒီဂရီ၊ ၁၀-မိနစ် မျဉ်းကို မြင်တွေ့ရသည်။ Royal Observatory အနီးတွင် National Maritime Museum နှင့် Queen's House စသည့် ပြတိုက်အဆောက်အဦကြီးများနှင့် Cutty Sark သင်္ဘောရွက်လှေကို ဝင်ရောက်လေ့လာနိုင်သည်။


The Shard မိုးမျှော်အဆောက်အဦ။

**၃၆။ ရောမကျောက်တုံးကြီးများ (စတုန်းဟမ့်(ရှ်)) (Stonehenge)**

ရောမကျောက်တုံးကြီးများသည် အင်္ဂလန်အနောက်တောင်ပိုင်း Wiltshire ပြည်နယ်ရှိ Amesbury မြို့အနီးတွင် တည်ရှိ၍ ဗြိတိန်နိုင်ငံ၏ ထင်ရှားကျော်ကြားဆုံး အထင်ကရနေရာများတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ရောမကျောက်တုံးကြီးများသည် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀၀၀ ကျော်ခန့်က စတင်တည်ဆောက်ခဲ့သည်ဟု ယူဆကြပြီး ခေတ်အဆက်ဆက် ပြန်လည်တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဘီစီ ၃၀၀၀ ခန့်က စတင်တည်ဆောက်ခဲ့သည့် ရောမကျောက်တုံးကြီးများ၏ ပထမဦးဆုံးပုံစံမှာ ခြံဝင်းကဲ့သို့ ဝိုင်းပတ်ပုံသဏ္ဍာန်ရှိသည့်မြောင်းအတွင်း၌ သစ်တိုင်သို့မဟုတ် ကျောက်တိုင် ၅၆ တိုင်ခန့်ဖြင့် စိုက်ထူထားခြင်းဖြစ်ကြောင်း၊ မြောင်းကိုသမင်ချိုကဲ့သို့ လက်နက်တစ်မျိုးဖြင့် တူးဖော်ခဲ့ခြင်းဖြစ်ပြီး ထုံးကျောက်များဖြင့် အတွင်းအပြင် တာရိုးများပြုလုပ်ခဲ့ကြောင်း၊ နှစ်ပေါင်းများစွာ သင်္ချိုင်းအဖြစ် အသုံးပြုခဲ့ကြောင်း သိရသည်။

ထို့နောက် ခေတ်အဆက်ဆက်၌ အကြိမ်ပေါင်းများစွာ ကျောက်တုံးများထပ်ထည့်ခြင်း၊ နေရာပြန်လည်ရွှေ့ခြင်းဖြင့် ပြောင်းလဲတည်ဆောက်ခဲ့ပြီး ယနေ့တွေ့မြင်ရသည့် ရောမကျောက်တုံးကြီးများမှာ ၁၉၀၁ ခုနှစ်မှ ၁၉၆၄ ခုနှစ်အတွင်း ပြန်လည်မွမ်းမံတည်ဆောက်ထားခြင်းဖြစ်သည်။


ရောမကျောက်တုံးကြီးများ (စတုန်းဟမ့်(ရှ်)) ။

စာမျက်နှာ ၂၃ သို့ ❂

✪ စာမျက်နှာ ၂၂ မှ


၁၃ ပေ မြင့်မား၍ ခုနစ်ပေ အကျယ်ရှိ ၂၅ တန် အလေးချိန်ရှိသော ကြီးမားသည့် ကျောက်တုံးကြီးများကို စက်ဝိုင်းပုံ ထောင်မတ်လျက်အနေအထား တွေ့မြင်ရမည်ဖြစ်ပါသည်။ မှတ်တမ်းတင် သမိုင်းအထောက်အထားများမရှိသောကြောင့် သမိုင်းသုတေသနပညာရှင်များကလည်း မည်သူမည်ဝါ တည်ဆောက်ခဲ့သည်ဟူ၍ သိရှိခြင်းမရှိဘဲ တည်ဆောက်ခဲ့သည့် ရည်ရွယ်ချက်ကိုလည်း ယနေ့တိုင် တိတိကျကျ ပြောဆိုနိုင်ခြင်းမရှိပါ။

ရောမကျောက်တုံးကြီးများသည် ဗြိတိသျှတို့၏ ယဉ်ကျေးမှု အထိမ်းအမှတ်သင်္ကေတဖြစ်ပြီး ၁၈၈၂ ခုနှစ်မှ စတင်၍ ရှေးဟောင်းအဆောက်အဦအဖြစ် တရားဝင်ထိန်းသိမ်းခဲ့ပါသည်။ ၁၉၈၆ ခုနှစ်တွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ပါသည်။ ရောမကျောက်တုံးကြီးများသည် လန်ဒန်မြို့၏ ၈၈ မိုင် အကွာအဝေးတွင် တည်ရှိပြီး လန်ဒန်မှ ကားဖြင့် နှစ်နာရီကြာမောင်းနှင်၍ သွားရောက်လည်ပတ်နိုင်ပါသည်။

**၃၇။ ဝင်ဆာရဲတိုက် (Windsor Castle)**

၁၁ ရာစုနှောင်းပိုင်းတွင် စတင်တည်ဆောက်ခဲ့သည့် ဝင်ဆာရဲတိုက်သည် အင်္ဂလန်၏ အရှေ့တောင်ပိုင်း Berkshire ပြည်နယ်ရှိ ဝင်ဆာမြို့တွင် တည်ရှိပါသည်။ အင်္ဂလန်နိုင်ငံကို နော်မန်တို့ ကျူးကျော်ပြီးနောက် နော်မန်ဘုရင်ဖြစ်သည့် William the Conqueror က ခံတပ်အဖြစ်ရည်ရွယ်၍ ၁၆ နှစ် အချိန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး သိန်းမြစ်၏ မဟာဗျူဟာကျသည့်အပိုင်းကို ကြီးကြပ်ကွပ်ကဲနိုင်ရန်နှင့် နော်မန်တို့၏ ဩဇာလွှမ်းမိုးနိုင်စေရန်အတွက် ရဲတိုက်ကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။ ထို့နောက် William ၏ စတုတ္ထမြောက်သားဖြစ်သူ အင်္ဂလန်ဘုရင် Henry I က ဝင်ဆာရဲတိုက်ကို နန်းတော်အဖြစ် စတင်အသုံးပြုခဲ့ပါသည်။ ယနေ့အထိ တော်ဝင်မင်းဆက်များ အသုံးပြုစံမြန်းလျက်ရှိသည့် ဥရောပတွင် ကာလအရှည်ကြာဆုံး နန်းတော်ဖြစ်ပါသည်။

ယနေ့ခေတ်တွင် ဗြိတိန်ဘုရင်မကြီး၏ နွေရာသီ အားလပ်ရက် စံနန်းအဖြစ်လည်းကောင်း၊ အခါအားလျော်စွာ တော်ဝင်မိသားစုများ အပန်းဖြေနားနေရာ စံနန်းအဖြစ်လည်းကောင်း၊ ဗြိတိန်တော်ဝင်မိသားစု၏ မင်္ဂလာအခမ်းအနားများအပါအဝင် တော်ဝင်အခမ်းအနားများ ကျင်းပသည့် အခါတွင်လည်းကောင်း၊ အစိုးရအကြီးအကဲများ၊ နိုင်ငံ့အကြီးအကဲများ လာရောက်သည့်အခါ နိုင်ငံတော်အခမ်းအနားဖြင့် ကြိုဆိုဧည့်ခံပြီး နိုင်ငံတော်အဆင့် ညစာစားပွဲများတည်ခင်းဧည့်ခံသည့်နေရာအဖြစ် လည်းကောင်း အသုံးပြုလျက်ရှိပါသည်။


ဝင်ဆာရဲတိုက်။

၁၉၉၂ ခုနှစ် နိုဝင်ဘာလတွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီး အခန်းပေါင်း ၁၀၀၀ ရှိသည့်အနက် နိုင်ငံတော်အခန်းကိုးခန်း အပါအဝင် အခန်းပေါင်း ၁၁၅ ခန်း မီးလောင်ကျွမ်းခဲ့ခြင်းကြောင့် အပျက်အစီးများကာ ဆုံးရှုံးမှုများစွာဖြစ်ပေါ်ခဲ့ပါသည်။ ၁၉၉၇ ခုနှစ်အထိ ငါးနှစ်ကြာ ပြန်လည်ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်ခဲ့ပါသည်။ အများပြည်သူ လေ့လာလည်ပတ်နိုင်ရန် ဖွင့်လှစ်ထားရှိသည့် အခန်းများနှင့် ပြတိုက်များအတွင်း ခေတ်အဆက်ဆက် တော်ဝင်အသုံးအဆောင်များနှင့် အဖိုးတန်ရှေးဟောင်းပစ္စည်းများ၊ တော်ဝင်မျိုးနွယ်နှင့် သူရဲကောင်းများ၏ သမိုင်းများကို ပုံဖော်ထားသည့် ဆေးရေးပန်းချီများနှင့် မှတ်တမ်းများကို ရင်သပ်ရှုမောဖွယ်တွေ့မြင်နိုင်မည်ဖြစ်ပါသည်။

ဝင်ဆာရဲတိုက်သည် ၁၃ ဧက ကျယ်ဝန်း၍ Middle Ward, Upper Ward, State Apartments, Lower Ward နှင့် Park and Landscape ဟူ၍ ခွဲခြားထားပါသည်။ ဝင်ဆာရဲတိုက်အတွင်း၌ ဗြိတိသျှကိုလိုနီခေတ်အတွင်းက မြန်မာပြည်မှ သယ်ယူခဲ့သည့် ခေါင်းလောင်းနှင့် အမြောက်နှစ်လက်ကိုလည်း တွေ့ရှိရမည်ဖြစ်ပါသည်။

**၃၈။ ရိုမန်ရှေးဟောင်းရေချိုးကန် (Roman Bath)**

ရိုမန်ရှေးဟောင်းရေချိုးကန်သည် ဗြိတိန်နိုင်ငံ အင်္ဂလန်အနောက်ဘက် လန်ဒန်မြို့မှ မိုင် ၁၀၀ ခန့်ကွာဝေးသည့် Bath ဟူသည့် မြို့လယ်၌တည်ရှိပါသည်။ ဗြိတိန်နိုင်ငံသို့ အလည်အပတ်လာရောက်ကြသည့် ကမ္ဘာလှည့်ခရီးသည်များ သွားရောက်လေ့ရှိသည့် သမိုင်းဝင်နေရာတစ်ခုဖြစ်သည့်အလျောက် ယခုအခါ package tour များဖြင့် လာရောက်လည်ပတ်သည့် မြန်မာလူမျိုးများလည်း သွားရောက်လည်ပတ်လျက်ရှိကြသည်ဟု သိရှိရပါသည်။ လန်ဒန်မြို့အပါအဝင် ဗြိတိန်နိုင်ငံရှိ အခြားမြို့ကြီးများမှ ရထားနှင့်ဖြစ်စေ၊ ကားနှင့်ဖြစ်စေ လွယ်ကူစွာ သွားရောက်လည်ပတ်နိုင်ပါသည်။ လေယာဉ်ဖြင့် ဆိုပါလျှင် အနီးဆုံးဖြစ်သည့် Bristol မြို့လေဆိပ်မှတစ်ဆင့် သွားရောက်နိုင်ပါသည်။ ရိုမန်ရှေးဟောင်းရေချိုးကန်၌ လေ့လာကြည့်ရှုရမည့်နေရာလေးခုမှာ ရေစင်စမ်း၊ ရောမဘုရားကျောင်း၊ ရေသန့်စင်ခန်းများနှင့် ပြတိုက်တို့ ဖြစ်ပါသည်။ လွန်ခဲ့သည့် ၂၀၁၈ ခုနှစ်တွင် ခရီးသွားဧည့်သည် စုစုပေါင်း ၁ ဒသမ ၃ သန်းခန့် လာရောက်ခဲ့သည်ဟု သိရှိရပါသည်။


ရိုမန်ရှေးဟောင်းရေချိုးကန်။

ရိုမန်ရှေးဟောင်းရေချိုးကန်ကို အေဒီ ၇၀ တွင် အများပြည်သူသုံး ရေသန့်စင်ကန်အဖြစ် တည်ဆောက်ခဲ့ပါသည်။ ရောမအင်ပါယာကြီးစိုးခဲ့စဉ် ကျန်ရှိခဲ့သည့် ရှေးဟောင်းအဆောက်အဦများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင်နေရာလည်းဖြစ်ပါသည်။ ရေပူစမ်းတစ်ခုဖြစ်ပြီး အပူချိန် ၄၆ ဒီဂရီစင်တီဂရိတ်ရှိ ရေနွေးပမာဏ လီတာ ၁၁၇၀၀၀၀ ကို နေ့စဉ် ရေကန်ကြီးများအတွင်း ဖြည့်တင်းပေးလျက်ရှိပါသည်။ လာရောက်လည်ပတ်သူ ဧည့်သည်များသည် လွန်ခဲ့သည့် နှစ် ၂၀၀၀ ခန့်က ရောမတို့ ခင်းကျင်းထားခဲ့သည့် လူသွားလမ်းကလေးများပေါ်၌ လျှောက်လှမ်း၍ လေ့လာကြည့်ရှုရမည့်နေရာများကို သွားရောက်ရင်း ရောမခေတ်သို့ ပြန်လည်ရောက်ရှိသွားသကဲ့သို့ ခံစားရလောက်သည်အထိ ဆွဲဆောင်မှုရှိသည့်နေရာဖြစ်ပါသည်။ ပြတိုက်တွင်လည်း ရောမခေတ်ရှေးဟောင်းရတနာများ၊ အသုံးအဆောင်ပစ္စည်းများအပြင် ဝန်းကျင်အနီးတစ်ဝိုက် ထပ်မံတူးဖော်တွေ့ရှိရသည့် ရောမခေတ်လက်ရာပစ္စည်းများကို စိတ်ဝင်စားဖွယ်ရာ ပြသထားပါသည်။ ခရီးသွားဧည့်သည်များအနေဖြင့် Grand Pump ရှိရာ ပင်မရှေးဟောင်းရေချိုးကန်ကြီးအတွင်းသို့ ဆင်းရန်ခွင့်မပြုသော်လည်း သီးသန့်ရေးချိုးခန်းများ၌ အပန်းဖြေ ရေချိုးသန့်စင်ခြင်းများ ပြုလုပ်နိုင်သည်။ နွေရာသီကာလများဖြစ်သည့် ဇွန်လလယ်မှ ဩဂုတ်လအထိ ည ၁၀ နာရီအချိန်အထိ သွားရောက်လည်ပတ်လေ့လာအပန်းဖြေနိုင်သည်။ လန်ဒန်မြို့မှ နေ့ချင်းပြန်ခရီးအဖြစ် သွားရောက်နိုင်သဖြင့် သွားရောက်လေ့လာကြည့်ရှုသင့်သည့် သမိုင်းဝင်နေရာတစ်ခုဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# ကလေး၊ မော်လိုက်၊ ခန္တီးခရိုင်များတွင် School Shelter၊ School Cum Shelter နှင့် Cyclone Shelter များ တည်ဆောက်မှု ၈၀ ရာခိုင်နှုန်းပြီးစီး

**မုံရွာ မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းမြစ်ရိုးတစ်လျှောက်နှင့် မြစ်သာမြစ်ရိုးတစ်လျှောက်ရှိ ကလေး၊ မော်လိုက်၊ ခန္တီးခရိုင်များတွင် School Shelter၊ School Cum Shelter နှင့် Cyclone Shelter များ တည်ဆောက်မှု ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစဝ်လီဖရန့်က ပြောကြားသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် တည်ဆောက်ပေးလျက်ရှိသော Shelter များမှာ ဖောင်းပြင်မြို့နယ် အမှတ်(၈၇) မူလွန်းကျောင်းတွင် School Cum Shelter တစ်လုံးကို ငွေကျပ် ၁၈၁ ဒသမ သုည သန်းဖြင့်လည်းကောင်း၊ ဟဲလှော်ကျေးရွာတွင် School Shelter တစ်လုံးကို ငွေကျပ် ၁၅၅ ဒသမ ၈၁၀ သန်းဖြင့်လည်းကောင်း၊ သရောင်းကျေးရွာတွင် Shelter တစ်လုံးကိုလည်းကောင်း တည်ဆောက်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

**တည်ဆောက်လျက်ရှိ**

ထို့ပြင် ဟုမ္မလင်းမြို့နယ်တွင် မုက္ကလိ (အမက)ကျောင်းတွင် School Shelter တစ်လုံးကို ငွေကျပ် ၁၆၄ ဒသမ ၈၀၀ သန်းဖြင့်လည်းကောင်း၊ ကလေးမြို့ အမှတ်(၃) တောင်ဦး၊ ပြင်သာကျေးရွာတွင် School Cum Shelter တစ်လုံးကို ၁၉၆ ဒသမ သုည သန်းဖြင့်လည်းကောင်း၊ သဖန်းအိုင်ကျေးရွာတွင် School Cum Shelter တစ်လုံးကို ၁၉၆ ဒသမ သုည သန်းဖြင့်လည်းကောင်း၊ နတ်မြောင်းကျေးရွာ Cyclone Shelter တစ်လုံးကို ၁၅၃ ဒသမ ၂၂၀ သန်းဖြင့်လည်းကောင်း၊ ခန္တီးမြို့ ပေါမိုင်းရပ်ကွက် အမက(၁) သာစည်ကျောင်းတွင် School Shelter တစ်လုံးကို ငွေကျပ် ၁၆၄ ဒသမ ၈၀၀ သန်းဖြင့်လည်းကောင်း၊ မော်လိုက်မြို့နယ် ကြာအင်းကျေးရွာတွင် School Cum Shelter တစ်လုံးကို ၁၅၅ ဒသမ ၈၁၀ သန်းဖြင့်လည်းကောင်း၊ ကင်းတပ်ရွာတွင် School Cum Shelter တစ်လုံးကို ၁၅၅ ဒသမ ၈၁၀ သန်းဖြင့်လည်းကောင်း တည်ဆောက်လျက်ရှိပါကြောင်း ၎င်းက ပြောကြားသည်။

လေပြင်းဒဏ်နှင့် ရေးကြီးနစ်မြုပ်မှုများ ခံစားရသည့်အတွက် School Shelter၊ School Cum Shelter နှင့် Cyclone Shelter တည်ဆောက်ပေးခြင်းဖြစ်ကြောင်း၊ သဘာဝဘေးမဖြစ်လျှင် စာသင်ကျောင်းအဖြစ် အသုံးပြုမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးစဝ်လီဖရန့်က ပြောကြားသည်။

မွေးကြူဇင်


ဖောင်းပြင်မြို့နယ်၊ ဟဲလှော်ကျေးရွာ၊ အမကကျောင်းဝင်းအတွင်း၌ Glaxy Star ကုမ္ပဏီမှ School Cum Shelter ဆောက်လုပ်ပြီးစီးမှုကို တွေ့ရစဉ်။

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

နိုင်ငံတော်၏ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှအထောက်အကူပြုရာတွင် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါ ရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝမှန်မှန်ကန်ကန်ရရှိစေရေးတို့အား အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာနမှ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် ကျား ၅၅၉၂ ဦး၊ မ ၁၆၀၄၉ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ် စုစုပေါင်း ၂၁၆၄၁ ဦးချုပ်ဆိုခဲ့သည်။ အလုပ်ရှင်/ အလုပ်သမားအငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း လက်ခံရရှိမှု ၁၇၄ မှုတွင် အခြားဌာနသို့ လွှဲပြောင်းမှု ၁၀ မှု၊ ကျေအေးမှု ၄၁ မှု၊ ခုံသမာဓိအဖွဲ့သို့လွှဲပြောင်းမှု ၂၆ မှု၊ ပိတ်သိမ်းမှု ၁၁ မှု၊ ငွေကြေးအကျိုးခံစားခွင့် ၄၈ မှုနှင့် လက်ကျန်အမှု ၃၈ မှုတို့ဖြစ်ပြီး ငွေကြေးအကျိုးခံစားခွင့်ရှိသူ ၁၉၃ ဦးအား ငွေကျပ် ၁၀၃၁၀၀၆၅၀ ကို ခံစားခွင့်ရရှိစေခဲ့သည်။ ကျွမ်းကျင်လုပ်သားများရရှိစေရန် လေ့ကျင့်ပေးခြင်းနှင့် ကျွမ်းကျင်မှုအဆင့်အလိုက် ကျွမ်းကျင်လုပ်သားများအား ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်၍ အသိအမှတ်ပြုလက်မှတ်များထုတ်ပေးခြင်းများအနေဖြင့် အောက်ပါအတိုင်းဖြစ်သည်-

**ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများတွင် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း ဖွင့်လှစ်ခဲ့သော သင်တန်းများစာရင်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | သင်တန်းသားဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း |
| ၁။ | စက်ချုပ်သင်တန်း(မြောက်ဒဂုံ) | ၁၀-၂-၂၀၂၀ မှ ၆-၄-၂၀၂၀အထိ | ၂ | ၂၂ | ၂၄ |
| ၂။ | စက်ပြင်သင်တန်း(မြောက်ဒဂုံ) | ၁၀-၂-၂၀၂၀ မှ ၆-၄-၂၀၂၀အထိ | ၅ | - | ၅ |
| ၃။ | ကြီးကြပ်ရေးမှူးသင်တန်း (မြောက်ဒဂုံ) | ၆-၂-၂၀၂၀ မှ ၂၉-၂-၂၀၂၀အထိ | ၁ | ၂၆ | ၂၇ |
| ၄။ | ဆရာဖြစ်သင်တန်း(မြောက်ဒဂုံ) | ၆-၂-၂၀၂၀ မှ ၂၅-၂-၂၀၂၀အထိ | - | ၅ | ၅ |
| ၅။ | ပြည်ပအလုပ်အကိုင်ဆိုင်ရာလမ်းညွှန် သင်တန်း (မြောက်ဒဂုံ) | ၁-၂-၂၀၂၀ မှ ၂၆-၂-၂၀၂၀ အထိ | ၃၂၂၅ | ၇၉၄ | ၄၀၁၉ |
| ၆။ | ပြည်ပအလုပ်အကိုင်ဆိုင်ရာလမ်းညွှန် သင်တန်း (မန္တလေး) | ၁၃-၂-၂၀၂၀ မှ ၁၅-၂-၂၀၂၀ အထိ | ၆၁၇ | ၁၀၁ | ၇၁၈ |
| | စုစုပေါင်း | | ၃၈၅၀ | ၉၄၈ | ၄၇၉၈ |

**၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် စစ်ဆေးခဲ့သောကျွမ်းကျင်လုပ်သားများအား ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းဇယား**

| စဉ် | အလုပ်အကိုင်အမည် | အဆင့် | ဖြေဆိုသူ | | | အောင်မြင်သူ | | |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁။ | Garment | Level-1 | ၁၀၄ | ၁၉၅ | ၂၉၉ | ၉၂ | ၁၇၈ | ၂၇၀ |
| ၂။ | Rubber | Level-1 | ၂၈ | ၁၂ | ၄၀ | ၂၆ | ၁၂ | ၃၈ |
| ၃။ | Air Con | Level-1 | ၁၀၄ | - | ၁၀၄ | ၁၀၂ | - | ၁၀၂ |
| ၄။ | MMAW | Level-1 | ၇ | - | ၇ | ၆ | - | ၆ |
| ၅။ | Gmaw | Level-1 | ၁၆ | - | ၁၆ | ၁၆ | - | ၁၆ |
| ၆။ | FCAW | Level-1 | ၇ | - | ၇ | ၆ | - | ၆ |
| ၇။ | Machinist | Level-1 | ၁၂ | - | ၁၂ | ၁၂ | - | ၁၂ |
| ၈။ | Forklift | Level-1 | ၁၀ | - | ၁၀ | ၁၀ | - | ၁၀ |
| ၉။ | Electrician | Level-1 | ၈၈ | - | ၈၈ | ၈၆ | - | ၈၆ |
| | စုစုပေါင်း | | ၃၇၆ | ၂၀၇ | ၅၈၃ | ၃၅၆ | ၁၉၀ | ၅၄၆ |
| ၁။ | Electrician | Level-2 | ၂၀ | - | ၂၀ | ၁၈ | - | ၁၈ |
| ၂။ | Pneumatic | Level-2 | ၁၈ | ၁ | ၁၉ | ၁၈ | ၁ | ၁၉ |
| | စုစုပေါင်း | | ၃၈ | ၁ | ၃၉ | ၃၆ | ၁ | ၃၇ |
| | စုစုပေါင်း (Level-1 & Level-2) | | ၄၁၄ | ၂၀၈ | ၆၂၂ | ၃၉၂ | ၁၉၁ | ၅၈၃ |

အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူအလုပ်ပိတ်ရက်အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူ အလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရောဂါတခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၄၄၀၀ ကျော်ကို ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ/အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေးအရာရှိများက စက်ရုံ/အလုပ်ရုံ ၃၀၃ ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့်ဥပဒေရေးရာသိမှတ်ဖွယ်ရာများအား ပညာပေးဟောပြောပို့ချမှု ၂၀၇ ကြိမ် ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် အလုပ်ရှင်အလုပ်သမားအငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ရာ၌ ခုံသမာဓိအဖွဲ့တွင်(၉)မှုနှင့် ခုံသမာဓိကောင်စီတွင်(၆)မှုကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သောစက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၁၄၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၁၃၄၈ ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၁၄၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည်-

**ဆေးဝါးကုသပေးမှုအခြေအနေ**

| စဉ် | အကြောင်းအရာ | ဆေးကုသပေးမှုဦးရေ |
|---|---|---|
| က | အလုပ်သမားဆေးရုံကြီး (၃)ရုံ (ပြင်ပလူနာ ၈၅၂၃ ဦး ၊ အတွင်းလူနာ ၅၂၈ ဦး) | ၉၀၅၁ ဦး |
| ခ | လူမှုဖူလုံရေးဆေးခန်း(၉၆)ခန်း၊ တိုင်းရင်းဆေးခန်း၊ ဌာနကြီးဆေးခန်း(၅၈)ခန်းနှင့် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်း(၉)ခန်းနှင့် PPS စနစ်ဖြင့် စာချုပ်ချုပ်ဆိုထားသည့် ဆေးခန်း (၇)ခန်း တို့မှ ဆေးကုသပေးမှု | ၁၀၁၂၉၅ ဦး |
| ဂ | အလုပ်သမားဆေးရုံကြီး (၃)ရုံ မှ ဆရာဝန်များ ကွင်းဆင်းဆေးကုသပေးမှု (၃)ကြိမ် | ၇၂၉ ဦး |
| ဃ | လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များကွင်းဆင်းဆေးကုသမှု (၁၂၁)ကြိမ် | ၂၄၂၄ ဦး |
| င | နယ်လှည့်ဆေးကုသယာဉ် (MMU) ဖြင့်အလုပ်ဌာန (၉၈) ဌာနရှိ အာမခံအလုပ်သမားများအား ဆေးကုသပေးမှု | ၅၇၀၄ ဦး |

## ရွှေဘိုမြို့၌ မီးဘေးနှင့်ငလျင်ဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်

ရွှေဘို မတ် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် အထပ်မြင့် အဆောက်အဦ၌ မီးဘေးနှင့်ငလျင်ဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်မှုဆောင်ရွက်ခြင်းကို ရွှေဘိုမြို့ အမှတ် (၁၀) ရပ်ကွက် မြတောင်ရပ် ရန်ကြီးအောင် အငှားအိမ်ရာ ငါးထပ်တိုက်၌ ယနေ့နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်က ရန်ကြီးအောင်အငှားအိမ်ရာ ငါးထပ်တိုက်တွင် နေထိုင်ကြသော ပြည်သူ ၅၀ ခန့်အား မီးဘေးအန္တရာယ်နှင့် ငလျင်ဘေးအန္တရာယ်ကြုံတွေ့ပါက လိုက်နာရမည့်အချက်များကို ပညာပေးဆွေးနွေးသည်။ မီးလောင်မှုကို မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်ခြင်း၊ ရေစိုအဝတ်ဖြင့် ငြိမ်းသတ်ခြင်း၊ ဂက်စ်အိုးမီးလောင်မှု ငြိမ်းသတ်သရုပ်ပြသခြင်း၊ အထပ်အမြင့်မှ လူနာကယ်ဆယ်မှု သရုပ်ပြသခြင်း၊ အထပ်အမြင့်တိုက်မီးလောင်မှုကို မီးငြိမ်းသတ်သရုပ်ပြသခြင်း၊ အသက်ရှူကိရိယာ ဝတ်ဆင်၍ လူနာကယ်တင်ခြင်း၊ လှေကားတင်ယာဉ်ဖြင့် အထပ်အမြင့်တိုက်မီးငြိမ်းသတ်မှု သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးသောက်(ရွှေဘို)



# ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတက္ကသိုလ်များနှင့် ၂၁ ရာစု အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု(အပိုင်း-၆)


ဒေါက်တာမျိုးကြွယ် (ဆင်ပေါင်ဝဲ)

ကျွန်တော်သည် ၁၉၈၆ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ဩစတြေးလျနိုင်ငံ ကွင်းစလန်တက္ကသိုလ်တွင် မဟာစိုက်ပျိုးရေးပညာ သင်ယူခဲ့ပါသည်။ တက္ကသိုလ်မှ ကျောင်းပြီးခဲ့သည်မှာ အနှစ် ၃၀ ကျော်ရှိပြီဖြစ်သော်လည်း ကျွန်တော်သည် ကျောင်းသားဟောင်းတစ်ယောက်ဖြစ်သည့်အတွက် လစဉ်ထုတ်မဂ္ဂဇင်း၊ ဂျာနယ်နှင့် အခြားဆက်သွယ်မှုမျိုးစုံကို ယနေ့အထိ စာတိုက်မှပေးပို့၍လည်းကောင်း၊ အီလက်ထရွန်နစ်စာပို့စနစ် အီးမေးလ်ဖြင့် လည်းကောင်း၊ အင်တာနက်အွန်လိုင်းစနစ်ဖြင့် လည်းကောင်း ရရှိဖတ်ရှုနေဆဲ ဖြစ်ပါသည်။

ကွင်းစလန်တက္ကသိုလ်မှာ ကျွန်တော်အပါအဝင် ပြည်တွင်း၊ ပြည်ပကျောင်းသားဟောင်းပေါင်း ၂၇၈၀၀၀ ရှိပါသည်။ နှစ်စဉ်နှစ်တိုင်း ကျောင်းသားဟောင်းအသင်း (UQ Alimni and Community) မှ တက္ကသိုလ်အတွက် ရန်ပုံငွေ အနည်းဆုံးတစ်ဒေါ်လာ၊ ငါးဒေါ်လာမှစ၍ တတ်နိုင်သည့်ပမာဏ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း မေတ္တာရပ်ခံ အလှူငွေတောင်းခံလွှာကို စာတိုက်နှင့်အွန်လိုင်းမှ နှစ်စဉ်ပေးပို့ပါသည်။ တစ်ကမ္ဘာလုံးရှိ ကျောင်းသားပေါင်း သုံးသိန်းနီးပါးထံမှ တက္ကသိုလ်အတွက် ရန်ပုံငွေ (Endowment) ဩစတြေးလျဒေါ်လာ သန်းပေါင်း ၂၂၄သန်းကျော်အထိ စုဆောင်းထားနိုင်ပြီဟု စာရင်းတွင် ဖော်ပြထားပါသည်။ ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့သည့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင်လည်း စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း (Agriculture University Alumni Association) ရန်ပုံငွေ ထူထောင်ထားရာ ကျပ်သိန်းတစ်ထောင်နီးပါး ရှိပါသည်။

ရန်ကုန်တက္ကသိုလ်မှ ဆရာတစ်ဦးကို ရန်ကုန်တက္ကသိုလ်ဘွဲ့ရကျောင်းသားဟောင်းများအသင်း (Yangon University Alumni) မထူထောင်ထားဘူးလားဟု မေးမြန်းကြည့်ရာ ဘာသာရပ်အလိုက် (ဥပမာ မြန်မာစာ၊ သင်္ချာ၊ ဓာတုဗေဒ) အသင်းများဖြင့်သာ လှုပ်ရှားနေကြ၍ တက္ကသိုလ်ကြီးတစ်ခုလုံး၏ Alumni လှုပ်ရှားမှုမှာ အားနည်းနေပါသည်ဟု ဖြေကြားဆွေးနွေးပါသည်။

ယခု ကျွန်တော် ဆက်လက်ဆွေးနွေးလိုသည်မှာ ကွင်းစလန်တက္ကသိုလ် ကျောင်းသားဟောင်းများအသင်းက ဦးဆောင်၍ ကျောင်းသားဟောင်းများအတွက် မိမိအိမ်မှာ၊ ရုံးမှာနေရင်းဖြင့် Free Online Course သင်ခန်းစာအသစ်များကို အခမဲ့ (သို့မဟုတ်) ကျောင်းလခ အနည်းငယ်သာ ကောက်ခံပြီး




၂၁ ရာစု အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု

ဘဝတစ်သက်တာ သင်ယူခြင်း (Life Long Learning) နည်းစနစ်ကို ကျင့်သုံးတော့မည်ဆိုပြီး ဖိတ်ခေါ်ခြင်းများ စတင်ပြုလုပ်လာပါသည်။

သင်ကြားပေးမည့် ဘာသာရပ်မှာ ဥပမာ အုပ်စုလိုက်လုပ်ဆောင်နည်း (Working in Teams)၊ ခန္ဓာကိုယ်ကျန်းမာရေး တိုးတက်အောင် ပြုလုပ်နိုင်သော နည်းလမ်းများ (Improving the Physical Health of People)၊ လူမှုရေးစိတ်ပညာအခြေခံ (Introduction to Social Psychology)၊ လက်တွေ့ဘဝ၌ သိပ္ပံနည်းကျတွေးခေါ်ခြင်း (Scientific Thinking in Real Life)၊ အလုပ်အကိုင်ရရှိနိုင်ရေးသော့ချက် (Unlocking your employability)၊ ဩစတြေးလျနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်အကြောင်း နားလည်စေခြင်း (Understanding the Australian Health Care System)၊ နိုင်ငံတကာအဆင့် အဆင့်မြင့်ပညာရေးဆိုင်ရာ အင်္ဂလိပ်စာစစ်ဆေးခြင်းကို ဖြေဆိုရန် ပြင်ဆင်ခြင်း (IELTS Academic Test Preparation)၊ အပူပိုင်းဒေသ ဂေဟစနစ် (Tropical Ecosustems)၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနှင့် လက်တွေ့လုပ်ခြင်း (The Science and Practice of Sustainable Development)၊ အကျိုးရှိသော ခေါင်းဆောင်ဖြစ်ပေါ်စေရန် အချက်များ (Becoming an Effective Leader)၊ ဆန်းစစ်ဝေဖန်အကဲဖြတ်မှုတိုးတက်စေခြင်းနှင့် ရှုထောင့်အမျိုးမျိုး (Critical Development Perspectives)၊ အဖွဲ့အစည်းတစ်ခုခုကို ဦးဆောင်ခြင်း (Leading the Organization)၊ တီထွင်ဖန်တီးနိုင်စွမ်း အစဖော်ခြင်း (Creativity for Innovation)၊ အတွေးအခေါ် အကြံအစည်ကောင်း ဖွံ့ဖြိုးတိုးတက်လာစေခြင်း (Idea Development)၊ အင်္ဂလိပ်သဒ္ဒါနှင့် နည်းပုံစံ (English Grammar and Style)၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှု (Tourism and Management)၊ အရောင်းအဝယ်လုပ်ငန်း ခေါင်းဆောင်နိုင်မှု (Business Leadership)၊ စွမ်းအင်နှင့် ဖွံ့ဖြိုးတိုးတက်မှု (Energy and Development) စသည်ဖြင့် ဘာသာရပ်ပေါင်းများစွာ ရွေးချယ်လေ့လာနိုင်ပါသည်ဆိုပြီး ဖော်ပြထားပါသည်။


Online တွင် ဘာသာရပ်တစ်ခုလျှင် သင်တန်းသားဦးရေ တစ်သောင်းမှ သုံးသောင်းနီးပါးအထိ မှတ်ပုံတင်ထားသည်ကို တွေ့ရှိနိုင်ပါသည်။ အသက်ကန့်သတ်ချက်မရှိဘဲ ကွန်ပျူတာပညာတတ်သိသူ (Computer Literacy) နှင့် အွန်လိုင်းကွန်ရက် (Online Network) သိရုံဖြင့် မိမိအိမ်၊ ရုံးမှပင် သင်တန်းသားအဖြစ် မှတ်ပုံတင်ပြီး လေ့လာသင်ယူနိုင်သောစနစ်ဖြစ်သဖြင့် အလွန်အကျိုးရှိသော ဘာသာရပ်များ ဖြစ်ပါသည်။

ကျွန်တော့်ကို ကျမ်းကြီးကြပ်ပေးသော ပါမောက္ခဆရာသည် ယခု အသက် ၈၀ ကျော်ပါပြီ။ စိုက်ပျိုးရေးဌာနတွင် ဂုဏ်ထူးဆောင်ပါမောက္ခလုပ်ရင်း ဘာသာရပ်အသစ်တစ်ခုဖြင့် ပါရဂူဘွဲ့သင်တန်းကို အချိန်ပိုင်းတက်ရောက်နေပါပြီ။ စင်ကာပူနိုင်ငံတွင်လည်း ကျောင်းသား ကျောင်းသူအများစုသည် ပိုလီတက္ကနစ်ကျောင်းများတွင် တက်ရောက်ပညာသင်ကြားပြီး အလုပ်ကို အရင်ဝင်လုပ်ကြပါသည်။ ပြီးမှတက္ကသိုလ်တွင် ညနေပိုင်း၊ အချိန်ပိုင်း ည ၇ နာရီမှ ၁၀နာရီအထိ ဘွဲ့၊ ဒီဂရီရအောင် ကျောင်းတက်ကြသည်ဟု ပြောပါသည်။

ကျွန်တော်တို့နိုင်ငံတွင် ညနေပိုင်း တက်ရောက်ရသော လုပ်သားများကောလိပ်ပုံစံမျိုး သင်တန်းများ ပြန်လည်သင်ကြားနိုင်မည်ဆိုပါက ဆရာနှင့် ကျောင်းသားများ မျက်နှာချင်းဆိုင်တွေ့ရ၍ တချို့လေ့ကျင့်ခန်းများ၊ စာစဉ်များကို လိမ်ညာပြီး တင်နေသည့် အခြေအနေများ လျော့ပါးသွားနိုင်ပါသည်။ ကျောင်းလခကိုတော့ အချိန်ပိုသင်ပေးရသော ဆရာ ဆရာမများ ညဏ်ပူဇော်ခအတွက် အနည်းငယ် ပိုယူရပါမည်။ ၁၉၇၄ ခုနှစ် မကွေးမြို့တွင် တက္ကသိုလ်ဝင်တန်းတက်စဉ်က ကျွန်တော်၏ သူငယ်ချင်းဖြစ်သူသည် ထိုကဲ့သို့ အစီအစဉ်မျိုးရှိပါက သူကျောင်း ပြန်တက်ချင်ကြောင်းကို ပြောပြပါသည်။

ယခု ၂၁ ရာစု အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု (21st Century Skills) ၁၂ ချက်တွင်-

(၁) ဆန်းစစ်ဝေဖန်၊ နှိုင်းချိန်တွေးခေါ်နိုင်စွမ်း (Critical Thinking)၊
(၂) ထိုးထွင်းတီထွင်နိုင်စွမ်း (Creativity)၊
(၃) ပူးပေါင်းဆောင်ရွက်နိုင်စွမ်း (Collaboration)၊
(၄) ပေါင်းသင်းဆက်ဆံရေး (Communication)၊
(၅) သတင်းအချက်အလက်ပညာ တတ်မြောက်ခြင်း (Information Literacy)၊
(၆) လူထုဆက်သွယ်ရေးပညာ (Media Literacy)၊
(၇) ခေတ်မီနည်းပညာ (Technology Literacy)၊
(၈) ပြုပြင်ပြောင်းလဲနိုင်စွမ်း (Flexibility)၊
(၉) ခေါင်းဆောင်နိုင်မှုစွမ်းရည် (Leadership)၊
(၁၀) ပဏာမစတင်စွမ်းဆောင်နိုင်မှု (Initiative)၊
(၁၁) ကုန်ထုတ်လုပ်နိုင်မှုစွမ်းအား (Productivity)၊
(၁၂) လူမှုနယ်ပယ်အမျိုးမျိုးတွင် ဦးဆောင်နိုင်စွမ်းရည် (Social Skills) (ဥပမာ လူအများရှေ့တွင် စကားပြောနိုင်ခြင်း၊ လူပေါင်းစုံနှင့် ခေါင်းဆောင်မှုတွင်သာမက နောက်လိုက်ကောင်းလည်း ပြုလုပ်နိုင်ခြင်း) တို့ ပါဝင်သည်။




၂၁ ရာစု အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု

တက္ကသိုလ်များတွင် နေ့သင်တန်း၊ အဝေးသင်ဘာသာရပ်များကို ယခင် ရှေးရိုးစွဲနည်းအတိုင်း မြန်မာစာ၊ သင်္ချာ၊ ဓာတုဗေဒ စသည်တို့ချည်းပဲ သီးခြားသင်ကြားခြင်းမဟုတ်ဘဲ အထက်ပါ ၂၁ ရာစု ကျွမ်းကျင်မှုများကို ထပ်မံပေါင်းစပ် ပြုပြင်ပြောင်းလဲသင်ကြားပေးနိုင်ပါက ဘွဲ့ရပြီးလျှင် အလုပ်အကိုင်အတွက်လည်း အဆင်သင့်ဖြစ်ကာ ကျွန်တော်တို့အနေဖြင့် အခြားနိုင်ငံများကဲ့သို့ ရင်ပေါင်တန်းလိုက်နိုင်မည်မှာ ဧကန်မလွဲဖြစ်ပါသည်။ ။

Online တွင် ဘာသာရပ်တစ်ခုလျှင် သင်တန်းသားဦးရေ တစ်သောင်းမှ သုံးသောင်းနီးပါးအထိ မှတ်ပုံတင်ထားသည်ကို တွေ့ရှိနိုင်ပါသည်။ အသက်ကန့်သတ်ချက်မရှိဘဲ ကွန်ပျူတာပညာတတ်သိသူ (Computer Literacy) နှင့် အွန်လိုင်းကွန်ရက် (Online Network) သိရုံဖြင့် မိမိအိမ်၊ ရုံးမှပင် သင်တန်းသားအဖြစ် မှတ်ပုံတင်ပြီး လေ့လာသင်ယူနိုင်သောစနစ်ဖြစ်သဖြင့် အလွန်အကျိုးရှိသော ဘာသာရပ်များဖြစ်

## ကိုးဘွဲ့ရကျောင်းတိုက်၌ အမြတ်ဆုံး ဘုရား၊ သိမ်၊ ကျောင်းဒကာ ခံယူပါ

နိုင်ငံကျော်ဓမ္မကထိက၊ ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ တည်ထောင်သည့် ကိုးဘွဲ့ရကျောင်းတိုက်အတွင်း၌ (၁) ဘုရားစေတီအလှူ ငါးသောင်း၊ (၂)သိမ်အလှူ ငါးသောင်း၊ (၃)ကျောင်းအလှူ ငါးသောင်း၊ (၄) မြေအလှူ ငါးသောင်း၊ (၅) အုတ်တံတိုင်းအလှူ ငါးသောင်း၊ (၆) ပစ္စည်းလေးပါးပဒေသာပင်အလှူ ငါးသောင်းတို့ကို ရန်ကုန်မြို့၊ မြောက်ဒဂုံ၊ (၄၂)၊ ဗိုလ်ဗထူးလမ်း၊ ကိုးဘွဲ့ရကျောင်းသို့ဖြစ်စေ၊ အရှင်အာစာရာလင်္ကာရ၊ မြောက်ဥက္ကလာပ ကမ္ဘောဇဘဏ်အကောင့် (07030101600514001) သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ပါပြီ။

**ဖုန်း-၀၉-၇၈၇၈၇၇၉၆၉၊ ၀၉-၉၆၄၄၄၉၀၃၀**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်း အမျိုးအမည် |
|---|---|---|
| ၁ | ၂၃၅/မမ (CE) | ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း (Phase-1)ရန်ကုန်- တောင်ငူလမ်းပိုင်း၊ CP-103 (ညောင်လေးပင်-တောင်ငူ) အပိုင်းရှိ Level Crossing များတွင် Chain Link ခြံစည်းရိုး (၁၀၀၀-ပေ)ရှစ်အားဖြည့်တင်ကိုး ဆောင်ရွက်ခြင်းလုပ်ငန်း |
| ၂ | ၂၃၆/မမ(CE) | ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း (ODA Loan) မြစ်ငယ်ကွန်ကရစ်စလီပါအကော်ရုံတွင် FD Clip ထွန်ကရစ်စလီပါအား ထုတ်လုပ်ခြင်းလုပ်ငန်း (၉၉,၀၀၀-တုံး) |
| ၃ | ၂၃၇/မမ (CE) | မော်လမြိုင်-ရေး ရထားလမ်းပိုင်းတွင် ဝါးတား(၂)ခင်း တည်ဆောက်ခြင်း၊ မော်လမြိုင်-ရေး လမ်းပိုင်း၊ သံလွင်ကျွန်းတံတားချဉ်းကပ်လမ်းတွင် သတ်မှတ် အရည်အသွေးနှင့် ကိုက်ညီသော ကောင်လုန်းမြေ (၃၇၀၇၅) ကျင်း ဖြည့်ခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့် နေ့/အချိန် -အမှတ်စဉ် (၁) ( ၆.၄.၂၀၂၀) (၁၄:၃၀)နာရီ

-အမှတ်စဉ် (၂)နှင့် (၃)ထိ ( ၂၂.၄.၂၀၂၀) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာန တွင် ( ၂၃.၃.၂၀၂၀)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့စုံစမ်းနိုင်ပါသည်။

ဆောက်လုပ်ရေးဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၀ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291985, 291994







## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပေါင်းလောင်း(၂) ရပ်ကွက်၊ (၁၈)လမ်း၊ အမှတ်(၇၈၂) နေ ဦးဇော်မျိုး[၉/ပမန(နိုင်)၁၂၆၉၈၉]မှ ဒေါ်စန္ဒာမြင့်(ဘ) ဦးသောင်း[၁၂/မဘန(နိုင်)၀၂၄၅၇၀]ထံသို့ ပျဉ်းမနားမြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၂၄-၁-၂၀၁၇ ရက်တွင် လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၀၁၂/၂၀၁၇)အား ယနေ့မှစ၍ အပြီးအပိုင် ရုပ်သိမ်းပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေသဇင်ချစ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၃၆)**
**ဖုန်း-၀၉-၄၃၁၁၂၂၄၀**




## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ အပူစွမ်းအင်သုံးစက်ရုံများဌာနလက်အောက်ရှိသာကေတစက်ရုံနှင့်သီလဝါဓာတ်အားပေးစက်ရုံများအတွက် ဒီဇယ်ဆီဂါလန်(၈၀၀၀၀၀)(ဂါလန် ရှစ်သိန်း)ကို Tender No. 97/EPGE/2019-2020 (မြန်မာကျပ်ငွေ)ဖြင့် သက်ဆိုင်ရာစက်ရုံ ဆီသိုလှောင်ကန်(Tank)များအတွင်းသို့ အရောက်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် | - | ၂၄-၃-၂၀၂၀ ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၂၂-၄-၂၀၂၀ ရက် |
| တင်ဒါပိတ်မည့်အချိန် | - | (၁၀:၀၀)နာရီ |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**(ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉)**




အသက် ၄၀ ကျော်လာရင်
ကြွက်သားဆုံးရှုံးမှု တွေ
ရှိလာနိုင်ပါတယ်။
လမ်းမလျှောက်နိုင်တဲ့အထိ စောင့်မနေပါနဲ့ ...
HMB
Ensure Gold
HMB
Ensure Gold
ကြွက်သားများ
သန်စွမ်းကျန်းမာလို့
မတ်မတ်ရပ်ကြစို့ ...

# ထိုင်း-မြန်မာနယ်စပ် အမှတ်(၂)ချစ်ကြည်ရေးတံတား မတ် ၂၃ ရက် ညနေပိုင်းအထိ ဖွင့်လှစ်ပေးမည်ဟု သိရ

မြဝတီ မတ် ၂၂

ထိုင်း-မြန်မာနယ်စပ် အမှတ်(၂)ချစ်ကြည်ရေးတံတားမှ နယ်စပ်အဝင်အထွက် ဖြတ်ကျော်သွားလာကြမည့် မြန်မာအလုပ်သမားများ အဆင်ပြေကြစေရန်အတွက် နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်မှုဖြင့် ယာယီဆိုင်းငံ့ရက်အား မတ် ၂၃ ရက် ညနေပိုင်းအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ကရင်ပြည်နယ် မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်ထံမှ သိရသည်။

### နေရပ်ပြန်အလုပ်သမား ၆၀၀၀ ကျော်ရှိ

မြဝတီမြို့ ထိုင်း-မြန်မာနယ်စပ် အမှတ်(၂)ချစ်ကြည်ရေးတံတားအား ပုံမှန်အားဖြင့် ညနေ ၆ နာရီတွင် ပိတ်ခဲ့သော်လည်း နေရပ်ပြန်အလုပ်သမားများ အဆင်ပြေစေရန်အတွက် ည ၁၂ နာရီအထိ အဝင်လက်ခံပေးခဲ့ကြောင်း၊ ထိုင်း-မြန်မာနယ်စပ် အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် မြဝတီဘက်သို့ ဝင်ရောက်ကြသည့် နေရပ်ပြန်မြန်မာအလုပ်သမားဦးရေမှာ ယနေ့နံနက်ပိုင်းမှ ညပိုင်းအထိ ၆၀၀၀ ကျော်ရှိခဲ့သည်။

### ဖွင့်လှစ်သွားမည်

ကနဦးကြေညာချက်တွင် ခရီးသွားပြည်သူများ ဝင်ထွက်သွားလာမှုကို မတ် ၂၃ ရက်မှစတင်၍ ပိတ်သွားမည်ဖြစ်သော်လည်း နှစ်နိုင်ငံတာဝန်ရှိသူများ၏ ညှိနှိုင်းမှုအစီအစဉ်အရ ယင်းနေ့ ညနေပိုင်းအထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြဝတီခရိုင် အုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ သိရသည်။

ပွင့်သစ္စာ၊ ထိန်လင်းအောင်(ပြန်/ဆက်)



မတ် ၂၂ ရက်က မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂)တွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ဝင်ရောက်လျက်ရှိသည်ကို တွေ့ရစဉ်။

## ဒိုင်ဘာလာနဲ့ မယ်ဒီနီတို့ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ခံရ




ဂျူဗင်တပ်အသင်းနဲ့ အာဂျင်တီးနားအသင်းတို့ရဲ့ တိုက်စစ်မှူးဖြစ်သူ ဒိုင်ဘာလာနဲ့ အီတလီအသင်းခေါင်းဆောင်ဟောင်း ပါအိုလိုမယ်ဒီနီတို့ဟာ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ခံထားရတယ်လို့ ဘီဘီစီသတင်းတစ်ရပ်က မတ် ၂၂ ရက်တွင် ဖော်ပြထားပါတယ်။

တိုက်စစ်မှူး ဒိုင်ဘာလာနဲ့ သူ့ရဲ့ချစ်သူ အိုရီယာနာတို့ဟာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရပေမယ့် ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်နေတယ်လို့ ဒိုင်ဘာလာက သူ့ရဲ့အင်စတာဂရမ်စာမျက်နှာမှာ စာမျက်နှာ ၂၀ ကော်လံ ၃ သို့ ❖

## MNL ယူ-၂၁ ပြိုင်ပွဲတွင် ရှမ်း၊ ရတနာပုံ၊ ရခိုင်နှင့် Southern အသင်းတို့ နိုင်ပွဲရရှိ



ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ရန်ကုန် မတ် ၂၂

၂၀၂၀ ရာသီ MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၁) ပထမနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ ရှမ်းယူနိုက်တက်၊ ရတနာပုံ၊ ရခိုင်နှင့် Southern အသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

ပထမနေ့တွင် YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရန်ကုန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲအစတွင် စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ○

## ကြေးမုံ ယနေ့ဖတ်စရာ


■ တရုတ်နိုင်ငံ၏ ဗိုင်းရပ်စ်တိုက်ဖျက်ရေးနည်းလမ်းများကို အခြားနိုင်ငံများက လိုက်နာဆောင်ရွက်သင့် စာမျက်နှာ » ၁၂

■ COVID-19 ရောဂါ စောင့်ကြည့်လူနာများထားရှိရန် သိမ်ဖြူလက်ဝှေ့ရုံ ဆေးဖျန်း စာမျက်နှာ » ၁၈

■ ပင်လည်ဘူးမြို့၌ ကျေးရွာ ရှစ်ရွာတွင် တွင်းနက်စက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေး စာမျက်နှာ » ၂၀

■ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတက္ကသိုလ်များနှင့် ၂၁ ရာစု အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု(အပိုင်း-၆) ဆောင်းပါး စာမျက်နှာ » ၂၅



